# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်၊ တနင်္လာနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၄၀]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာများပေးပို့

နေပြည်တော် နိုဝင်ဘာ ၉

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကမ္ဘောဒီးယားနိုင်ငံ ဘုရင် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်တို့၌ မဲဆန္ဒရှင်ပြည်သူများ အားတက်သရော ဆန္ဒမဲပေးကြ

နေပြည်တော် နိုဝင်ဘာ ၈

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ယနေ့နံနက် ၆ နာရီမှစတင်၍ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၂၆ နေရာ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ နေရာနှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် မဲဆန္ဒရှင်ပြည်သူများက ဆန္ဒမဲပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❁



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ မှတ်ပုံတင်ကတ်နှင့် မဲဆန္ဒရှင်သက်သေခံလက်မှတ်ကိုင်ဆောင်ပြသပြီး ဆန္ဒမဲပေးရန် တန်းစီနေစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

## မဟုတ်မမှန်အခြေအမြစ်မရှိ စွပ်စွဲမှုများသည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို စွက်ဖက်ရာရောက် ပြည်သူများအပေါ် အထင်အမြင်လွဲမှားစေရန် ပြုလုပ်ရာရောက်သည့်လုပ်ရပ်များအား ကန့်ကွက်

စာမျက်နှာ - ၇




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## အသွင်ကူးပြောင်းရေးကာလ တည်ငြိမ်ရေးအလေးထား

ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ရွေးကောက်ပွဲသမိုင်းတစ်လျှောက်တွင် နိုင်ငံရေးအင်အားစုများ အားလုံးပါဝင်သော သမိုင်းမှတ်ကျောက်တင်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ရွေးကောက်ပွဲဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ အောင်မြင်စွာကျင်းပခဲ့သည်။ ဤရွေးကောက်ပွဲကြီးတွင် ဝင်ရောက်အရွေးခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် အနိုင်ရသူများရှိသလို ရှုံးနိမ့်သူများလည်းရှိမည်ဖြစ်ပါသည်။

ဤအနိုင်၊ အရှုံးရလဒ်အားလုံးသည် မဲဆန္ဒရှင်ပြည်သူများ၏ အဆုံးအဖြတ်သာဖြစ်ပါသည်။ မဲဆန္ဒရှင်ပြည်သူတစ်ဦးချင်းစီ၏ ဆန္ဒမဲလက်မှတ်များဖြင့် အဆုံးအဖြတ်ပေးခြင်းဖြစ်၍ အနိုင်၊ အရှုံးကို အားလုံးက လက်ခံရမည်သာဖြစ်ပါသည်။ ဤရွေးကောက်ပွဲကြီးသည် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့လိုလားသောလွှတ်တော်ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာ မဲပေးနိုင်ခြင်း၊ မဲများရေတွက်ရာတွင်လည်း လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့်ပါတီကိုယ်စားလှယ်များ၏ရှေ့မှောက်၌ ရေတွက်ခြင်းဖြစ်၍ အမှန်တကယ်တရားမျှတသောရွေးကောက်ပွဲဖြစ်သည်ကိုတွေ့ရမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံသောပါတီတိုင်းက ရွေးကောက်ပွဲရလဒ်ကို ကိုယ်တိုင်သိရှိနိုင်ကြမည်ဖြစ်ပါသည်။ သို့အတွက်ဤရွေးကောက်ပွဲကြီးတွင် အနိုင်၊ အရှုံးရလဒ်အပေါ်အားလုံးက လက်ခံနိုင်ကြမည်ဖြစ်ပါသည်။

သို့ဖြစ်၍ရွေးကောက်ပွဲကြီးတွင်နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ အားလုံးက လက်ခံပြီးတည်ငြိမ်စွာ အသွင်ကူးပြောင်းရေး နိုင်ငံရေးအခင်းအကျင်းကို ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်ကလည်းရွေးကောက်ပွဲအကြိုမိန့်ခွန်းပြောကြားရာတွင် “ရွေးကောက်ပွဲအပြီး ကြားကာလတည်ငြိမ်အေးချမ်းမှုရှိစေဖို့အတွက်လည်း နိုင်ငံရေးအင်အားစုများမှ ခေါင်းဆောင်များနဲ့တွေ့ဆုံဆွေးနွေး အဖြေရှာသွားမှာဖြစ်ပါတယ်။ ဒီနိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကလည်း ကြားကာလ တည်ငြိမ်အေးချမ်းမှုနဲ့နိုင်ငံရေးအခင်းအကျင်းသစ်ကို ချောမွေ့ညင်သာစွာအသွင်ကူးပြောင်းစေဖို့ များစွာအထောက်အကူပြုသွားမှာဖြစ်ပါတယ်” ဟု ထည့်သွင်းပြောကြားခဲ့ပါသည်။

ဤနေရာတွင်ကြားကာလဟူသည် ကာလအပိုင်းအခြားတစ်ခုဖြစ်ပါသည်။ လက်ရှိနိုင်ငံတော်အစိုးရ ငါးနှစ်သက်တမ်းကုန်ဆုံးသည့် ကာလအပိုင်းအခြားတစ်ခုဖြစ်ပါသည်။ ထိုကြားကာလအပိုင်းအခြားအတွင်း တည်ငြိမ်စွာ အသွင်ကူးပြောင်းရေးအတွက် အားလုံးက ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ အသွင်ကူးပြောင်းရေးကာလကို တည်ငြိမ်စွာဖြတ်သန်းနိုင်အောင် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြဖို့လိုပါသည်။ နိုင်ငံတော်၏ မှန်ကန်သောစေတနာကြောင့် ပြည်သူအားလုံး တည်ငြိမ်စွာ မဲပေးနိုင်ခဲ့ကြပြီဖြစ်ပါသည်။ ဆက်လက်၍လည်းအသွင်ကူးပြောင်း ရေးကာလကို တည်ငြိမ်အောင်ဆက်လက်ထိန်းသိမ်းပြီး မြန်မာ့နိုင်ငံရေးအခင်းအကျင်းကို ဒီမိုကရေစီစနစ်နှင့်အညီ ဆက်လက်ဖြစ်ထွန်းအောင် ကြိုးပမ်းကြရဦးမည်ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


ထင်သာမြင်သာပြုပြင်စရာ

## စဉ့်ကူး-မန္တလေး-မိုးကုတ်ကားလမ်းပေါ်ရှိ အန္တရာယ်ရှိသစ်ပင်ကြီး အမြန်ဆုံးဖယ်ရှားစေလို

**စဉ့်ကူး နိုဝင်ဘာ ၈**

ယာဉ်အသွားအလာထူထပ်သော စဉ့်ကူး-မန္တလေး-မိုးကုတ်ကားလမ်းပေါ်ရှိ စဉ့်ကူးမြို့နယ် (ခတက်ချဉ်-စိုက်ကွင်းနှင့် တရော်ပင်ကျေးရွာအကြား)၌ အန္တရာယ်ရှိသော သစ်ပင်ကြီးကို အမြန်ဆုံးဖယ်ရှားသင့်ကြောင်း၊ ယင်းသစ်ပင်ကြီးသည် ကားလမ်းမကြီးပေါ်သို့ လဲလုမတတ် ကိုင်းညွတ်နေပြီး လေပြင်းတိုက်၍မိုးသည်း ထန်စွာရွာသွန်းသည့် အချိန်များတွင် ရုတ်တရက် လဲပြိုနိုင်ကြောင်း တွေ့ရှိရသည်။



အဆိုပါလမ်းမကြီးသည် မန္တလေး-ရွှေဘို-မုံရွာ-စဉ့်ကူး-သပိတ်ကျင်း-တကောင်း -မိုးကုတ်-ဗန်းမော်-ငအိုး-ထီးချိုင့် စသည့် မန္တလေးဗဟိုပြု အဓိကကျသော မြို့ကြီးများသို့ နေ့စဉ်ဆက်သွယ်အသွားအလာများသော အဝေးပြေးလမ်းမကြီးဖြစ်ပြီး ကုန်စည်စီးဆင်းမှုနှင့် လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့မှုတို့အတွက် အထူးအရေးပါသော လမ်းမကြီးဖြစ်သည်။

ထိုသို့ အသွားအလာများသော လမ်းမကြီးပေါ်တွင် ခရီးသွား ပြည်သူများကို အချိန်မရွေး အန္တရာယ်ဖြစ်စေနိုင်သော အဆိုပါ သစ်ပင်ကြီးကို သက်ဆိုင်ရာ တာဝန်ရှိသူတို့က အမြန်ဆုံးရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် လိုအပ်လျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(စဉ့်ကူး)**



## ကိုယ်ဝန်ဆောင်တစ်ဦး မဲပေးရန် တန်းစီနေစဉ် ဗိုက်နာလာ၍ အိမ်ပြန်မီးဖွားခဲ့ရ

**မြစ်ငယ် နိုဝင်ဘာ ၈**

အထွေထွေရွေးကောက်ပွဲအတွက် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့၌ နိုဝင်ဘာ ၈ ရက်က မြစ်ငယ်မြို့၊ သော်က ရပ်ကွက် မဲရုံအမှတ်(၄)တွင် မဲဆန္ဒရှင်ကိုယ်ဝန်ဆောင်မိခင်တစ်ဦးဖြစ်သူ ဒေါ်ခိုင်(၃၅နှစ်)သည် မဲပေးရန် တန်းစီစောင့်ဆိုင်းနေစဉ် ဗိုက်နာလာ၍ အိမ်ပြန်မီးဖွားခဲ့ရကြောင်း သိရသည်။

၎င်းမဲဆန္ဒရှင် ဒေါ်ခိုင်အနေဖြင့် ကြိုတင်မဲ(သို့မဟုတ်) ကိုယ်စားလှယ်မဲပေးပိုင်ခွင့်ရှိ၊ မရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်ရုံးသို့ မေးမြန်းခဲ့ရသဖြင့် ရပ်ကွက်ကော်မရှင်ရုံးမှ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးသို့ ဆက်လက်မေးမြန်းပေးခဲ့ရာ မြို့နယ်ကော်မရှင်ရုံးက ကာယကံရှင် မဲဆန္ဒရှင်ကိုယ်တိုင် Wheel Chair ဖြင့်ဖြစ်စေ၊ လူဖြင့်ဖြစ်စေတွဲ၍ မဲပေးရန်ပြန်ကြားခဲ့ကြောင်း သိရသည်။

မြစ်ငယ်မြို့မရပ်ကွက်တွင် မဲရုံငါးရုံရှိပြီး မဲပေးပိုင်ခွင့်ရှိသူ ၅၉၉၅ ဦး၊ ကြိုတင်မဲ ၂၃၃ ဦး၊ ပြည်သူ့လွှတ်တော် ငါးဦး၊ အမျိုးသားလွှတ်တော်ငါးဦး၊ တိုင်းဒေသကြီးလွှတ်တော်လေးဦး ကိုယ်စားလှယ်လောင်းများ ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**



ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် အမှတ် (၄) ရပ်ကွက်နှင့် အမှတ် ၅ ရပ်ကွက်တို့တွင် နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းမှစတင်ကာ မဲရုံ(၁)လှည်းတန်းလမ်းတို၊ ၂၃၀/၂၃၄ အနော်ရထာလမ်းရှိ အထက (၂) ကျောင်းနှင့် ၉ လမ်းမွှာရုံ မဲရုံ(၂)တို့တွင် ပြည်သူများ စည်းကမ်းတကျ တန်းစီ၍ မဲထည့်နေကြစဉ်။

ကျော်မြင့်သန်း

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၈-၁၁-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၂၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၃၀/၆၄၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၇၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၁.၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၀.၈၄ |
| ထိုင်း | တစ်ဘတ် | ၃၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၄၅ |
| တရုတ် | တစ်ယွမ် | ၂၀၁.၈၅ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၂၅ |

ခင်ရတနာ-စုစည်းသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဇမ္ဗူသီရိမြို့နယ် နေပြည်တော်အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ဖွင့်လှစ်ထားသော မဲရုံအမှတ်(၁)တွင် ဆန္ဒမဲပေးရန် ပြည်သူများနှင့်အတူ တန်းစီနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

❀ **ရှေ့ဖုံးမှ**

ထိုသို့ ဆန္ဒမဲပေးကြရာ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ဇမ္ဗူသီရိမြို့နယ်၌ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိကျင်းပရာ မဲဆန္ဒရှင်ပြည်သူများသည် ဖွင့်လှစ်ထားသည့် မဲရုံအသီးသီး၌ လွတ်လပ်စွာ ဆန္ဒမဲပေးကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသော မဲရုံအမှတ်(၁)သို့ လာရောက်ဆန္ဒမဲပေးကြသည်။

ထိုသို့ မဲရုံများတွင် ဆန္ဒမဲပေးနေမှုများကို မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ပြည်တွင်းပြည်ပမှ သတင်းမီဒီယာသမားများ လာရောက်ကြည့်ရှုလေ့လာ သတင်းရယူကြသည်။

ဇမ္ဗူသီရိမြို့နယ်တွင် မဲရုံပေါင်း ၃၃ ရုံ ဖွင့်လှစ်ထားရှိပြီး ဆန္ဒမဲပေးခွင့်ရှိသူ ၅၉၆၃၅ ဦးရှိရာ မဲဆန္ဒပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများသည် မဲရုံစတင်ဖွင့်လှစ်သည့် နံနက် ၆ နာရီ မတိုင်မီကပင် သက်ဆိုင်ရာ မဲရုံအသီးသီးသို့ စုဝေးရောက်ရှိလာကြပြီး မဲရုံဖွင့်လှစ်ချိန်မှစ၍ မိမိတို့ နှစ်သက်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းများအား ဆန္ဒမဲပေး ရွေးချယ်ကြသည်။

ထိုသို့ဆန္ဒမဲပေးကြရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့သည်လည်း ယနေ့နံနက် ၇ နာရီတွင် လားရှိုးခရိုင် လားရှိုးမြို့နယ်ရပ်ကွက်(၇)၌ ဖွင့်လှစ်ထားသော မဲရုံအမှတ်(၃) သို့ လာရောက် ဆန္ဒမဲပေးကြသည်။

အလားတူ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီးတို့သည်လည်း အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် ဇမ္ဗူသီရိမြို့နယ် ဇေယျသိဒ္ဓိရပ်ကွက် ရွေးကောက်ပွဲကော်မရှင်ရုံး၌ ကြိုတင်ဆန္ဒမဲပေးပြီးဖြစ်ကြောင်း သိရသည်။





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆန္ဒမဲလက်မှတ်ကို မဲပုံးအတွင်းသို့ ထည့်သွင်းဆန္ဒပြုစဉ်။ (သတင်းစဉ်)

ထို့အတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီးတို့သည် ဖြူးမြို့နယ် ကညွတ်ကွင်းကွင်းနောက်(၁)ရပ်ကွက် မဲရုံအမှတ်(၂)တွင်လည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ပျော်ဘွယ်မြို့နယ် ပြည်တော်သာရပ်ကွက် မဲရုံအမှတ်(၂)တွင်လည်းကောင်း ဆန္ဒမဲပေးကြသည်။

မဲရုံများတွင် ဆန္ဒမဲလာရောက်ပေးသူများ စနစ်တကျလွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရန်အတွက် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ မဲရုံမှူးများနှင့် အဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ညနေ ၄ နာရီတွင် မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များသည် မဲပုံးများကို ဖွင့်ဖောက်၍ ခိုင်လုံမဲနှင့် ပယ်မဲတို့ကို စနစ်တကျ ရွေးချယ်ရေတွက်ကြပြီး သက်ဆိုင်ရာ မှတ်တမ်းစာအုပ်များ၌ မှတ်တမ်းရေးသွင်းကြသည်။

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ သန့်ရှင်းလွတ်လပ်ပြီး တရားမျှတစွာ ကျင်းပရာတွင် မဲဆန္ဒရှင်များ လွတ်လပ်လွယ်ကူစွာ လျှို့ဝှက်ဆန္ဒပြုနိုင်ရန် မဲရုံများ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအား မဲရုံများအတွင်းသို့ စည်းကမ်းတကျ ဝင်ရောက်မဲပေးနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်ရသည်။ **(သတင်းစဉ်)**





နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဇမ္ဗူသီရိမြို့နယ် နေပြည်တော်အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ဖွင့်လှစ်ထားသော မဲရုံအမှတ်(၁)တွင် ဆန္ဒမဲပေးရန် ဆန္ဒမဲလက်မှတ်ထုတ်ယူနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

## မိုးထစ်ချုန်းမည် ရွာရန်ရာနှုန်း ၈၀

နေပြည်တော် နိုဝင်ဘာ ၈

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ နိုဝင်ဘာ ၉ ရက်တွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မြန်မာ့အလင်း)

# အိန္ဒိယနိုင်ငံက အသံထက်မြန်သော ဒုံးကျည်ကို အောင်မြင်စွာပစ်လွှတ်




နယူးဒေလီ နိုဝင်ဘာ ၈

အိန္ဒိယနိုင်ငံသည် နိုဝင်ဘာ ၇ ရက်က အသံထက်မြန်သော ဒုံးကျည်ဘရာမို့စ်ကို ရာဂျက်စတန်အနောက်ဘက်ပြည်နယ် ပေါ့ခ်ကရမ်ရှိ စမ်းသပ်ဒုံးလွှတ်စင်မှ အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြောင်း ထိပ်တန်းကာကွယ်ရေးအရာရှိတစ်ဦးက ပြောသည်။

ပြင်းအားမြင့်အစွမ်းထက်ချိန်မှတ်တိကျစနစ်ပါ အဆိုပါဘရာမို့စ်ဒုံးကျည်သည် အိန္ဒိယတပ်မတော်အတွက် အားထားစရာဖြစ်ပြီး ယင်း၏အစွမ်းထက်ထိရောက်ပုံကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်း ဘရာမို့စ်ဒုံးကျည်စခန်းမှ အကြီးအကဲ ဆုဒ်ဟာ မစ်ဟာရာက မီဒီယာသို့ ပြောကြားခဲ့သည်။

ယင်းဒုံးကျည်သည် ကီလိုမီတာ ၂၉၀ အထိပစ်လွှတ်နိုင်ပြီး ၂ ဒသမ ၈ မက်ခ် မြန်နှုန်းဖြင့်သွားနိုင်ကြောင်းသိရသည်။ အိန္ဒိယတပ်မတော်က ယင်းဒုံးကျည်ကို လက်နက်တိုက်တွင် ထားရှိပြီးဖြစ်ကြောင်းသိရသည်။ **(ဆင်ဟွာ)**

# တောင်တရုတ်ပင်လယ်အတွင်းရေကြောင်းစူးစမ်းလေ့လာမှု အမေရိကန်ကဆက်လက်ပြုလုပ်သွားမည်ဟုဆို

ဝါရှင်တန် နိုဝင်ဘာ ၈

အမေရိကန်အနေဖြင့် တောင်တရုတ်ပင်လယ်အတွင်းထပ်မံ၍ရေကြောင်း စူးစမ်းလေ့လာမှုကို လွတ်လပ်စွာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးအက်ရှ်ကာတာက စနေနေ့တွင် ပြောဆိုလိုက်သည်။

အမေရိကန် လေယာဉ်တင်သင်္ဘောတစ်စင်းသည် လွန်ခဲ့သည့်လက တောင်တရုတ်ပင်လယ်သို့ အာရှခရီးစဉ်အဖြစ်သွားရောက်ခဲ့ပြီးနောက် ကယ်လီဖိုးနီးယားရှိ ရော်နယ်ရေဂင်စာကြည့်တိုက်၌ ပြုလုပ်သော ကာကွယ်ရေးဖိုရမ်၌ ကာတာက အထက်ပါအတိုင်းမှတ်ချက်ပြုပြောဆိုခဲ့သည်။



အောက်တိုဘာလအတွင်းက အမေရိကန် ပဲ့ထိန်းဒုံးကျည်တင်ဆောင်ထားသော ဖျက်သင်္ဘောယူအက်စ်အက်စ်လာဆင်သည် လွတ်လပ်သော ရေကြောင်းကင်းလှည့်မှုအဖြစ် တရုတ်လူလုပ်ကျွန်းကန့်သတ်ရေပိုင်နက်အနီး ဝင်ရောက်ခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ ဒီမတိုင်မီကလည်း တောင်တရုတ်ပင်လယ်မှာ သွားလာနေတာပါ။ တစ်ကမ္ဘာလုံးကလည်း သိပါတယ်။ ကျွန်တော်တို့အနေနဲ့ထပ်မံပြီးတော့လည်း ဒီလိုသွားလာမှုကိုဆက်ပြီး ပြုလုပ်သွားမှာဖြစ်ပါတယ်"ဟု ကာတာကအဆိုပါရေကြောင်းသွားလာမှုနှင့်ပတ်သက်၍ပြောကြားလိုက်သည်။

တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်တစ်ခုလုံးနီးပါး ၎င်းတို့ပိုင်ဆိုင်ကြောင်း ပြောဆိုလိုက်ပြီး နှစ်စဉ်ကမ္ဘာ့ကုန်သွယ်မှု ရေလမ်းကြောင်းအသုံးပြုခြင်းမှ အမေရိကန်ဒေါ်လာ ငါးထရီလီယံရရှိနေသည်။ ဗီယက်နမ်၊ မလေးရှား၊ ဘရူနိုင်း၊ ဖိလစ်ပိုင်နှင့် တရုတ်တိုင်ပေတို့သည် တောင်တရုတ်ပင်လယ်ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ တရုတ်၏ပြိုင်ဘက်များဖြစ်သည်။ **(ရိုက်တာ)**

# နိုင်ဂျာသမ္မတရွေးကောက်ပွဲ လက်ရှိသမ္မတဝင်ရောက်ပြိုင်မည်



အဘူဂျာ နိုဝင်ဘာ ၈

နိုင်ဂျာအာဏာရပါတီက လာမည့်ဖေဖော်ဝါရီလ ရွေးကောက်ပွဲ၌ သမ္မတမိုဟာမာဒိုးအစ်ဆော့ဖိုးအား ဒုတိယငါးနှစ်သက်တမ်းအတွက် သမ္မတလောင်းအဖြစ် စနေနေ့က ရွေးချယ်လိုက်သည်။

အသက် ၆၃ နှစ်အရွယ်ရှိ အစ်ဆော့ဖိုးသည် အနောက်အုပ်စု၏မဟာမိတ်ဖြစ်ပြီး အစ္စလာမ့်စစ်သွေးကြွအုပ်စုများကို တိုက်ဖျက် နေသူဖြစ်သည်။

နိုင်ဂျာနိုင်ငံသည် ဘိုကိုဟာရမ် စစ်သွေးကြွအုပ်စုများကိုလည်း တိုက်ခိုက်လျက်ရှိသည်။ နိုင်ဂျာအာဏာရပါတီဖြစ်သည့် ဒီမိုကရေစီနှင့်ဆိုရှယ်လစ်ဝါဒပါတီအနေဖြင့် ပထမအကျော့မှာပင် အနိုင်ရရှိရန်မျှော်လင့်ထားသည်။

နိုင်ဂျာနိုင်ငံသည် ဒစ်ဖာဒေသအရှေ့တောင်ပိုင်း၌ ဘိုကိုဟာရမ်စစ်သွေးကြွများ မကြာသေးမီက နိုင်ဂျီးရီးယားမှ စိမ့်ဝင်လာမှုကြောင့် ဒစ်ဖာအရှေ့တောင်ပိုင်း၌ လုံခြုံရေးမပေးနိုင်ဘဲရှိသည်။ **(ရိုက်တာ)**

# တရုတ်နိုင်ငံသည် သတင်းဝက်ဆိုက်များနှင့် အွန်လိုင်းမီဒီယာများကို ပထမဆုံးအကြိမ်အဖြစ် မီဒီယာလုပ်ပိုင်ခွင့်များ ခွင့်ပြုပေး

ပေကျင်း နိုဝင်ဘာ ၈

တရုတ်နိုင်ငံတွင် မှတ်ပုံတင်ဂျာနယ်လစ် (သတင်းသမား)၂၈၀၀၀၀ရှိကြောင်းသိရပြီး ၁၁၀၀မှာ အင်တာနက်သတင်းအတွက် အလုပ်လုပ်နေသူများဖြစ်ကြောင်း မီဒီယာအာဏာပိုင်များက တရုတ်နိုင်ငံ၏ ၁၆ ကြိမ်မြောက်ဂျာနယ်လစ်နေ့ (နိုဝင်ဘာ ၈) ရက်က ပြောကြားသည်။

အမျိုးသားသတင်းထောက် အရေအတွက်မှာ ၅၃ ရာခိုင်နှုန်းရှိပြီး အများစုမှာ ဘွဲ့ရများဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာကပြောသည်။

၎င်းဂျာနယ်လစ်များတွင် ဂျာနယ်လစ် ၈၂၀၀၀ မှာ သတင်းစာအတွက် အလုပ်လုပ်နေသူများဖြစ်ပြီး အခြား ၅၄၀၀ မှာ စာစောင်များအတွက် အလုပ်လုပ်နေသူများဖြစ်သည်။

စုစုပေါင်း သတင်းထောက် ၂၆၀၀ မှာ သတင်းအေဂျင်စီအတွက် အလုပ်လုပ်နေကြပြီး အခြား ၁၁၇၀၀၀ မှာ တီဗွီသတင်းထောက်များဖြစ်ကာ ၁၁၀၀ မှာ အင်တာနက်သတင်းထောက်များဖြစ်ကြကြောင်း နိုင်ငံပိုင်မီဒီယာအစီရင်ခံစာက ပြောသည်။

အသက် ၃၀အောက် ဂျာနယ်လစ်များမှာ ၁၂ ရာခိုင်နှုန်းကျော်ရှိပြီး အသက် ၃၀ မှ ၄၀ကြားမှာ ၄၀ ရာခိုင်နှုန်းထိရှိကာ အခြား ၃၃ ရာခိုင်နှုန်းမှာ ၄၀ မှ ၅၀ ကြားများဖြစ်ကြောင်းသိရပြီး ကျန် ၁၄ ရာခိုင်နှုန်းမှာ အသက်၅၀ ကျော်များဖြစ်ကြသည်။

နိုဝင်ဘာ ၆ ရက်က တရုတ်နိုင်ငံသည် သတင်းဝက်ဆိုက်များနှင့် အွန်လိုင်းမီဒီယာများကို ပထမဆုံးအကြိမ်အဖြစ် မီဒီယာလုပ်ပိုင်ခွင့်များ ခွင့်ပြုပေးလိုက်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ယခင်က ဝက်ဆိုက်အများစုကို သတင်းလွှင့်တင်ခြင်းများ တားမြစ်ပိတ်ပင်ထားကြောင်းသိရသည်။ **(ဆင်ဟွာ)**

# အီးယူမှ နုတ်ထွက်မည်ဟု ဗြိတိန်သတိပေး

အီးယူ နိုဝင်ဘာ ၈

အီးယူခေါင်းဆောင်များအနေဖြင့် ဥရောပသမဂ္ဂပြုပြင်ပြောင်းလဲရေး တောင်းဆိုမှုအပေါ် လိုက်လျောခြင်းမရှိလျှင် ဗြိတိန်အနေဖြင့် အီးယူမှ နုတ်ထွက်ဖွယ်ရှိကြောင်း ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ယခုသီတင်းပတ်အတွင်း အပြင်းထန်ဆုံးသတိပေးလိမ့်မည် ဖြစ်ကြောင်း စနေနေ့ကမီဒီယာက ရေးသားသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်များ၏ သက်တမ်းကို ညှိနှိုင်းရေးအတွက် ဗြိတိန်နိုင်ငံက တောင်းဆိုသွားမည်ဖြစ်ကြောင်း၊ ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တွစ်ထံသို့ စာရေးသားတောင်းဆိုသွားမည်ဖြစ်ကြောင်း ဒေးဗစ်ကင်မရွန်းက ပြောကြားသည်။

အဆိုပါ သဘောတူညီချက်မရခဲ့လျှင် ဗြိတိန်နိုင်ငံအနေဖြင့် အီးယူမှ ထွက်ခွာလိမ့်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ပြောကြားလိုက်သည်။ အီးယူအဖွဲ့ပြုပြင်ပြောင်းလဲရေးအတွက် သဘောတူညီမှုများချမှတ်နိုင်ခြင်းမရှိလျှင် ဗြိတိန်အနေဖြင့် အီးယူမှ နုတ်ထွက်ရဖွယ်ရှိသည်ဟုဆိုသည်။ **(ရိုက်တာ)**

# ဆီရီယာလီယွန်တွင် အီဘိုလာ ပိုင်းရပ်စ်ရောဂါပျံ့နှံ့မှုလုံးဝ ကင်းရှင်းသွားပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကြေညာ

ဂျီနီဗာ နိုဝင်ဘာ ၈

ဆီရီယာလီယွန်တွင် အီဘိုလာ ဗိုင်းရပ်စ်ရောဂါပျံ့နှံ့မှုလုံးဝ ကင်းရှင်းသွားပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒဗလျူအိတ်ချ်အို အရာရှိများက နိုဝင်ဘာ ၇ ရက်က ကြေညာခဲ့သည်။

လွန်ခဲ့သော စက်တင်ဘာလကတည်းက ဆီရီယာလီယွန်တွင် အီဘိုလာ ဗိုင်းရပ်စ်ရောဂါပျံ့နှံ့မှုကင်းရှင်းသွားပြီဖြစ်ကြောင်း ယင်းအဖွဲ့ကြီးက အတည်ပြုပြောကြားခဲ့သည်။

ကြောက်စရာကောင်းသော ယင်းဗိုင်းရပ်စ်ရောဂါပိုးသည် လွန်ခဲ့သောနှစ်မတ်လလောက်ကတည်းက လိုက်ဘေးရီးယား၊ ဆီရီယာလီယွန်နှင့် ဂီနီတို့တွင် စတင်ပျံ့နှံ့ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါနိုင်ငံသုံးနိုင်ငံတွင် ယင်းရောဂါပိုးကြောင့် လူပေါင်း ၂၈၀၀၀ ကျော် ကူးစက်မှုဖြစ်ပွားခဲ့ကြောင်း သိရပြီး ၁၁၀၀၀ကျော် သေဆုံးခဲ့သည်။

အီဘိုလာရောဂါလူနာရှင်ထက်ဝက်နီးပါးမှာ ဆီရီယာလီယွန်မှ ဖြစ်ကြောင်း အတည်ပြုခဲ့ပြီး လူပေါင်း ၃၉၀၀ ကျော်သေဆုံးခဲ့ကြောင်းသိရသည်။

သို့သော်လည်း အီဘိုလာရောဂါကူးစက်ပျံ့ပွားခြင်းကိုကာကွယ်မှုများ ပြုလုပ်ခဲ့သောကြောင့် အီဘိုလာရောဂါလူနာများမှာ ဇန်နဝါရီလမှစပြီး တဖြည်းဖြည်းကျဆင်းလာခဲ့သည်။

အီဘိုလာရောဂါကြာရှည်ဖြစ်ပွားခဲ့မှုကြောင့် ဆီရီယာလီယွန်သည် ဆေးဝါးစောင့်ရှောက်မှုစနစ်နှင့် စီးပွားရေးတို့ကို နာလန်ပြန်ထူလာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။ အိမ်နီးချင်းလိုက်ဘေးရီးယားတွင် အစောပိုင်းက အီဘိုလာရောဂါပျံ့နှံ့မှုပြီးဆုံးခဲ့ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ သို့သော်လည်း အီဘိုလာဗိုင်းရပ်စ်ရောဂါပိုးမှာ ယခုချိန်ထိ ဂီနီတွင် ရှိသေးကြောင်း သိရသည်။ ၎င်းဒေသတွင် အီဘိုလာရောဂါပျံ့နှံ့မှု လုံးဝပြီးဆုံးသွားချိန်ထိ အနောက်အာဖရိကနိုင်ငံများကို သတိနှင့်နေရန် ဒဗလျူအိတ်ချ်အိုက တိုက်တွန်းထားသည်။ **(အင်န်အိတ်ချ်ကေ)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး နေပြည်တော်မဲရုံများ၌ မဲပေးမှုအခြေအနေကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့်အတူ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာအုပ်စုရှိ မဲရုံအမှတ်(၂)သို့ ယနေ့ နံနက် ၉ နာရီခွဲတွင် ရောက်ရှိပြီး ပြည်ထောင်စုနယ်မြေ၊ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်နှင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အတွက် ဆန္ဒမဲပေးပြီးနောက် မဲဆန္ဒရှင်များ၏ လက်ချောင်းတွင် မင်တို့ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပုဗ္ဗသီရိမြို့နယ် အောင်သုခကျေးရွာအုပ်စုရှိ မဲရုံ အမှတ်(၁)နှင့် အမှတ်(၂)၊ ဇေယျာသီရိမြို့နယ် အနော်ရထာရပ်ကွက်ရှိ မဲရုံအမှတ်(၁)နှင့် အမှတ်(၅)၊ စိမ်းစားပင်ကျေးရွာအုပ်စုရှိ မဲရုံအမှတ်(၄)နှင့် ပုဗ္ဗသီရိမြို့နယ် ဘုရင့်နောင်ရပ်ကွက်ရှိ မဲရုံအမှတ်(၁)တို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မဲပေးရန်အတွက် မဲဆန္ဒရှင်ပြည်သူများ စနစ်တကျတန်းစီနေမှု၊ မဲရုံအဝင်၌ လက်ချောင်းများအား မင်တို့ထားခြင်း ရှိ ၊ မရှိ စစ်ဆေးမှု၊ မဲစာရင်းနှင့် မဲဆန္ဒရှင်သက်သေခံလက်မှတ် တိုက်ဆိုင်စစ်ဆေးမှု၊ မဲလက်မှတ်ထုတ်ပေးနေမှု၊ လွှတ်တော်အသီးသီးအတွက် ပြည်သူများ ဆန္ဒမဲပေးနေမှု၊ မဲဆန္ဒရှင်များ၏ လက်ချောင်းတွင် မင်တို့နေမှု၊ ကြိုတင်မဲလက်မှတ်ထည့်ထားသည့် မဲပုံးနှင့် ကြိုတင်မဲစာရင်းကပ်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး **(ဝဲပုံ)** မဲရုံအတွင်းရှိ ပြည်တွင်း ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ မဲရုံကိုယ်စားလှယ်များနှင့် မဲရုံပရဝဏ်အတွင်း မဲပေးရန်စောင့်ဆိုင်းနေကြသော ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဥတ္တရခရိုင်တွင် အထွေထွေရွေးကောက်ပွဲအတွက် ပြည်သူများ ဆန္ဒမဲများထည့်သွင်းဆန္ဒပြု

**နေပြည်တော် နိုဝင်ဘာ ၈**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့ နံနက် ၆ နာရီမှ စတင်၍ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပရာ မဲဆန္ဒရှင် ပြည်သူများက အေးချမ်းစွာ ဆန္ဒမဲပေးခဲ့ကြသည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးရှိ မဲပေးခွင့်ရှိသူပြည်သူများ တစ်ပြိုင်တည်း ဆန္ဒမဲပေးကြသည်ဖြစ်ရာ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင်၌ နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ မဲဆန္ဒရှင် ပြည်သူများက မဲရုံအသီးသီးသို့ လာရောက်၍ လွတ်လပ်စွာဆန္ဒမဲပေးကြသည်။

ဥတ္တရခရိုင်အတွင်းရှိ မဲရုံများ၌ ဆန္ဒမဲပေးနေမှုများကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် မစ္စတာခမ်တီရာမန်နှင့် တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပမှ ရွေးကောက်ပွဲလေ့လာ



ဥတ္တရခရိုင် မဲရုံတစ်ရုံ၌ ပြည်သူတစ်ဦး မဲပေးပြီး၍ မင်တို့အမှတ်အသားပြနေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-သတင်းစဉ်)

စောင့်ကြည့်သူများနှင့် သတင်းမီဒီယာသမားများ လာရောက်ကြည့်ရှုလေ့လာသတင်းရယူကြသည်။

နံနက် ၉ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း မဲရုံ အမှတ်(၂)သို့ လာရောက်၍ ဆန္ဒမဲပေးသည်။

ထို့နောက် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌသည် မဲဆန္ဒရှင်ပြည်သူများ မဲရုံသို့ လာရောက်၍ ဆန္ဒမဲပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ဥတ္တရခရိုင် အတွင်းရှိ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်များတွင် မဲရုံပေါင်း ၃၄၀ ဖွင့်လှစ်ထားရှိပြီး မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် ၃၅၁၈၁၆ ဦးက နှစ်သက်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများအားဆန္ဒမဲပေးရွေးချယ်ကြသည်။

အဆိုပါမဲရုံများသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဒေသခံပြည်သူများက ဒီမိုကရေစီစံနှုန်းနှင့် ကိုက်ညီစွာ စည်းစနစ်တကျ စည်းကမ်းရှိစွာဖြင့် သတ်မှတ်ချိန်အတွင်း လာရောက်ပြီး ဆန္ဒပြုမဲပေးကြသည်။

မဲရုံများတွင် ဆန္ဒမဲလာရောက်ပေးကြသူများ စနစ်တကျ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရန်အတွက် ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ မဲရုံမှူးများနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ညနေ ၄ နာရီတွင် မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များသည် မဲပုံးများကို သက်ဆိုင်ရာ ကိုယ်စားလှယ်များရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးကြပြီး စနစ်တကျ မှတ်တမ်းရေးသွင်းကြသည်။

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွတ်လပ်ပြီး တရားမျှတစွာ ကျင်းပရာတွင် မဲဆန္ဒရှင်များ လွတ်လပ်လွယ်ကူစွာ လျှို့ဝှက်ဆန္ဒပြုနိုင်ရန်၊ မဲရုံများ၌ရွေးကောက်ပွဲ တရားမျှတမှုကို ထင်သာမြင်သာရှိစေရန်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲရုံများအတွင်းသို့ စည်းကမ်းတကျ ဝင်ရောက်မဲပေးနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်ရသည်။ **(သတင်းစဉ်)**

# ကျောက်တန်း၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေး

**ကျောက်တန်း နိုဝင်ဘာ ၈**

ယနေ့နံနက် ၆ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်ရှိ မဲရုံ ၁၉၁ ရုံတွင် ဆန္ဒမဲပေးခွင့်ရှိသူများ လာရောက်၍ ဆန္ဒမဲပေးကြရာ မဲရုံပိတ်ချိန် ညနေ ၄ နာရီတွင် ဆန္ဒမဲပေးခွင့်ရှိသူ ၁၂၉၈၅၆ ဦးအနက် ၈၅၅၀၈ ဦး လာရောက်ဆန္ဒမဲပေးခဲ့ကြသည်။

ညနေ ၄ နာရီတွင် ကျောက်တန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသောင်းဝင်း၊ အတွင်းရေးမှူး ဦးမြသိန်းထွန်းနှင့်အဖွဲ့ဝင်များက ကိုယ်စားလှယ်လောင်းများ၊ ပါတီကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများရှေ့မှောက်တွင် ပြည်ပနိုင်ငံများမှ ကြိုတင်မဲများကို ဖွင့်ဖောက်ရေတွက်ကြသည်။

အလားတူမြို့နယ်တွင်းရှိ ရပ်/ကျေး မဲရုံများတွင် ရောက်ရှိနေသော ကြိုတင်မဲများကိုလည်း ပါတီကိုယ်စားလှယ်များရှေ့မှောက်တွင် စနစ်တကျ ဖွင့်ဖောက်ရေတွက်လျက်ရှိသည်။ **(၀၁၉)**

## မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မီဒီယာစင်တာနှစ်ခု ဖွင့်လှစ်ပြီး ရွေးကောက်ပွဲရလဒ်များကို ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးသွားမည်

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲရလဒ်များ ကြေညာရာတွင် ပြည်သူအများ သိရှိမြင်သာစေရန်အတွက် မီဒီယာစင်တာနှစ်ခုကို ဖွင့်လှစ်သွားမည်ဖြစ်ပြီး နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရန်ကုန်မြို့ ရွှေလီလမ်းရှိ ရွေးကောက်ပွဲကော်မရှင် သတင်းအချက်အလက်ဌာနတို့၌ ထားရှိသွားမည်ဖြစ်ကြောင်း အဆိုပါကော်မရှင်၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

ယင်းထုတ်ပြန်ချက်တွင် ရွေးကောက်ပွဲကော်မရှင်၏ ခွင့်ပြုချက်ကတ်ပြားများ ရရှိထားသော သတင်းမီဒီယာများနှင့် စောင့်ကြည့်လေ့လာသူများအနေဖြင့် နေပြည်တော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးရှိ မီဒီယာစင်တာသို့ ဝင်ရောက်ခွင့်ရှိမည်ဖြစ်ပြီး ခွင့်ပြုချက်ကတ်ပြားမရရှိထားသော်လည်း ကော်မရှင်နှင့်အတူ တွဲဖက်အလုပ်လုပ်ကိုင်လျက်ရှိကြသည့် အရပ်ဘက်လူ့အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများလည်း ဝင်ရောက်လိုက စိစစ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ပါရှိသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည်ရွေးကောက်ပွဲ ရလဒ်များကို LED Screen ဖြင့် ပြသသွားမည်ဖြစ်ပြီး မီဒီယာများအနေဖြင့် မိမိတို့၏ ကိုယ်စားလှယ် သတင်းသမားများမှတစ်ဆင့် သတင်းရယူနိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့ ရွေးကောက်ပွဲ သတင်းအချက်အလက်ဌာန မီဒီယာစင်တာကို နိုဝင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ နံနက် ၈ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် နိုဝင်ဘာ ၈ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နိုဝင်ဘာ ၈ ရက်တွင် နံနက် ၈ နာရီမှ ည ၈ နာရီ အထိ လည်းကောင်း၊ နိုဝင်ဘာ ၉ ရက်မှ ၁၂ ရက်အထိ နံနက် ၈ နာရီ မှ နောက်တစ်ရက် နံနက် ၂ နာရီအထိ လည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ နံနက် ၈ နာရီမှ ည ၈ နာရီအထိ လည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နေပြည်တော်ရှိ မီဒီယာစင်တာ၌ နိုဝင်ဘာ ၉ ရက် မှ ၁၅ ရက်အထိ နေ့စဉ် ညနေ ၄ နာရီတွင် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်သွားမည်ဖြစ်ပြီး ရန်ကုန်မြို့ ရွှေလီလမ်းရှိ ရွေးကောက်ပွဲကော်မရှင် သတင်းအချက်အလက်ဌာနတွင်လည်း အဆိုပါသတင်းစာရှင်းလင်းပွဲများကို တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော် မီဒီယာစင်တာတွင် LED Screen ကြီးများဖြင့် ရွေးကောက်ပွဲရလဒ်များကို မြေပုံများ၊ ရုပ်ပုံကားချပ်များ၊ ကိန်းဂဏန်းများဖြင့် ချိတ်ဆက်ပြသသွားမည်ဖြစ်ပြီး စကားပြန်အစီအစဉ်ကိုလည်း စီစဉ်ထားရှိမည်ဖြစ်ကြောင်း၊ ထို့အပြင်ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်စာရွက်စာတမ်းများနှင့် အကြံပြုချက်များကိုလည်း နေပြည်တော်၊ ရန်ကုန် နှစ်နေရာစလုံးတွင် ရယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မိမိတို့အနေဖြင့် ပြည်သူက မှန်မှန်ကန်ကန်ရွေးချယ်သည့်ရလဒ်အပေါ်တွင် ကောင်းအောင်ဝိုင်း၍ဆောင်ရွက်ကြမည်

နေပြည်တော် နိုဝင်ဘာ ၈

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ယနေ့ နံနက် ၆ နာရီမှစတင်၍ နိုင်ငံတစ်ဝန်းလုံးတွင်ကျင်းပရာ တပ်မတော်သားများနှင့် မိသားစုဝင်များကလည်း သက်ဆိုင်ရာမဲရုံများတွင် ဆန္ဒမဲများပေးကြသည်။**



နေပြည်တော် ဇေယျာသီရိ မြို့နယ် အနော်ရထာရပ်ကွက်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်း အနော်ရထာခန်းမရှိ မဲရုံအမှတ်(၁)သို့ ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ တို့သွားရောက်၍ ဆန္ဒမဲများပေးကြသည်။ **(ယာပုံ)**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဆန္ဒမဲပေးပြီးချိန်တွင် မဲရုံသို့ လာရောက် သတင်းရယူကြသော သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားရာတွင် ပြည်သူအားကိုးသည့် ပါတီပင်အနိုင်ရမည်ဟု မျှော်လင့်ထားပါကြောင်း၊ ပြည်သူကရွေးချယ်ခြင်းဖြစ်၍ အနိုင်ရရှိမည့်ရလဒ်အပေါ် လက်မခံနိုင်စရာအကြောင်းမရှိပါကြောင်း၊ ပြည်သူ၏ ဆန္ဒအတိုင်းပင် မှန်မှန်ကန်ကန်ဖြင့် ၎င်းတို့အားကိုးရသည့်သူများ၊ အဖွဲ့အစည်းများ၊ ပါတီများအောင်မြင်မှုရသည်ကို မိမိတို့လိုလားပါကြောင်း၊ ယခုအချိန်တွင် မိမိတို့သည် ပါတီစုံဒီမိုကရေစီစနစ်ကို သွားရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူမှ မှန်မှန်ကန်ကန်ရွေးချယ်သည့် ရလဒ်အပေါ်တွင် ကောင်းအောင်ဝိုင်း၍ ဆောင်ရွက်ကြမည် ဖြစ်ကြောင်း၊ ပြည်သူကလည်း ဥပဒေနှင့်အညီ သွားနိုင်ဖို့လိုကြောင်း၊ ရွေးကောက်ပွဲရလဒ်ကို လက်ခံဖို့လိုကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်(UEC)မှ ရွေးကောက်ပွဲရလဒ်ကြေညာပြီးပါက ဘယ်သူပဲဖြစ်ဖြစ် လက်ခံရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲရလဒ်မှ ထွက်ပေါ်လာမည့်အစိုးရကို အာဏာလွှဲပြောင်းပေးရေးကိစ္စနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိပြီးဖြစ်ကြောင်း၊ Procedure အတိုင်း ဆက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ဒီမိုကရေစီရပိုင်ခွင့်အတိုင်း မှန်မှန်ကန်ကန်အသုံးချ၍ ၎င်းကျင့်စဉ်အတိုင်း သွားစေလိုပါကြောင်း ပြောကြားသည်။

ထို့အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မိသားစုဝင်များကလည်း မဲရုံအမှတ်(၁)တွင် ဆန္ဒမဲများပေးကြသည်။

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်း ကျန်မဲရုံများတွင်လည်း နံနက် ၆ နာရီ မဲရုံစတင်ဖွင့်လှစ်သည်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သက်ဆိုင်ရာမဲရုံများသို့ သွားရောက်၍ စနစ်တကျဖြင့် ဆန္ဒမဲများအသီးသီးပေးကြသည်။

အလားတူ နေပြည်တော်တိုင်းစစ်ဌာနချုပ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း/တပ်ဖွဲ့များမှ မဲရုံများတွင်လည်း တိုင်းမှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သက်ဆိုင်ရာမဲရုံအသီးသီးတွင် စနစ်တကျဖြင့် ဆန္ဒမဲပေးကြသည်။

မဲရုံများပိတ်သိမ်းချိန်တွင် မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များသည် မဲပုံးများကို ဖွင့်ဖောက်၍ ခိုင်လုံမဲနှင့် ပယ်မဲများကို စနစ်တကျရွေးချယ်ရေတွက်ကြပြီး သက်ဆိုင်ရာ မှတ်တမ်းစာအုပ်များတွင် မှတ်တမ်းရေးသွင်းခဲ့ကြသည်။

ထိုသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းရှိ မဲရုံများနှင့် တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ တပ်တွင်းမဲရုံများတွင် တပ်မတော်သားများနှင့် မိသားစုဝင်များ မဲဆန္ဒပေးမှုများကို နိုင်ငံတကာမှရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့ဝင်များ၊ ပါတီကိုယ်စားလှယ်များနှင့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများမှ သတင်းထောက်များ လာရောက်လေ့လာခြင်း၊ သတင်းရယူခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (မြဝတီ)

# ရန်ကုန်တောင်ပိုင်းခရိုင်နှင့် အရှေ့ပိုင်းခရိုင်အတွင်း မဲပေးခွင့်ရသည့် ပြည်သူတို့၏စကားသံများ

သတင်း-ဝင်းဝင်းမော်
မြတ်စန္ဒီ

ရန်ကုန် နိုဝင်ဘာ ၈

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ယနေ့ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရန်ကုန်မြို့ခံပြည်သူများသည် မိမိတို့ပေးခွင့်ရသည့်ဆန္ဒမဲကို နိုင်ငံသားတစ်ဦး၏ အခွင့်အရေးအရ တာဝန်ကျေပွန်စွာ စိတ်ဝင်တစား လာရောက်မဲပေးကြသည်ကို တွေ့မြင်ရသည်။**



ဦးလှကျင်



ဒေါ်ခင်သင်းကြည်



ဒေါ်သူဇာ



ဒေါ်စောဝတ်ရည်ခိုင်

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ်ကွက်တွင် နေထိုင်သူ အသက် ၇၀ အရွယ် အငြိမ်းစားကျောင်းဆရာမ ဒေါ်ခင်သင်းကြည်က လာရောက်မဲပေးသူတိုင်းသည် တာဝန်ကျေသူများဖြစ်သည်ဟုဆိုသည်။ "အခုပဲ ဆန္ဒမဲပေးခဲ့ပါပြီ။ အိမ်နဲ့ မဲရုံကလည်း နီးတယ်။ အမက(၁၂) မူလွန်ကျောင်း မဲရုံအမှတ်(၃)မှာပေးရတယ်။ အားလုံးက စနစ်တကျတန်းစီပြီး မဲပေးကြတာတွေ့ရတယ်။ မဲပေးရတာ အဆင်ပြေပါတယ်။ ကိုယ်ဆန္ဒရှိတဲ့ပါတီကို ပေးခဲ့ပြီမို့ တာဝန်ကျေခဲ့ပြီလို့ ဆိုချင်ပါတယ်"ဟု ပြောသည်။

အဆိုပါ ရပ်ကွက်အတွင်း နေထိုင်သူ အသက် ၄၉ နှစ်အရွယ် ဒေါ်သူဇာကလည်း "အစ်မက ငယ်ငယ်က ကားတိုက်ခံခဲ့ရတယ်။ အခုနောက်ပိုင်းမှာ ထူထူထောင်ထောင် ပြန်ဖြစ်လာပေမယ့် ညာဘက်ခြေနဲ့လက်က သိပ်မသန်တော့ဘူး။ အထူးသဖြင့် စာရေးတဲ့အခါ မနည်းအားစိုက်ရေးရတယ်။ မဲရုံကို မဲလာပေးတော့ ရပ်ကွက်သူ၊ ရပ်ကွက်သားတွေက စိတ်အားထက်သန်စွာနဲ့ မဲလာပေးကြတာတွေ့ရလို့ ကိုယ့်နိုင်ငံအတွက် ဝမ်းသာမိသလို အားလည်းတက်မိတယ်။ မဲပေးနိုင်ခဲ့တာကြောင့် နိုင်ငံသားတစ်ဦးရဲ့ တာဝန်ကျေပွန်တယ်လို့ခံစားမိပြီး ဂုဏ်ယူမိပါတယ်" ဟု ဆိုသည်။

ပုဇွန်တောင်မြို့နယ် အမှတ်(၇) ရပ်ကွက်တွင် နေထိုင်သူ အသက် ၉၅ နှစ်အရွယ် အဘိုး ဦးလှကျင်ကလည်း "မဲပေးဖို့လာတာ လူတွေများနေလို့ တစ်နာရီခွဲလောက် စောင့်လိုက်ရတယ်။ ဆန္ဒရှိတဲ့မဲကို ပေးလိုက်ရလို့ စိတ်ချမ်းသာသွားပြီ၊ ကျေနပ်သွားပြီ" ဟု ပြောသည်။

ပုဇွန်တောင်မြို့နယ်၌ နေထိုင်သူ အသက် ၂၀ အရွယ် စီးပွားရေးတက္ကသိုလ်ကျောင်းသူ မစောဝတ်ရည်ခိုင်ကလည်း "ပထမဆုံးပေးတဲ့ မဲဖြစ်ပါတယ်။ တန်းစီပြီးတော့ တော်တော်ကြာကြာ စောင့်လိုက်ရတယ်။ အိမ်ကမိသားစုဝင် သုံးယောက်စလုံး မဲပေးခဲ့ကြတယ်။ သမီးက စိတ်လောသွားမိလို့ ပထမမဲကို ပုံးမှားပြီး ထည့်လိုက်မိတယ်။ ပြည်သူတစ်ယောက်အနေနဲ့ မဲပေးရတာ လွတ်လပ်မှုရှိပါတယ်"ဟု ပြောသည်။

ဆန္ဒမဲပေးရာတွင် ပြည်သူများ စိတ်ဝင်စားမှု များပြားကြောင်း၊ တစ်နိုင်ငံလုံးတွင် မဲရုံပေါင်း လေးသောင်းကျော်ရှိကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်၌ မြို့နယ်ပေါင်း ၁၄ မြို့နယ်၊ ရပ်ကွက်ပေါင်း ၂၈၇ ရပ်ကွက်နှင့် မဲရုံပေါင်း ၁၆၈၆ ရုံရှိပြီး မဲရုံဝန်ထမ်းပေါင်း ၂၁၀၀၀ ခန့်ရှိကြောင်း သိရသည်။

ရန်ကုန်တောင်ပိုင်း ခရိုင်အတွင်း မသန်စွမ်းသူ ၁၀၀၅ ဦးအား သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလမြို့နယ်တို့ရှိမဲရုံများတွင် ဆန္ဒမဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိသည်။

သန်လျင်မြို့နယ် အုတ်ဖိုစုရပ်ကွက် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက "အုတ်ဖိုစုရပ်ကွက်မှာ မဲပေးနိုင်သူ ၃၈၁၉ဦးရှိပြီး မဲရုံခြောက်ရုံရှိပါတယ်။ လွန်ခဲ့တဲ့ ၃/၄ လကတည်းက မဲစာရင်းပြစုထားပေမယ့် အမှားအယွင်း တော်တော်ပါပါတယ်။ ဖခင်အမည်လွဲတာ၊ မှတ်ပုံတင်၊ မွေးသက္ကရာဇ်လွဲတာ ဒါတွေကို သုံးကြိမ်ပြင်ဆင်ပေးခဲ့ပြီးပါပြီ။ မဲစာရင်းတွေကပ်ထားပေးပေမယ့် စိတ်ဝင်စားမှုနည်းပြီး လာမကြည့်ကြဘူး။ အခု မဲပေးမယ့်သူတွေကို မဲရုံမှူးတွေက အိမ်တိုင်ရာရောက် စလစ်လေးတွေ လိုက်ပေးပါတယ်။ တချို့အိမ်မှာ မရှိတာကြောင့် စာရွက်မပေးရတာတွေကို ဒီနေ့မဲပေးဖို့လာရင်း ထုတ်ပေးနေပါတယ်။ တချို့က ဒီရပ်ကွက်မှာ သန်းခေါင်စာရင်းပါပေမယ့် မိမိရဲ့အိမ်ကို အိမ်ငှားတင်ပြီး အခြားရပ်ကွက်ကို ပြောင်းသွားတယ်။ ဒါမျိုးတွေကျတော့ မပါဘူး"ဟု ဆန္ဒမဲပေးသည့်နေ့တွင်ကြုံရသည့် အခက်အခဲကို ပြောသည်။

သန်လျင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မဲရုံတွင် အုတ်ဖိုစုရပ်ကွက်မှ ဆန္ဒမဲလာပေးသူ ဒေါ်စန်းစန်းမြင့်က "ကျွန်မတို့က ဘယ်အစိုးရတက်ပါစေ၊ ပြည်သူအားလုံးကောင်းစားဖို့ ကြိုးစားပေးမယ်ဆိုရင်ပဲ ဝမ်းသာကျေနပ်ပါတယ်။ မဲပေးရလို့ ပြည်သူတစ်ယောက်အနေနဲ့ ဝမ်းသာပီတိဖြစ်ပါတယ်"ဟု သူ့၏ခံစားချက်ကို ပြောသည်။

အုတ်ဖိုစုရပ်ကွက်မှ စစ်မှုထမ်းဟောင်း ဦးတင်စိုးက "အစိုးရကောင်းဖို့ဆိုတာက အလုပ်အပေါ်မှာမူတည်တယ်။ အခုလို ဆန္ဒမဲပေးခွင့်ရတာကို ကျေနပ်တယ်။ မူပြောင်းလို့မရဘူး။ လူပြောင်းမှရမယ်။ ကိုယ်ပေးချင်တဲ့သူကို မဲပေးခွင့်ရလို့ ကျေနပ်တယ်"ဟု ဆိုသည်။

ရန်ကုန်တောင်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြတ်စိုးက "ဒီကနေ့မှာ အခက်အခဲက အနည်းငယ်တော့ရှိပါတယ်။ အထူးသဖြင့် မဲစာရင်းမပါတာတွေ၊ အမှန်တကယ် ရပ်ကွက်မှာနေထိုင်ပြီး မပါတဲ့ သူတွေက စောဒကတက်တာမျိုးတွေရှိတယ်။ ဒီလူတွေက မဲစာရင်းမှာမပါဘူး။ သို့သော် ပုံစံ(၃)နဲ့ တင်ထားတာရှိရင် လက်ခံတယ်။ မှန်တယ်ဆိုရင် ကျွန်တော်တို့ ထုတ်ပေးတယ်။ ပုံစံ (၃)နဲ့ တင်မထားဘူး။ အခုမှတောင်းဆိုရင် မထုတ်ပေးပါဘူး။ တချို့က လူမျိုးစု ကရင်/ရခိုင်ဆို လွှတ်တော်(၃)ခု မဲပေးခွင့်ရပြီး လူမျိုးစုအတွက်မရဘူးဆိုတာက မဲစာရင်းစကောက်ကတည်းက ကွန်ပျူတာမှာ ကရင်ကိုနှိပ်ရင် သက်ဆိုင်ရာလူမျိုးစု စာရင်းကပါပြီးသား၊ စကောက်ကတည်းက စာရင်းမပါတာကြောင့် အခုလို အခက်အခဲဖြစ်တာပါ။ မှတ်ပုံတင်မှာ ဖခင်က ကရင်ဆိုရင် ခွင့်ပြုတယ်။ မိခင်က ကရင်ဖြစ်ပြီး ဖခင်ကဗမာဆိုရင် ခွင့်မပြုဘူး။ ဒီကနေ့အခြေအနေက ယေဘုယျခြုံပြောရင် အဆင်ပြေပါတယ်။ မဲရုံတွေ စုပြုံထားတာကြောင့် မဲရုံမှားတာမျိုးတွေတော့ တွေ့နေရတယ်" ဟု ပြောသည်။

သန်လျင်မြို့နယ် အုတ်ဖိုစုရပ်ကွက်မှ ကရင်အမျိုးသမီး ဒေါ်ကြည်ကြည်အေးက "အန်တီက ကရင်တိုင်းရင်းသူပါ။ ဒီရပ်ကွက်မှာနေတာ အနှစ်(၅၀)ရှိပါပြီ၊ မှတ်ပုံတင် အမည်ပေါက်ရှိတယ်၊ ကျန်တာတွေ မဲထည့်လိုရပေမယ့် လူမျိုးစုမဲထည့်ခွင့်မရလို့ စိတ်မကောင်းဘူး။ သူတို့လည်း လာမကောက်ဘူး။ ကိုယ်တွေကလည်း သွားမပြင်ဖြစ်လိုက်ဘူးလေ။ တိုင်းရင်းသားတွေ နည်းတဲ့အထဲမှာ မဲထည့်ခွင့်မရတော့ စိတ်မကောင်းဘူး"ဟု ဆိုသည်။

ရန်ကုန်တောင်ပိုင်း ခရိုင်၌ မြို့နယ်ပေါင်း ၁၀ မြို့နယ်၊ ရပ်ကွက်ပေါင်း ၁၁၁ နှင့် ကျေးရွာအုပ်စုပေါင်း ၃၇၅ အုပ်စုတွင် မဲရုံပေါင်း ၁၇၁၉ ရုံ ဖွင့်လှစ်ထားရှိပြီး ပြည်သူများ လွတ်လပ်စွာဆန္ဒမဲပေးနိုင်ရန် မဲရုံ အဖွဲ့ဝင် စုစုပေါင်း ၁၉၉၀၈ ဦးနှင့် ရပ်ကျေးအဖွဲ့ စုစုပေါင်း ၃၉၁၅ ဦးတို့က သက်ဆိုင်ရာ မဲရုံအလိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

※ ရှေ့ဖုံးမှ

အလားတူနိုဝင်ဘာ ၉ ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချိုဟွန်ဆင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကမ္ဘောဒီးယားနိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၈

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ကျရောက်သောကမ္ဘောဒီးယားနိုင်ငံ၏ (၆၂) နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# မဟုတ်မမှန်အခြေအမြစ်မရှိ စွပ်စွဲမှုများသည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကိုစွက်ဖက်ရာရောက် ပြည်သူများအပေါ် အထင်အမြင်လွဲမှားစေရန် ပြုလုပ်ရာရောက်သည့် လုပ်ရပ်များအားကန့်ကွက်

သတင်းထုတ်ပြန်ချက်

၁။ မကြာသေးမီက Fortify Rights နှင့် International State Crime Initiative ဆိုသောအဖွဲ့တို့က မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင် ၎င်းတို့အဆို "ရိုဟင်ဂျာ"ဆိုသူများအား လူမျိုးတုံးသတ်ဖြတ်လျက်ရှိကြောင်းနှင့် အခြားမဟုတ်မမှန်အခြေအမြစ်မရှိသည့် စွပ်စွဲချက်များကို ကိုးကား၍ ထုတ်ပြန်ဖော်ပြမှုများပြုလုပ်ခဲ့သည်ကို တွေ့ရှိရသည်။ ယင်းသို့ လုပ်ဆောင်မှုသည် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီတွင် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေအား သုံးသပ်သည့်အစီအစဉ်အောက်မှ မြန်မာနိုင်ငံမှ အစီရင်ခံစာတင်သွင်းသည့် အချိန်နှင့်ပြည်တွင်း နိုင်ငံရေးတွင် အရေးကြီးသည့်ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်မည့်ကာလတို့နှင့် အချိန်ကိုက်ဖန်တီးလုပ်ဆောင်မှုတစ်ရပ်ဖြစ်ပါသည်။ ၎င်းတို့စာတမ်းများ ထုတ်ပြန်သည့် တစ်ချိန်တည်းတွင် အယ်လ်ဂျာဇီးယားသတင်းဌာနကလည်း ယင်းကိစ္စကို သတင်းထုတ်လွှင့်ခဲ့သည်။

၂။ အဆိုပါမမှန်မကန်စွပ်စွဲထားသည့်စာတမ်း၊ သတင်းများသည် အခြေအမြစ်မရှိ၊ မှန်ကန်မှုမရှိသည့် စွပ်စွဲပြောကြားချက်များကို အခြေခံ၍ ပြုစုထားခြင်းဖြစ်သည်။ "ရိုဟင်ဂျာ "ဟူသော အသုံးအနှုန်းသည်ဖန်တီးတီထွင်ထားသည့် အသုံးအနှုန်းဖြစ်သောကြောင့် မြန်မာအစိုးရနှင့် ပြည်သူများက အသိအမှတ်မပြုပါ။ အဆိုပါ စာတမ်း၊ သတင်းများတွင်ဖော်ပြပါရှိသည့် မဟုတ်မမှန်စွပ်စွဲမှုများကို ပြတ်သားစွာ ပယ်ချပါသည်။

၃။ ဤသို့ မဟုတ်မမှန်အခြေအမြစ်မရှိ စွပ်စွဲမှုများသည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို စွက်ဖက်ရာရောက်ခြင်း၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုကို ထိခိုက်ရာရောက်စေခြင်းနှင့် အေးချမ်းစွာနေထိုင်သည့် ပြည်သူများအပေါ် အထင်အမြင်လွဲမှားစေရန် ပြုလုပ်ရာရောက်ခြင်းတို့ကြောင့် အထက်ပါလုပ်ရပ်များအားပြင်းထန်စွာ ကန့်ကွက်လိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၁၅ခုနှစ် ၊ နိုဝင်ဘာလ ၈ ရက်

# နေပြည်တော် ဒက္ခိဏခရိုင်၌ မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များအား ငြိမ်းချမ်းစွာဆန္ဒမဲပေးရွေးချယ်

နေပြည်တော် နိုဝင်ဘာ ၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့ နံနက် ၆ နာရီတွင် တစ်နိုင်ငံလုံး၌ကျင်းပရာ နေပြည်တော် ဒက္ခိဏခရိုင်အတွင်းရှိ ဒက္ခိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်များ၌ သတ်မှတ်မဲဆန္ဒနယ်အသီးသီးရှိ မဲရုံများတွင် တစ်ပြိုင်တည်းကျင်းပသည်။**



မဲရုံများ မဖွင့်လှစ်မီမဲရုံမှူးနှင့် မဲရုံတာဝန်ရှိသူများက လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ ရှေ့မှောက်၌ မဲပုံးများအတွင်း မည်သည့်အရာမျှမရှိကြောင်း ပြသပြီး အဖုံးများကို လုံခြုံစွာပိတ်ကာ သတ်မှတ်စားပွဲများပေါ်၌ ချထားကြသည်။ ဒက္ခိဏခရိုင်အတွင်း မြို့များရှိ မဲရုံများ၌ ပြည်သူများသည် မိုးမလင်းမီကပင် ဆန္ဒမဲပေးရန် ရောက်ရှိနေကြပြီး မဲရုံတာဝန်ရှိသူများက မဲရုံဖွင့်လှစ်ရန် ကြေညာလိုက်သည်နှင့် ဆန္ဒမဲလက်မှတ်များကို စနစ်တကျ ထုတ်ယူကြပြီး လွတ်လပ်စွာဆန္ဒမဲ စတင်ပေးကြသည်။

မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစာရင်းစစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူနှင့် တာဝန်ရှိသူများက စနစ်တကျ စီစဉ်ဆောင်ရွက်ပေးကြသည်။

ဒက္ခိဏခရိုင်နှင့် မြို့နယ်များမှ ရွေးကောက်ပွဲကော်မရှင်တာဝန်ရှိသူများက မြို့နယ်များအတွင်းရှိ မဲရုံများသို့ လိုက်လံကြည့်ရှုပြီး လိုအပ်သည့် ကူညီမှုများဆောင်ရွက်ပေးကြသည်။

ညနေ ၄ နာရီ မဲရုံပိတ်ချိန်ဖြစ်သော်လည်း မဲရုံပရဝဏ်အတွင်းသို့ ရောက်ရှိနေကြသည့် မဲဆန္ဒရှင်များ၏ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရေးအတွက် မဲရုံမှူးနှင့် တာဝန်ရှိသူများက ဆန္ဒမဲပေးနိုင်ရန် ဆောင်ရွက်ပေးကြပြီး မဲဆန္ဒရှင်များ ဆန္ဒမဲပေးရန် ကုန်ဆုံးချိန်တွင် မဲရုံမှူးနှင့် မဲရုံတာဝန်ရှိသူများက လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်များ၊ မဲဆန္ဒရှင်များ၊ လေ့လာသူများရှေ့တွင် မဲစာရင်းများကို ရေတွက်ခဲ့ကြသည်။

ဒက္ခိဏခရိုင်အတွင်း၌ မဲရုံ ၂၇၃ ရုံဖွင့်လှစ်ထားပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၄၀၀၇၉၆ ဦးရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရန်ကုန်မြို့ မဲဆန္ဒရှင်ပြည်သူများ အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ဆန္ဒပြုမဲပေးရွေးချယ်

**သတင်းမြင်ကွင်း - မင်းခေတ်**
**ဓာတ်ပုံ - မင်းထက်**

**ရန်ကုန် နိုဝင်ဘာ ၈**

ယနေ့နိုဝင်ဘာ ၈ ရက်တွင် မြန်မာနိုင်ငံ၏ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို နိုင်ငံနှင့်အဝန်း ကျင်းပလျက်ရှိရာ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများသည်လည်း အမျိုးသားရေး အသိစိတ်ဓာတ်အပြည့်ဖြင့် ကြိတ်ကြိတ်တိုးပါဝင်၍ ဆန္ဒမဲပြုနေသည်ကို တွေ့မြင်ခဲ့ရသည်။ ယနေ့ မြင်ကွင်းအဖုံဖုံသည် ပြည်သူများ၏ ရင်တွင်းခံစားမှုမြင်ကွင်းကို ထင်ဟပ်ပေါ်လွင် ကျေနပ်ပီတိဖြစ်နေသည်များပင်။ ဟူး------ အခုမှပဲ ရင်ထဲက အလုံးကြီး ကျသွားတော့တယ်ဟု မဲရုံအပြင်သို့ ဆန္ဒမဲပြုပြီး ပြန်ထွက်လာသည့် ပြည်သူတစ်ဦးက အမှတ်မထင် နှုတ်မှ ရေရွတ်ထွက်လာသည့်အသံကို မြင်တွေ့ကြားသိခဲ့ရသည်။ ယနေ့သည် ပြည်သူများ လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ထောင်ရန်အတွက် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံ အထွေထွေ ရွေးကောက်ပွဲကြီးကို ကျင်းပနိုင်ခဲ့ပြီ ဖြစ်သည်။



"ကျွန်တော်တို့ ဒီနေ့ ညနေ ၄ နာရီမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ပြဋ္ဌာန်းပေးထားတဲ့အတိုင်း ကြိုတင်မဲတွေကို ဖွင့်ဖောက်ရေတွက်မှာ ဖြစ်ပါတယ်။ အဲဒီလိုရေတွက်တဲ့အခါမှာလည်းပါတီကိုယ်စားလှယ်လောင်းတွေရဲ့ ရှေ့မှာ ပေါ်လွင်ထင်ရှားသိရှိအောင် ရေတွက်ထုတ်ပြန်ပေးသွားမှာပါ"ဟု ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ကျော်ဟိန်းက ပြောသည်။

ရန်ကုန် အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်တွင် ရပ်ကွက် ၃၈ ရပ်ကွက်ရှိပြီး လူဦးရေ ၁၉၈၇၁၂ ဦး နေထိုင်လျက်ရှိကာ ယနေ့ကျင်းပသည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရသည့် မဲဆန္ဒရှင်ပြည်သူ ၁၃၁၅၈၆ ဦးက ဆန္ဒမဲပေးကြမည်ဖြစ်သည်။ အဆိုပါရွေးကောက်ပွဲတွင် ရပ်/ကျေးမှ ကြိုတင်မဲ ၅၀၀၀ ကျော်၊ ဌာန ၁၇ ခုမှ ၁၈၂ ဦးနှင့် ပြည်ပမှ ၆၀၀ ကျော် ကြိုတင်မဲများကို လက်ခံရရှိပြီး ယနေ့ပါတီစုံအထွေထွေ ရွေးကောက်ပွဲကြီးကျင်းပသည့် နိုဝင်ဘာ ၈ ရက် ညနေ ၄ နာရီတွင် အဆိုပါ ကြိုတင်မဲများကို သက်ဆိုင်ရာ ပါဝင်ကိုယ်စားလှယ်လောင်းများ ရှေ့မှောက်နှင့် ပြည်သူများရှေ့ဝယ်တွင် သိသာမြင်သာစွာ ဖောက်ဖွင့်ရေတွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်မကတော့ ဒီငမိုးရိပ် ရပ်ကွက်ကပါပဲ။ မနက်စောစောကတည်းက လာရောက်တန်းစီခဲ့တာ။ အားလုံးမဲပေးပြီးတဲ့အထိ တစ်နာရီကျော်လောက်တော့ စောင့်ခဲ့ရတယ်။ အားလုံး အဆင်ပြေပါတယ်"ဟု သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက်အလက(၁) မဲရုံအမှတ်-၅ မှ ဆန္ဒမဲပေးပြီး ပြန်ထွက်လာသည့် မသီတာက ဆိုသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ယနေ့ကြီးမှူးကျင်းပသည့် ပြည်သူများလိုလား တောင့်တနေသည့် ပါတီစုံအထွေထွေ ရွေးကောက်ပွဲကြီးသည် မဲဆန္ဒရှင်ပြည်သူများ နိုင်ငံနှင့်အဝန်း အမျိုးသားရေးစိတ်ဓာတ်အသိဖြင့် ဆန္ဒမဲပေး တာဝန်ကိုယ်စီကျေပွန်ခဲ့ကြသည်ကို တွေ့မြင်ခဲ့ရသည်။ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်အနေဖြင့် အဆိုပါ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၀ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းခြောက်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆန္ဒနယ်အမှတ် (၁) မှ ခြောက်ဦးနှင့်မဲဆန္ဒနယ်အမှတ်(၂) မှ ခုနစ်ဦးတို့ ရွေးချယ်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# နိုင်ငံတစ်ဝန်းပြည်သူများ တည်ငြိမ်အေးချမ်းစွာဖြင့် ဆန္ဒမဲပေး



## ဆန္ဒမဲထည့်

ဒုတိယ သမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးခရိုင် လားရှိုးမြို့နယ် ရပ်ကွက်(၇) မဲရုံအမှတ်(၃)၌ မဲပုံးအတွင်း ဆန္ဒမဲထည့်စဉ်။
ဓာတ်ပုံ-(ပြန်/ဆက်)

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော် ဇေယျာသီရိမြို့နယ် အနော်ရထာရပ်ကွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း မဲရုံအမှတ်(၁)တွင် မဲပုံးအတွင်း ဆန္ဒမဲထည့်စဉ်။
ဓာတ်ပုံ-(မြဝတီ)





ကော့သောင်းမြို့တွင် ဆန္ဒမဲပေးပြီးပြန်လာသော အဘွားအိုတစ်ဦးအား ပြည်သူများက လိုက်ပါပို့ဆောင်နေသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-ကျော်စိုး

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်ဆန်မြို့နယ်ရှိ မဲရုံတွင် ဒေသခံတိုင်းရင်းသားပြည်သူများ ဆန္ဒမဲပေးရန် စောင့်ဆိုင်းနေသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-သူရအောင်(ပြန်/ဆက်)



နေပြည်တော် ကောင်စီ နယ်မြေ ဇမ္ဗူသီရိ မြို့နယ် သပြေကုန်း ရပ်ကွက်ရှိ မဲရုံအမှတ်(၂၃)တွင် ပြည်သူများ ဆန္ဒမဲပေးရန် စောင့် ဆိုင်းစဉ်။
ဓာတ်ပုံ-မျိုးဇေယျာ(ပျဉ်းမနား)





ခြေနှစ်ဖက် မရှိသော်လည်း မသန်စွမ်းသူများ အသင်းကပေးသည့် ဘီးတပ်ကုလားထိုင်ဖြင့် ညောင်တုန်းမြို့နယ် ချောင်းကြီးကျေးရွာ မဲရုံအမှတ်(၁)သို့ ဆန္ဒမဲလာပေးသူတစ်ဦးကို တွေ့ရစဉ်။
ဓာတ်ပုံ-နေလင်း(ညောင်တုန်း)



ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၇)ရပ်ကွက် မဲရုံအမှတ်(၁) YMBA အသင်းချုပ်၌ ပြည်သူများ ဆန္ဒမဲပေးရန် စောင့်ဆိုင်းစဉ်။
ဓာတ်ပုံ-(၀၂၃)

# နိုင်ငံတစ်ဝန်း ပြည်သူများ တည်ငြိမ်အေးချမ်းစွာဖြင့် လွတ်လပ်စွာဆန္ဒမဲပေး



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဖြူးမြို့နယ် ကညွတ်ကွင်းကွင်းနောက်(၁)ရပ်ကွက် မဲရုံအမှတ်(၂)တွင် မဲပုံးအတွင်း ဆန္ဒမဲလက်မှတ်ထည့်စဉ်။ ဓာတ်ပုံ-(သတင်းစဉ်)



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပျော်ဘွယ်မြို့နယ် ပြည်တော်သာရပ်ကွက် မဲရုံအမှတ်(၂)တွင် မဲပုံးအတွင်း ဆန္ဒမဲလက်မှတ်ထည့်စဉ်။ ဓာတ်ပုံ-(သတင်းစဉ်)



စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ကွက် မဲရုံအမှတ်(၂)တွင် အဘွားအိုတစ်ဦး ဆန္ဒမဲပေးပြီးပြန်လာရာ လူမှုရေးအသင်းအဖွဲ့များက ကူညီပို့ဆောင်စဉ်။ ဓာတ်ပုံ-မျိုးဝင်း(စစ်ကိုင်း)



ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဲရုံအမှတ်(၁)၌ မဲဆန္ဒရှင်ပြည်သူများ လာရောက် မဲပေးနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အမှတ်(၂)ရပ်ကွက် အထက(၁) မဲရုံ(၃)၌ ဆန္ဒမဲပေးကြသူများအား အာဆီယံနိုင်ငံများမှ စောင့်ကြည့်လေ့လာရေးအဖွဲ့များ လာရောက်ကြည့်ရှုစဉ်။ ဓာတ်ပုံ-ရဲရဲ(ပျဉ်းမနား)



တာချီလိတ်မြို့နယ်အတွင်းရှိ မဲရုံတစ်ရုံ၌ ဆန္ဒမဲများအား ရေတွက်နေကြစဉ်။ ဓာတ်ပုံ-မောင်ယဉ်ကျေး



သန်လျင်မြို့ မြို့မတောင်ရပ်ကွက် မဲရုံအမှတ်(၂)၌ ဆန္ဒမဲများရေတွက်နေစဉ်။ သန်းဝင်း(သန်လျင်)

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် မဲရုံအမှတ်(၄)၌ ပြည်သူများ အေးချမ်းတည်ငြိမ်စွာ ဆန္ဒမဲပေးရန် တန်းစီစောင့်ဆိုင်းနေစဉ်။ ဓာတ်ပုံ-သက်ထက်



# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနိုင်ရန် မဲရုံမဖွင့်မီ နံနက်စောပိုင်းမှာပင် တန်းစီစောင့်ဆိုင်း

ရန်ကုန် နိုဝင်ဘာ ၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့နံနက် ၆ နာရီမှစတင်၍ နိုင်ငံတစ်ဝန်းရှိ သတ်မှတ်မဲဆန္ဒနယ်အသီးသီး၌ တစ်ပြိုင်တည်းကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ မဲဆန္ဒရှင်ပြည်သူ ငါးသန်းနီးပါး ဆန္ဒမဲပေးပိုင်ခွင့်ရှိကြောင်း သိရသည်။**




ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက်၌ မဲပေးရန်လာရောက်သည့် မဲဆန္ဒရှင်ပြည်သူများကို တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မဲရုံပေါင်း ၅၄၉၅ ရုံ ဖွင့်လှစ်ထားရှိရာ မဲဆန္ဒရှင်ပြည်သူများသည် တစ်ခဲနက် ဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံစတင်ဖွင့်ချိန် နံနက် ၆ နာရီမတိုင်မီ နံနက်စောပိုင်းမှပင် မဲရုံအများစု၌ တန်းစီစောင့်ဆိုင်းခဲ့ကြသည်။

ထိုသို့ မဲရုံအသီးသီးတွင် ပြည်သူများ တစ်ခဲနက်ဆန္ဒမဲပေးခဲ့ကြသည့်အတွက် ယခင်က လူစည်ကားရာ ရန်ကုန်မြို့တစ်ခွင်လုံးသည် ယနေ့ လူသွား လူလာ၊ ယာဉ်သွား ယာဉ်လာမှုများ ကင်းရှင်းလျက်ရှိကြောင်း တွေ့ရသည်။

ရန်ကုန်မြို့နေ ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲပေးနိုင်ရန် တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ အင်အား ၃၀၀၀ ကျော်နှင့် အထူးရဲ ၅၅၀၀ ခန့်တို့ဖြင့် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် နံနက် ၉ နာရီတွင် သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ ခရေမြိုင်လမ်းရှိ ဓမ္မာမက ဓမ္မာရုံတွင် ဖွင့်လှစ်ထားသည့် မဲရုံအမှတ်(၁)သို့ လာရောက်ဆန္ဒမဲပေးခဲ့ကြောင်း သိရသည်။

နံနက် ၈ နာရီ မိနစ် ၅၀ တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် လာရောက်ဆန္ဒမဲပေးရာ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂) ရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဖွင့်လှစ်ထားရှိသည့် မဲရုံအမှတ်(၂)နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရာ ကော့မှူးမဲဆန္ဒနယ်တို့မှာ ဥရောပသမဂ္ဂ အထွေထွေရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပ လေ့လာစောင့်ကြည့်ရေးအဖွဲ့ဝင်များနှင့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ၏ အထူးအာရုံစူးစိုက်ရာ မဲဆန္ဒနယ်များ ဖြစ်ခဲ့သည်။

## ရန်ကုန်အရှေ့ပိုင်းခရိုင်

ရန်ကုန်အရှေ့ပိုင်းခရိုင်၌ သယ်န်းကျွန်းမြို့နယ်၊ ရန်ကင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ သာကေတမြို့နယ်၊ ဒေါပုံမြို့နယ်၊ တာမွေမြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အပါအဝင် စုစုပေါင်း ၁၄ မြို့နယ်ရှိပြီး မဲရုံပေါင်း ၁၆၈၆ ရုံ ဖွင့်လှစ်ထားရှိရာ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူ တစ်သန်းခွဲကျော်ခန့်ရှိကြောင်း သိရသည်။

မဲဆန္ဒရှင်အရေအတွက် အများဆုံးမှာ မြောက်ဥက္ကလာပမြို့နယ်ဖြစ်ပြီး အနည်းဆုံးမှာ ပုဇွန်တောင်မြို့နယ် ဖြစ်ကြောင်း သိရသည်။

## ရန်ကုန်အနောက်ပိုင်းခရိုင်

ရန်ကုန်အနောက်ပိုင်းခရိုင်တွင် ကမာရွတ်၊ ကျောက်တံတား၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဆိပ်ကမ်း၊ ဒဂုံ၊ ပန်းပဲတန်း၊ ဗဟန်း၊ မရမ်းကုန်း၊ လသာ၊ လမ်းမတော်၊ လှိုင်နှင့် အလုံမြို့နယ်များအပါအဝင် စုစုပေါင်း ၁၃ မြို့နယ်ရှိပြီး မဲရုံပေါင်း ၅၄၉ ရုံဖွင့်လှစ်ထားရှိရာ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူ ခြောက်သိန်းခုနစ်သောင်းကျော်ခန့်ရှိကြောင်း သိရသည်။

မဲဆန္ဒရှင် အများဆုံးဖြစ်သည့် မရမ်းကုန်းမြို့နယ်တွင် မဲရုံပေါင်း ၁၁၆ ရုံရှိပြီး မဲဆန္ဒရှင် အနည်းဆုံးဖြစ်သည့် ဆိပ်ကမ်းမြို့နယ်တွင် မဲရုံ သုံးရုံသာ ရှိသည်။

မျက်မမြင်ကျောင်းများတည်ရှိရာ ကြည့်မြင်တိုင်၊ စမ်းချောင်းနှင့် မရမ်းကုန်းမြို့နယ်များတွင် မျက်မမြင် မဲဆန္ဒရှင်များအတွက် မျက်မမြင်သုံး သင်္ကေတဖြင့် ရိုက်နှိပ်ထားသည့် မဲလက်မှတ်များ ရရှိနိုင်မည့် မဲရုံသုံးရုံ ပါဝင်ကြောင်း သိရသည်။

အဆိုပါမဲရုံများတွင် ဆန္ဒမဲပေးရမည့် မျက်မမြင်များအနေဖြင့် သာမန်မဲလက်မှတ်နှင့် မျက်မမြင်သုံး သင်္ကေတဖြင့် ရိုက်နှိပ်ထားသည့် မဲလက်မှတ်နှစ်မျိုးအနက် မိမိနှစ်သက်ရာ မဲလက်မှတ်အမျိုးအစားကို ရွေးချယ်မဲပေးနိုင်ကြောင်း သိရသည်။ မျက်မမြင်မဲဆန္ဒရှင်များသည် မျက်မမြင်သုံးသင်္ကေတပါ ဆန္ဒမဲလက်မှတ်ဖြင့် ပထမဆုံးအကြိမ်ကိုယ်တိုင် ဆန္ဒမဲပေးခဲ့ကြသည်။



ရန်ကုန်မြို့ အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် မဲရုံ၌ မဲဆန္ဒရှင်ပြည်သူများမဲပေးရန် စနစ်တကျ စောင့်ဆိုင်းနေသည်ကို တွေ့ရစဉ်။

## ရန်ကုန်တောင်ပိုင်းခရိုင်

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ကိုကိုးကျွန်း၊ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလနှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်အပါအဝင် စုစုပေါင်း ၁၀ မြို့နယ်ရှိပြီး မဲရုံပေါင်း ၁၇၁၉ ရုံ ဖွင့်လှစ်ထားရှိရာ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် တစ်သန်းကျော်ရှိသည်။

သန်လျင်မြို့နယ်သည် မဲဆန္ဒရှင် တစ်သိန်းခုနစ်သောင်းကျော်ဖြင့် အများဆုံးဖြစ်ပြီး ကိုကိုးကျွန်းမြို့နယ်က မဲဆန္ဒရှင် ၁၅၇၃ ဦးဖြင့် အနည်းဆုံးဖြစ်ကြောင်း သိရသည်။

မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် "မဲရုံပရိဝုဏ်အတွင်း အထူးရဲကို တစ်ယောက်နှုန်းချထားတယ်။ မဲရုံမှူးနှင့် လုံခြုံရေးအဖွဲ့တွေကို ကော်မရှင်က ဖွဲ့ထားပြီးသားရှိတယ်။ ပရိဝုဏ်အတွင်း အထူးရဲရယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ မီးသတ်ရှိတယ်။ အပြင်မှာ သက်ဆိုင်ရာနယ်မြေက ရဲကင်းရှိမယ်။ ပြီးတော့ ရပ်ကွက်က အထောက်အကူပြုအဖွဲ့တွေရှိမယ်။ အားလုံးက စည်းငါးစည်းနဲ့ ဆောင်ရွက်ထားတယ်။ မဲရုံတွေကို များသောအားဖြင့် စာသင်ကျောင်းတွေမှာ လုပ်တာများပါတယ်။ သန်လျင်က စာသင်ကျောင်းတစ်ကျောင်းဆိုရင် မဲရုံလေးရုံ တစ်စုတစ်စည်းတည်းရှိနေတာကြောင့် လုံခြုံရေးအနေနဲ့ လုံခြုံမှုရှိတယ်။ ဒီရက်ပိုင်းအတွင်းမှာလည်း လှည့်ကင်း/ပတ်ကင်းတွေ ဆောင်ရွက်ထားတယ်" ဟု ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးက ဆိုသည်။

ရန်ကုန်တောင်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြတ်စိုးက "အခု ကြိုတင်မဲတွေ ဆောင်ရွက်တဲ့အခါမှာ ကျန်တဲ့သူတွေရှိတယ်။ သူတို့လျှောက်ထားပါလျက် နာမည်မပါရင် ကျွန်တော်တို့ ထပ်ပေးတယ်။ မဲပေးတဲ့အချိန်မှာ နာမည်မပါဘူးဆိုရင် ပုံစံ(၃)နဲ့ တင်ထားတာ မှန်ရင်ချက်ချင်း အချိန်မီ နောက်ဆက်တွဲ မဲစာရင်းဖြည့်ပြီး မဲပေးခွင့်ပေးတယ်။ မဲဆန္ဒရှင်မနစ်နာအောင် နောက်ဆုံးအချိန်အထိ မဲပေးခွင့်ရအောင် ကျွန်တော်တို့က ဆောင်ရွက်ပေးထားတယ်။ မဲပေးတဲ့သူတွေ အပြည့်အဝမဲပေးခွင့်ရအောင် ကြိုးစားဆောင်ရွက်ပေးနေပါတယ်။

လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကြီးဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားပြီး ဆောင်ရွက်ပေးနေပါတယ်" ဟု ပြောသည်။

## ရန်ကုန်မြောက်ပိုင်းခရိုင်

ရန်ကုန်မြောက်ပိုင်းခရိုင်တွင် လှိုင်သာယာ၊ လှည်းကူး၊ ထန်းတပင်၊ မှော်ဘီ၊ တိုက်ကြီး၊ အင်းစိန်၊ မင်္ဂလာဒုံနှင့် ရွှေပြည်သာအပါအဝင် စုစုပေါင်း ရှစ်မြို့နယ်ရှိပြီး မဲရုံ ၁၅၄၁ ရုံ ဖွင့်လှစ်ထားရှိရာ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် တစ်သန်းခုနစ်သောင်းကျော်ရှိ ကြောင်း သိရသည်။

မဲဆန္ဒရှင်အများဆုံးမြို့နယ်မှာ လှိုင်သာယာဖြစ်ပြီး မဲဆန္ဒရှင် ၄၄၇၉၀၅ ဦးနှင့် မဲရုံအရေအတွက် ၅၆၃ ရုံရှိသည်။ မဲဆန္ဒရှင်အနည်းဆုံးမြို့နယ်မှာ ထန်းတပင်ဖြစ်ပြီး မဲဆန္ဒရှင် ၉၅၆၃၃ ဦးနှင့် မဲရုံအရေအတွက်က ၁၀၄ ရုံ ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ခိုင်က "မသန်စွမ်းသူတွေ မဲပေးမယ့် မဲရုံတွေမှာ ဝိုးချဲတွေစီစဉ်ပေးထားတယ်၊ သူတို့ကိုယ်တိုင် တံဆိပ်တုံးထုပြီး မဲပေးမဲထည့်နိုင်အောင် အဆင်ပြေမယ့် ထိုင်ခုံတွေ၊ စားပွဲတွေ စီစဉ်ပေးထားပါတယ်။ လုံခြုံရေးအနေနဲ့ကတော့ မဲရုံတစ်ရုံချင်းစီမှာ အထူးရဲနှစ်ဦးစီနဲ့ ရပ်ကွက်တိုင်းမှာ ရဲတပ်စိတ်တစ်စိတ်စီ ချထားပေးပါတယ်။ ခရိုင်လုံခြုံရေးကော်မတီကနေ ကြီးကြပ်သွားမှာဖြစ်ပြီး အဲ့ဒီကော်မတီမှာ ခရိုင်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး ခရိုင်ရဲမှူးက အတွင်းရေးမှူးအဖြစ် တာဝန်ယူထားပါတယ်" ဟု ဆိုသည်။

"မဲရုံတွေမှာ မဲရေပြီးတာနဲ့ ရလဒ်ကို ထုတ်ပြန်ပေးသွားမှာပါ။ ရပ်ကွက်မဲရုံတွေက ရလဒ်တွေကို မြို့နယ်ကော်မရှင်ကိုပို့ပြီး ဘယ်သူနိုင်တယ်ဆိုတာ ရေတွက်သွားမှာပါ။ ဒီလုပ်ငန်းစဉ်မှာက တိုင်းဒေသကြီးတို့ ပြည်သူ့လွှတ်တော်တို့က အဖြေထွက်တာမြန်နိုင်ပေမယ့် မြို့နယ်တွေပေါင်းထားတဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ အမျိုးသားလွှတ်တော်ကတော့ တွက်ချိန်ပိုကြာနိုင်ပါတယ်။ အပြီးသတ်အနိုင် အရှုံးကိုတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရလဒ်စိစစ်ရေးအဖွဲ့က တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံး ရလဒ်တွေစုံမှ ထုတ်ပြန်ကြေညာပေးသွားမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယနေ့ကျင်းပသည့် အထွေထွေရွေးကောက်ပွဲကို နိုင်ငံတကာသံရုံး ၃၂ ရုံးမှ လေ့လာသူ ၄၇၀၊ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်ရေးအဖွဲ့ ခြောက်ခုမှ ၄၆၅ ဦး၊ ဒီမိုကရေစီနှင့်ရွေးကောက်ပွဲလုပ်ငန်းစဉ်များအတွက် အကူအညီပေးနေသည့် နိုင်ငံတကာ အဖွဲ့အစည်းကိုးခုမှ ၁၈၃ ဦးအပါအဝင် စုစုပေါင်း ပြည်ပလေ့လာစောင့်ကြည့်သူ ၁၁၁၈ ဦး၊ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အစည်း ၁၃ ခုမှ ၉၄၀၆ ဦး၊ ပြည်ပသတင်းမီဒီယာ ၄၅ ဖွဲ့မှ ၂၉၁ ဦးတို့အား စောင့်ကြည့်လေ့လာနိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူသက်သေခံကတ်ပြားများ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲရလဒ်များအား ကြေညာရာတွင် ပြည်သူအများ သိရှိမြင်သာစေရန်အတွက် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရန်ကုန်မြို့ ရွှေလီလမ်းရှိ ရွေးကောက်ပွဲကော်မရှင် သတင်းအချက်အလက် ဌာနတို့၌ မီဒီယာစင်တာနှစ်ခုကို ဖွင့်လှစ်ထားရှိလျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ မီဒီယာစင်တာကို ယနေ့မှ နိုဝင်ဘာ ၁၂ ရက်အထိ နံနက် ၈ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိပြီး မီဒီယာများအနေဖြင့် သက်ဆိုင်ရာကိုယ်စားလှယ်သတင်းသမားများမှတစ်ဆင့် သတင်းရယူနိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်(ရန်ကုန်သတင်းအဖွဲ့)**

### ❖ ကျောဖုံးမှ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

### အကြံပြုချက်

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုချက်ထုတ်ပြန်ထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# တိမ်အသင့်တင့် ဖြစ်ထွန်းမည်

**နေပြည်တော် နိုဝင်ဘာ ၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ နိုဝင်ဘာ ၉ ရက်တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်တင့်ဖြစ်ထွန်းမည်။ **(မိုး/ဇလ)**

# ကော့မှူးမြို့နယ်၌ ပြည်သူများဆန္ဒမဲပေးမှုကို မီဒီယာများနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ များလာရောက်သတင်းယူ

ကော့မှူး နိုဝင်ဘာ ၈

**ယနေ့ကျင်းပခဲ့သည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ကော့မှူးမြို့နယ်၌ ရပ်ကွက်ပေါင်း ခုနစ်ရပ်ကွက်နှင့် ကျေးရွာပေါင်း ၅၅ ရွာရှိပြီး မဲရုံပေါင်း ၁၅၅ ရုံတွင် ပြည်သူများ စိတ်အေးချမ်းစွာဖြင့် လာရောက်၍ ဆန္ဒမဲပေးခဲ့ကြသည်။ ကော့မှူးမြို့နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၉၂၁၃၈ ဦးရှိပြီး ပြည်တွင်း၊ ပြည်ပမှ မီဒီယာသမားများနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များလည်း လာရောက်သတင်းယူ စောင့်ကြည့်လေ့လာမှုများပြုလုပ်ခဲ့ကြသည်။**

ယင်းနေ့နံနက် ၆ နာရီတွင်မဲရုံများစတင်ဖွင့်လှစ်ခဲ့ရာ ပြည်သူများ အဆက်မပြတ်လာရောက်၍ ဆန္ဒမဲများ ပေးခဲ့ကြသည်။ ထို့နောက်ညနေ ၄ နာရီတွင် မဲရုံများပိတ်သိမ်း၍ သက်ဆိုင်ရာ မဲများကိုရေတွက် ခဲ့ကြကြောင်းသိရသည်။

"အခုသိရသလောက်တော့ ဒီနယ်မြေမှာ ဘာပြဿနာမှမရှိဘူး။ တချို့နေရာတွေမှာတော့ မသိပါဘူး" ဟု ကော့မှူးမြို့နယ်တွင် ရောက်ရှိနေသည့် ပြည်တွင်းမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့ဝင်တစ်ဦးက ညနေ ၄ နာရီခန့်တွင် ပြောသည်။

အဆိုပါမြို့နယ်တွင် နိုင်ငံရေးပါတီ ကိုးခုတို့မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ထိုသို့ဝင်ရောက်ယှဉ်ပြိုင်ကြရာတွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် နေရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ခေတ်သစ် ပြည်သူ့ပါတီ၊ အမျိုးသားတိုးတက်ရေးပါတီတို့မှလည်းကောင်း၊ အမျိုးသား လွှတ်တော်မဲဆန္ဒနယ် နေရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ညီညွတ်သောဒီမိုကရက်တစ်ပါတီ၊ မြန်မာနိုင်ငံ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်တို့က လည်းကောင်း၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)နေရာတွင် ညီညွတ်သောဒီမိုကရက်တစ်ပါတီ၊ မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့မှလည်းကောင်း၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) နေရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ညီညွတ်သော ဒီမိုကရက်တစ်ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ကရင်ပြည်သူ့ပါတီစသည့် ပါတီတို့မှ ကိုယ်စားလောင်းများ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။

**ဇော်ကြီး (ပဏိတ)**



ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် အဖျောက်ကျေးရွာအုပ်စု မဲဆန္ဒနယ် အမှတ်(၂)၌ ဆန္ဒမဲ လာရောက်ပေးကြသည့် ပြည်သူများနှင့် သတင်းရယူကြသည့် ပြည်ပမီဒီယာအဖွဲ့အစည်းများကို တွေ့ရစဉ်။

# ရန်ကုန်မြို့၌ မဲဆန္ဒပေးသူများ မဲရုံတိုင်းတွင် စိတ်အားထက်သန်စွာဖြင့် ဆန္ဒမဲလာရောက်ပေး၊ မြို့တွင်းလမ်းများ၌ ယာဉ်၊ လူအသွားအလာရှင်း

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်မြို့မဲရုံများ၌ နိုဝင်ဘာ ၈ ရက် (တနင်္ဂနွေနေ့)တွင် လာရောက် မဲဆန္ဒပေးသူအများအပြား တန်းစီစောင့်ဆိုင်းနေမှုကို မြင်တွေ့ရသည်။ မဲရုံဖွင့်ချိန် နံနက် ၆ နာရီ မတိုင်မီ ကတည်းက ကြိုတင်တန်းစီစောင့်ဆိုင်းမှုများ ရှိနေသည်။

လမ်းမတော်မြို့နယ် လမ်းသစ်လမ်းရှိ (၃)ရပ်ကွက် မဲရုံအမှတ်(၁)၌ နံနက် ၆ နာရီ မဲရုံမှူးက မဲရုံဖွင့်လှစ်ပြီဖြစ်ကြောင်း မဲဆန္ဒလာရောက်ပေးသူများရှေ့တွင် အသိပေးကြေညာပြီးနောက် မဲဆန္ဒပေးမှုစတင်ခဲ့သည်ကို မြင်တွေ့ရသည်ဟု မဲဆန္ဒလာရောက်ပေးသည့် လမ်းသစ်လမ်းနေ ကိုစိန်ဝါးက ဆိုသည်။

မဲရုံအများစုရှိရာ လမ်းမတော်မြို့နယ် အနော်ရထာလမ်းမဝန်းကျင်၌ မဲဆန္ဒပေးရန် တန်းစီစောင့်ဆိုင်းသောမြင်ကွင်းများ မြင်တွေ့နေရသည်။ မဲရုံအချို့တွင် မဲဆန္ဒလာပေးသူများ သက်သောင့်သက်သာရှိရန် ကုလားထိုင်များချထားပေးသည်။ မဲရုံတိုင်းတွင် သက်ကြီးရွယ်အိုများကို ထိုင်ခုံများတွင်စောင့်ဆိုင်းထိုင်နေခြင်းမျိုး မြင်တွေ့ရသည်။ သက်ကြီးရွယ်အိုများကို မဲရုံပရိဝုဏ်သာမက ကားလမ်းများဖြတ်ကျော်သည်အထိ ကူညီစောင့်ရှောက်ပေးမှုများပါ မြင်တွေ့ရသည်။

လမ်းမတော် (၅) ရပ်ကွက်တွင် မဲရုံနှစ်ရုံဖွင့်လှစ်ထားရာ မဲရုံတစ်ရုံလျှင် မဲဆန္ဒပေးခွင့်ရှိသူ ၁၈၀၀ ခန့်ရှိသည်ဟု ယင်းရပ်ကွက်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ နေ့လယ်ပိုင်းတွင်  မဲရုံရှေ့ပရိဝုဏ်အတွင်း တန်းစီရခြင်းမရှိတော့ဘဲ မဲရုံအတွင်း တိုက်ရိုက်ဝင်၍ ရသည်အထိ ရှင်းလင်းသွားသည်ဟု ယင်းမဲရုံအနီးနေထိုင်သူတစ်ဦးက ဆိုသည်။

မဲရုံများရှိသော လမ်းသွယ်များတွင် လမ်းဘေးဈေးရောင်းချခွင့်ပိတ်ထားရာ ယင်းနေရာများတွင် ရှင်းလင်းနေသည်ဟု လသာမြို့နယ် ၁၈ လမ်း အထက်လမ်းတွင် နံနက်ပိုင်း ဈေးဝယ်နေသည့် အိမ်ရှင်မတစ်ဦးက ဆိုသည်။

ရန်ကုန်မြို့တွင်နေထိုင်သူ အများစု မဲဆန္ဒပေးရာတွင် စိတ်အားထက်သန်စွာလုပ်ဆောင်ခြင်း၊ လုပ်ငန်းအများစု ပိတ်ထားခြင်းတို့ကြောင့် ကားလမ်းမများပေါ်တွင် ယာဉ်နှင့်လူအသွားအလာ ရှင်းလင်းနေသည်။ နေ့စဉ် တနင်္ဂနွေနေ့ပါမကျန် ယာဉ်ပိတ်ဆို့နေတတ်သော ဆူးလေနှင့် အနော်ရထာလမ်းဆုံ၊ လှည်းတန်းနှင့်ပြည်လမ်းဆုံ၊ ရှစ်မိုင် ပြည်လမ်းဆုံ၊ ကြည့်မြင်တိုင် ကမ်းနားလမ်းနှင့် ဟုမ်းလမ်းဆုံ၊ ကမ္ဘာအေးစေတီလမ်းတို့တွင် ယာဉ်အသွားအလာ ရှင်းလင်းနေသည်။ လိုင်းကားများ ပြေးဆွဲမှုနည်းသကဲ့သို့ စီးနင်းသူလည်းနည်းပါးရာ ဝင်ငွေအရနည်းသဖြင့် ညနေပိုင်းပြေးဆွဲမှု နည်းလာသည်ဟု လိုင်းကားစီးခရီးသည်တစ်ဦးက ဆိုသည်။

နေ့လယ်ပိုင်းမဲရုံအချို့တွင် မဲဆန္ဒလာပေးသူများ နည်းသွားသော်လည်း အချို့သောမဲရုံများတွင် များပြားနေဆဲဖြစ်ရာ လမ်းမတော်အနော်ရထာလမ်းပေါ်ရှိ မဲရုံဝန်းကျင်များတွင်နေကာ ထီးများဖွင့်လှစ်ထားပေးသည်ကို မြင်တွေ့ရသည်။ မဲဆန္ဒပေးပြီးနောက် ထွက်ပေါ်လာမည့် ရလဒ်အဖြေကို မဲဆန္ဒပေးခဲ့သူများ စောင့်မျှော်နေကြကြောင်း သိရသည်။

**ခင်ဆိုင်**



ရန်ကုန်မြို့ အနော်ရထာလမ်းမကြီး၌ ယခင်က မော်တော်ယာဉ်များဖြင့် ယာဉ်ကြောကျပ်တည်းခဲ့သော်လည်း ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ယာဉ်အသွားအလာ ရှင်းလင်းနေသည်ကို တွေ့ရစဉ်။

# ထီးချိုင့်မြို့နယ်တွင် မဲပုံးပြည့်နေ၍ အခက်အခဲတွေ့

**ထီးချိုင့် နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ကြက်တကောင်ကျေးရွာတွင် မဲပုံးပြည့်နေသဖြင့် ကျန်မဲဆန္ဒရှင်များအတွက် အခက်အခဲဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ထီးချိုင့်မြို့နယ် ကော်မရှင်က ဆာလာအိတ်ကို နှစ်ထပ်ပြုလုပ်ကာ ယာယီအားဖြင့် ပြုလုပ်ရန်အကြံပြုကြောင်း၊ ယင်းသို့ပြုလုပ်ခြင်းကို ပါတီဝင်များ၏သဘောတူညီချက်ကိုရယူကာ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မဲပုံးအစား ဆာလာအိတ်အတွင်း ထည့်ထားသောဆန္ဒမဲလက်မှတ်များကို ပျောက်ပျက်မှုမရှိစေရန် ကြိုးဖြင့်စနစ်တကျစည်းပြီး ချိပ်ပိတ်ကာဆောင်ရွက်ထားရန် ထီးချိုင့်မြို့နယ် ကော်မရှင်က ညွှန်ကြားထားကြောင်း သိရသည်။

အဆိုပါထီးချိုင့်မြို့နယ်အတွင်းရှိ ကြက်တကောင်ကျေးရွာသည် လူဦးရေ ၃၄၃၁ ဦးရှိကြောင်း ထီးချိုင့်မြို့နယ် ကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**လူအောင်(ကသာ)**



**ရန်ကုန်မြို့ ကန်တော်ကလေး(အရှေ့)ရပ်ကွက် ၉၃ လမ်းမှ ဒေါ်စန်း ၇၉ နှစ်မှာ ခြေတစ်ဖက် မသန်စွမ်းဖြစ်သော်လည်း မဲရုံသို့ဆန္ဒမဲသွားပေးရာ တာဝန်ရှိသူများက ဖေးမကူညီနေမှုကို တွေ့ရစဉ်။**

ဓာတ်ပုံ - အောင်သန်း(မင်္ဂလာတောင်ညွန့်)

# ကော့မှူးမြို့နယ် ကရင်စုကျေးရွာ၌ ဆန္ဒမဲပေးပြီး မူးလဲ၍ အမျိုးသားတစ်ဦး သေဆုံး

**ရန်ကုန် နိုဝင်ဘာ ၈** ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် တလုတ်ထော်ကျေးရွာအုပ်စုရှိ ကရင်စုရွာမဲရုံ၌ အမျိုးသားတစ်ဦးမဲပေးပြီးနောက် မူးလဲသွား၍ နေအိမ်သို့ပြန်ပို့ခဲ့ပြီးနောက် သေဆုံးသွားကြောင်း သိရသည်။ တလုတ်ထော်ကျေးရွာ၌ သပြုစမ်းမူလတန်းကျောင်းမဲရုံ၊ ဒညင်းဆိပ်မူလတန်းကျောင်းမဲရုံ၊ တလုတ်ထော်မူလတန်းကျောင်းမဲရုံနှင့် ကရင်စုဓမ္မာရုံတို့ဖြစ်ပြီး မဲပေးနိုင်သော ပြည်သူ ၈၆၀ ရှိရာ နံနက် ၉ နာရီ ၃၅ မိနစ်တွင် ကရင်စု ဓမ္မာရုံမဲရုံသို့မဲပေးရန်လာသော ဦးစိန်ဝင်း (၄၅ နှစ်)မှာ မဲပေးပြီးနောက် မူးလဲသွားသည့်အတွက် အိမ်သို့ပို့ဆောင်ခဲ့ရာ သေဆုံးသွားကြောင်း သိရသည်။

"ဒီနေ့ ကော့မှူးမြို့နယ်က မဲရုံတွေအားလုံး အေးအေးချမ်းချမ်းနဲ့ မဲပေးတာကို တွေ့ရတယ်။ ထူးခြားတာတစ်ခုက တလုတ်ထော်အုပ်စုက ကရင်စုဓမ္မာရုံမဲရုံမှာ မဲပေးတဲ့ ရွာသားတစ်ဦးမဲပေးပြီး မူးလဲသွားလို့ အိမ်ပြန်ပို့တော့ သေဆုံးသွားတယ်လို့ မြို့နယ်ကို အကြောင်းကြားတယ်" ဟု မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအောင်မြတ်က ပြောသည်။

**မောင်သင်းပျံ့(လှိုင်သာယာ)**

# မြန်မာနိုင်ငံ ရွေးကောက်ပွဲသမိုင်းတစ်လျှောက်တွင် မရှိသေးသည့် မျက်မမြင်သုံးသင်္ကေတအသုံးပြု၍ မျက်မမြင်များကိုယ်တိုင် ပထမဆုံးအကြိမ် ဆန္ဒမဲပေးနိုင်ခဲ့

အင်တာဗျူး-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ-ဖိုးထောင်

**၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်သည် ပြည်သူများစိတ်ပါဝင်စား၍ ပါဝင်မှုအများအပြားရှိခဲ့သည့် အထွေထွေရွေးကောက်ပွဲကိုကျင်းပနိုင်သည့် နေ့တစ်နေ့ပင် ဖြစ်သည်။ ၂၀၁၅ ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးခဲ့ကြရာတွင် မသန်သော်လည်း စွမ်းကြသည့်မျက်မမြင်များလည်း ပါဝင်ခဲ့သည်။ မျက်မမြင်များအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲနှင့် ၂၀၁၂ ရွေးကောက်ပွဲများတွင် ကိုယ်တိုင်ကိုယ်ကျ မဲပေးနိုင်ခြင်းမရှိဘဲ အကူအညီယူ၍ မဲပေးခဲ့ကြခြင်းဖြစ်သည်။ ယခု ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ယခင်ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲများနှင့်မတူညီဘဲ မျက်မမြင်သုံးသင်္ကေတများပါရှိသည့် Template(ပုံစံပြား)များဖြင့် ပထမဆုံးအကြိမ်အဖြစ် ကိုယ်တိုင်ကိုယ်ကျ လျှို့ဝှက်ဆန္ဒမဲ ပေးနိုင်ခဲ့ကြသည်။**

မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ် မျက်မမြင်သုံးသင်္ကေတများပါရှိသည့် Template (ပုံစံပြား) အသုံးပြုကာ မဲပေးနိုင်ရေးအတွက် ကိုယ်တိုင်ကိုယ်ကျကြိုးစားခဲ့သည့် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ဦးအောင်လွင်ဦးနှင့် ပထမဆုံးအကြိမ် မျက်မမြင်သုံးသင်္ကေတဖြင့် ကိုယ်တိုင်ကိုယ်ကျ မဲပေးခွင့်ရခဲ့သည့် မနန်းနီလာခိုင်တို့အား မြန်မာ့သတင်းစဉ်က ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းတောင်ရပ်ကွက် ကြည့်မြင်တိုင်မျက်မမြင်ကျောင်း မဲရုံအမှတ်(၂)သို့ သွားရောက်၍ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။



ဦးအောင်လွင်ဦး ကွန်ပျူတာ သင်ကြားရေးမှူး (ကြည့်မြင်တိုင် မျက်မမြင် ကျောင်း)

**မေး ။ ။ ဒီမိုကရေစီ အသွင်ကူးပြောင်းပြီးနောက်မှာ ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲသုံးခုကို မဲပေးခဲ့ရတဲ့ ကွာခြားချက်က ဘာများဖြစ်မလဲ။**

ဖြေ ။ ။ ကျွန်တော့်အသက်က ၃၅နှစ်ရှိပါပြီ။ ကျွန်တော် ၂၀၁၀ မှာလည်း မဲပေးခဲ့ဖူးပါတယ်။ ၂၀၁၂ မှာလည်း မဲပေးခဲ့ဖူးပါတယ်။ အခု ၂၀၁၅ အတွက်လည်း မဲပေးပြီးသွားပါပြီ။ ၂၀၁၀ နဲ့ ၂၀၁၂ ရွေးကောက်ပွဲမှာဆိုရင် ကျွန်တော်တို့မျက်မမြင်တွေက ဘေးက တစ်ယောက်ရဲ့ အကူအညီကိုယူပြီး မဲပေးခဲ့ရတယ်။ မဲလက်မှတ်ပါပါဝင်တဲ့ ပါတီတွေနဲ့ကိုယ်စားလှယ်လောင်းတွေ နာမည်ကို ဘေးကအကူက ဖတ်ပြတယ်။ ကျွန်တော်က မဲပေးချင်တဲ့ ပါတီကို ပါးစပ်ကနေ ဖြေပေးလိုက်တဲ့အခါမှာ သူက အဲ့ဒီပါတီဘေးမှာ အမှန်ခြစ်ပေးပါတယ်။ ဒါဟာ ကျွန်တော့်ရဲ့ လျှို့ဝှက်ဆန္ဒမဲမပီပြင်ဘူးလို့ ကျွန်တော်ခံစားမိတယ်။

အခု ၂၀၁၅ မှာတော့ ကျွန်တော်မျက်မမြင်စာ Template(ပုံစံပြား)နဲ့ မဲလက်မှတ်ကို ကြားညှပ်ပေးပါတယ်။ တံဆိပ်တုံးထုရမယ့်နေရာမှာ Template (ပုံစံပြား)ကို အပေါက်ဖောက်ထားတယ်။ တုံးထုရမယ့်နေရာနဲ့ Template မှာ မျက်မမြင်စာနဲ့ ဖော်ပြထားတဲ့ပါတီတွေကို ကွက်တိဖြစ်အောင် ချိန်ညှိထားတယ်။ ဒီတော့ မဲဆန္ဒရှင်က မျက်မမြင်စာပါတဲ့ Template (ပုံစံပြား)ကို စမ်းပြီး မိမိနှစ်သက်ရာပါတီကို တံဆိပ်တုံးထုပြီး ရွေးချယ်မဲပေးရပါတယ်။ ဒီတော့ ကျွန်တော်ဘယ်သူ့ကို ဘယ်ပါတီကို မဲပေးလိုက်တယ်ဆိုတာ ဘယ်သူမှမသိတော့ဘူး။ တကယ့်ကို ဒါဟာ လျှို့ဝှက်ဆန္ဒမဲစစ်စစ်ဖြစ်တယ်လို့ ကျွန်တော် ခံစားရတယ်။

**မေး ။ ။ Template(ပုံစံပြား)တွေနဲ့ မဲလက်မှတ်လုပ်ဖို့ ပုံစံထုတ်နိုင်တယ်ဆိုတဲ့ စိတ်ကူးမျိုးကို ဘယ်လိုရရှိခဲ့တာပါလဲ။ ဘယ်လိုအကြောင်းအရာတွေကြောင့် ဒါကို လုပ်ချင်ခဲ့ရတာပါလဲ။**

ဖြေ ။ ။ ဒီ Template (ပုံစံပြား)တွေက ကျွန်တော်တို့လို မသန်စွမ်းတွေစုစည်းပြီး စဉ်းစားထားတဲ့ စိတ်ကူးတစ်ခုပါပဲ။ ကျွန်တော်က ဒါကို ဦးဆောင်ပြီး လုပ်ခဲ့တာပါ။ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ ပြီးတဲ့နောက်ပိုင်းကတည်းက ကျွန်တော်တို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC)နဲ့ အကြိမ်ကြိမ်ဆွေးနွေးခဲ့တယ်။ မျက်မမြင်တွေ၊ မသန်စွမ်းသူတွေဟာ လုံခြုံစိတ်ချစွာနဲ့ ကိုယ့်ရဲ့ လျှို့ဝှက်ဆန္ဒမဲကို ပီပြင်အောင်ပေးနိုင်ဖို့အတွက်ပါ။ ကျွန်တော်ကတော့ လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ဆွေးနွေးတယ်။ ပထမကတော့ မျက်မမြင်စာနဲ့ မဲလက်မှတ်ဖန်တီးဖို့ စိတ်ကူးကြတယ်။ ဒါပေမယ့် မျက်မမြင်စာတွေဟာ မဲပုံးထဲမှာ ရောက်သွားတဲ့အခါမှာ သီးသန့်ဖြစ်နေတော့ ကျွန်တော်တို့ မျက်မမြင်တွေဟာ ဘယ်သူတွေကို မဲပေးခဲ့တယ်ဆိုတာ တခြားလူတွေ သိနိုင်တယ်။ ဒါဟာ လျှို့ဝှက်ဆန္ဒမဲ မဟုတ်တော့ဘူး။ ဒီတော့ အင်ဒိုနီးရှားအပါအဝင် တခြားနိုင်ငံတွေမှာ သုံးနေတဲ့ Template (ပုံစံပြား) သုံးတဲ့ပုံစံကို အတုယူလိုက်တာပါ။ ဒါကို UEC ကလည်း သဘောတူခဲ့ပါတယ်။ Template (ပုံစံပြား)မှာ မျက်မမြင်သင်္ကေတထည့်တာကို အောက်တိုဘာ ၂၄ ရက်ကနေစပြီး ကျွန်တော်တို့ လုပ်ခဲ့ကြပါတယ်။

**မေး ။ ။ ရွေးချယ်ခံမယ့် ပါတီတွေအနေရဲ့ အချက်အလက်တွေကို ဘယ်လိုနည်းလမ်းတွေနဲ့ရရှိပါသလဲ။ ဘယ်လိုပုံစံတွေနဲ့ ပါတီတွေ၊ ရွေးချယ်ခံမယ့် ပုဂ္ဂိုလ်တွေက မဲဆွယ်ခဲ့ကြပါသလဲ။**

ဖြေ ။ ။ ကျွန်တော်တို့ နေထိုင်တာက အစိုးရဝင်းဖြစ်တဲ့အတွက်ကြောင့် ဟောပြောပွဲတွေတော့ လုပ်ခွင့်မပြုပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ဆီကို လက်ကမ်းစာဆောင်တွေ လာပေးရင်တော့ ကျွန်တော်တို့ ယူထားပါတယ်။ ဒါတွေကိုလည်း မျက်မမြင်အများစုကို ကျွန်တော်တို့ ဖတ်ပြပါတယ်။

**မေး ။ ။ အခု အစ်ကိုဆန္ဒမဲပေးခဲ့တဲ့ ကိုယ်စားလှယ်လောင်းကသာ အနိုင်ရခဲ့မယ်ဆိုရင် အစ်ကို့အနေနဲ့ ဘာတွေကိုမျှော်လင့်မလဲ။**

ဖြေ ။ ။ ကျွန်တော်တို့အတွက် ပွင့်လင်းမြင်သာတဲ့ ဒီမိုကရေစီနိုင်ငံတစ်ခုကို မျှော်လင့်မိပါတယ်။

**မေး ။ ။ မျက်မမြင်စာTemplate(ပုံစံပြား)နဲ့ မဲပေးနိုင်ဖို့အတွက် မဲမပေးခင် ဘယ်လို ကြိုတင်လေ့ကျင့်မှုတွေ ပြုလုပ်ခဲ့ရပါသလဲ။**

ဖြေ ။ ။ ဒါက မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ်ပဲ။ အရင်က ဒါမျိုးတွေမရှိသေးဘူး။ ဒီတော့ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းအပြင် အခြားမျက်မမြင်တွေ အများစုရှိတဲ့နေရာ ကိုးခုကိုလည်း လူမှုဝန်ထမ်းဦးစီးဌာနက ဖြန့်ဝေထားပါတယ်။ ကြည့်မြင်တိုင်မြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ မိတ္ထီလာမှာ နေရာနှစ်ခု၊ ပြင်ဦးလွင်၊ မုံရွာ၊ စစ်ကိုင်းနဲ့ မြစ်ကြီးနားမှာပါ။ ဒီနေရာတွေမှာလည်း ကျွန်တော်တို့က Template (ပုံစံပြား)ကို ဘယ်လိုအသုံးပြုရလဲဆိုတာကို မဲလက်မှတ် နမူနာတွေနဲ့ လေ့ကျင့်ခဲ့ရပါတယ်။ **(အောက်ပုံ)**

**မေး ။ ။ ဒါဆိုရင် အခု ကြည့်မြင်တိုင် မကျည်းတန်းတောင် အရှေ့ရပ်ကွက် မဲရုံအမှတ်(၂)မှာ ဆန္ဒမဲပေးခွင့်ရှိတဲ့ မျက်မမြင်ဦးရေ ဘယ်နှယောက် ရှိပါသလဲ။ ဆရာတို့မျက်မမြင်စာ Template (ပုံစံပြား) လုပ်ပေးခဲ့ရတယ်ဆိုတဲ့ နေရာကိုးနေရာအတွက်**



**ဘယ်နှယောက်လောက်ရှိပါသလဲ။**

ဖြေ ။ ။ ဆန္ဒမဲပေးဖို့ အသက်ပြည့်ပြီးတဲ့ ကျောင်းသား ဦးရေ ၅၄ ဦးနဲ့ ဝန်ထမ်း၊ မှီခို ကိုးဦး ရှိပါတယ်။ စုစုပေါင်း ၆၃ ဦးပါ။ နေရာကိုးနေရာအတွက်တော့ လူ ၃၅၀ လောက်ရှိမယ်။ တစ်နိုင်ငံလုံးကိုတော့ ခြုံပြီး ပြောလို့မရဘူး။ မျက်မမြင်တွေက နေရာအနှံ့မှာ ပျံ့နှံ့နေတဲ့အတွက် ကျောင်းတွေရှိတဲ့ နေရာလောက်မှာပဲ ကျွန်တော်တို့ လုပ်နိုင်ပါတယ်။



မနန်းနီလာခိုင် (အသက် ၂၇၊ တတိယနှစ်၊ ဒဿနိကဗေဒ) ကြည့်မြင်တိုင် မျက်မမြင် ကျောင်း

**မေး ။ ။ ပထမဆုံးအကြိမ် မျက်မမြင်စာ သင်္ကေတ Template(ပုံစံပြား)နဲ့ ကိုယ်တိုင်ရွေးချယ်ပြီး မဲပေးခွင့်ရတဲ့ အတွေ့အကြုံက ဘယ်လိုရှိပါသလဲ။**

ဖြေ ။ ။ ကျွန်မတို့ ကြိုတင်လေ့ကျင့်ထားဖူးတော့ အခက်အခဲတော့မရှိဘူး။ ပျော်ပါတယ်။ ကိုယ့်ရဲ့ရင်ထဲက ဆန္ဒအမှန်၊ ပါတီရဲ့နာမည်တွေ၊ ကိုယ်စားလှယ်ရဲ့ နာမည်တွေကို ကိုယ်တိုင်ဖတ်လို့ရတယ်။ ကိုယ်တိုင်ရွေးချယ်နိုင်တယ်။ လျှို့ဝှက်ပြီးတော့ ပေးလို့ရတဲ့အတွက် အလွန်သဘောကျတယ်။ အများကြီးပျော်တယ်။ ဒီရွေးကောက်ပွဲကနေစပြီး ကျွန်မတို့မသန်စွမ်းတွေ သန်စွမ်းတဲ့သူတွေနဲ့ တန်းတူအခွင့်အရေး ရလာတော့မယ်ဆိုတဲ့ မျှော်လင့်ချက်တွေလည်း ဖြစ်စေတယ်။

**မေး ။ ။ ဒါဆိုရင် ဒီနေ့ အစ်မအနေနဲ့ လွှတ်တော် ဘယ်နှခုကို မဲပေးခဲ့ရလဲ။ မဲမပေးခင်မှာ ပါတီတွေနဲ့ ကိုယ်စားလှယ်တွေရဲ့ အချက်အလက်တွေကို အမအနေနဲ့ ဘယ်လိုနည်းလမ်းတွေနဲ့ ရရှိခဲ့ပါသလဲ။**

ဖြေ ။ ။ ပထမဆုံးအနေနဲ့ ပြည်သူ့လွှတ်တော်၊ ဒုတိယက အမျိုးသားလွှတ်တော်၊ တတိယက တိုင်းဒေသကြီးလွှတ်တော်။ ကျွန်မတို့ကို မျက်မမြင်စာနဲ့ လက်ကမ်းစာစောင်တွေကို ကျောင်းကဆရာတွေက ထုတ်ပေးတယ်။ ကျွန်မတို့က အဲ့ဒီစာကို ဖတ်ကြည့်ပြီးရင် ဘယ်ပါတီကို ဘယ်သူကဦးဆောင်တယ်၊ ဘာတွေလုပ်မယ်ဆိုတာကို သိရတယ်။ ကျွန်မတို့နိုင်ငံအတွက် အမှန်တကယ်လုပ်ပေးနိုင်မယ်လို့ ကျွန်မထင်တဲ့သူကို ရွေးချယ်ပြီး ပေးခွင့်ရခဲ့တာပါ။

**မေး ။ ။ ဒီနေ့ အစ်မဆန္ဒမဲပေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကသာ အနိုင်ရမယ်၊ လွှတ်တော်ထဲရောက်မယ်၊ အစိုးရဖြစ်လာမယ်ဆိုရင် သူတို့ဆီကနေ ဘာတွေကို မျှော်လင့်ပါသလဲ။**

ဖြေ ။ ။ သူတို့တွေအားလုံးက နိုင်ငံတစ်နိုင်ငံလုံးအတွက် ဦးဆောင်ပြီး ကောင်းရာတွေလုပ်ကြတဲ့အခါမှာ ကျွန်မတို့အတွက်လည်း ပါဝင်မယ်လို့တော့ မျှော်လင့်ထားပါတယ်။

## ကျိုင်းတုံမြို့အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ ပျော်ရွှင်စွာမဲပေး

**ကျိုင်းတုံ နိုဝင်ဘာ ၈** ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပရာ ကျိုင်းတုံမြို့၌ နံနက် ၆ နာရီမှ စတင်၍ မြို့နယ်အတွင်းရှိ မဲရုံများစတင်ဖွင့်လှစ်ပြီး မဲပေးခြင်းများ ပြုလုပ်သည်။ကျိုင်းတုံမြို့အတွင်းရှိ ပြည်သူများ လွတ်လပ်ပျော်ရွှင်စွာဖြင့် မဲဆန္ဒများပေးနေစဉ်အတွင်း နိုင်ငံတကာလေ့လာစောင့်ကြည့်ရေးအဖွဲ့များ၊ ပါတီနိုင်ငံရေးကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ မီဒီယာများနှင့် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်များက လွတ်လပ်စွာဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မှုကို လေ့လာကြည့်ရှုကြသည်။

ကျိုင်းတုံမြို့အတွင်း မဲရုံပေါင်း ၁၁၉ ရုံ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)၊ ဗမာ၊ လားဟူ၊ အာခါ၊ ကချင်၊ အင်းသား၊ ကယန်း(ပဒေါင်)၊ လီဆူတိုင်းရင်းသားများဖြင့် မဲဆန္ဒရှင်ပြည်သူများ မဲရုံများသို့ သွားရောက်လေ့ရှိပြီး မဲဆန္ဒရှင်ပေါင်း ၁၁၉၆၂ ဦးရှိကြောင်း သိရသည်။ **အေးမောင်(ကျိုင်းတုံ)**


**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အောင်ရတနာလမ်း၊ လူနေရပ်ကွက်အမှတ် တောင်ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး၊ မြေကွက်အမှတ် (၄၂၂/က)၊ ဧရိယာ (ပေ၂၀×ပေ၆၀)အကျယ်အဝန်းရှိ နှစ် ၆၀ဂရန်မြေဟုခေါ်တွင်သော မြေကွက်မှာ ဦးတင်ဝင်း ISN-544243 မှ အမည်ပေါက်ပြီး၊ အဆိုပါ (ပေ၂၀×ပေ၆၀)မြေကွက်ပေါ်တွင် (၁၀ပေ× ပေ၆၀) အကျယ်အဝန်းရှိ နှစ်ခန်းတွဲအဆောက်အအုံမှ (ခေါင်းရင်းခန်း)(၁၀ပေ×ပေ၆၀)ကို ဦးမြင့်သန်း ၁၂/ဒဂတ(နိုင်)၀၁၉၉၄၅နှင့် ဒေါ်စန်းစန်းဝေ ၁၂/ဥကတ(နိုင်)၀၉၃၃၈၀တို့က အမွေစားအမွေခံ ကိတ္တိမသားသမီးမွေးစားစာချုပ်အမှတ် ၆၄၈၁/၂၀၁၀အရလည်းကောင်း၊ (ခြေရင်းခန်း)( ၁၀ပေ ×ပေ၆၀)ကို ဒေါ်လှကြည် ၁၂/သဃက(နိုင်)၀၇၄၅၄၃က အရပ်ကတိစာချုပ်ဖြင့်လည်းကောင်း အသီးသီးပိုင်ဆိုင်ကြပြီး ၎င်းတို့မှ အပေါင်အနှံအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသောကြောင့် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်လှိုင် LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၈၁)
အမှတ် (၃/ခ)၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ဖယ/၃၆၅၉၉၊ Honda Click 125, M/C ယာဉ် လက်ဝယ်ရှိသူ ဦးသက်နိုင်ထွေး ၉/ပသက(နိုင်)၁၁၅၀၈၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3J-2705 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

Y.E.S. Since 1994 ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများအောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

| | | | |
|---|---|---|---|
| **Basic Spoken English** | | **Grammar Foundation Course** | |
| Mon to Thurs-7:30-9:30 am | 16,30 Nov | Sat & Sun - 9:00-12:00 am | 14 Nov |
| Mon to Thurs-3:00-5:00pm | 16 Nov | Mon to Thurs-10:00-12:00am | 16 Nov |
| Mon to Thurs-1:00-3:00pm | 16 Nov | Mon to Thurs-3:00-5:00pm | 23 Nov |
| Sat & Sun - 3:45-6:45 pm | 21 Nov | **Structure & Written Expression** | |
| MontoThurs 5:30-7:00 pm | 23 Nov | Mon to Thurs - 1:00-3:00pm | 23 Nov |
| Mon to Thurs-10:00-12:00am | 23 Nov | Mon to Thurs - 5:30-7:00pm | 23 Nov |
| Sat & Sun - 12:30-3:30 pm | 28 Nov | Sat & Sun - 3:30-6:30pm | 28 Nov |
| Mon to Thurs-1:00-3:00pm | 30 Nov | IELTS(TestPractice), IELTS(Foundation), IELTS(Speaking) | |
| **Pre-Intermediate English** | | SAT, API, AWC, TOEFL, IE, VEC, BWC | |
| Mon to Thurs-5:00-7:00 pm | 23 Nov | | |
| Mon to Thurs-10:00-12:00 am | 23 Nov | | |

No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. Ph: 01-243950, 246910

# မသင်္ကာသူအား ခေါ်ယူစစ်ဆေးရာ ငွေကျပ်သိန်း ၁၅၀ ခိုးမှုပေါ်

**နေပြည်တော် နိုဝင်ဘာ ၈**

နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော် လယ်ဝေးမြို့နယ် အမှတ်(၆) ရပ်ကွက်နေ ဆိုင်ကယ်ကယ်ရီ မောင်းနှင်သူ ကိုဝင်းဇော်စိုး၏ နေအိမ်သို့ ရောက်ရှိတည်းခိုနေသည့် ရှမ်းပြည်နယ် ရွှေညောင်မြို့ မိုင်းတောက်ရပ်ကွက်နေ စိမ်းရောင်စိုး(၁၈နှစ်)မှာ အလုပ်အကိုင် အတည်တကျမရှိဘဲ ငွေကြေးအလွန်အကျွံ သုံးစွဲနေကြောင်း သတင်းအရ လယ်ဝေးမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ခေါ်ယူစစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ စိမ်းရောင်စိုးသည် အောက်တိုဘာ ၁၀ ရက် ည ၁၁ နာရီခွဲခန့်က မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ၎င်းအလုပ်လုပ်ကိုင်နေသည့် အလုပ်ရှင်ထံမှ ငွေကျပ်သိန်း ၁၅၀ ကို ခိုးယူကာ မန္တလေးမြို့ပေါ်ရှိ တည်းခိုခန်းတစ်ခု၌တည်းခိုပြီး သုံးဖြုန်းပျော်ပါးခဲ့ကြောင်း၊ ထို့နောက် ဖခင်ဖြစ်သူ၏ မိတ်ဆွေအား ရှာဖွေရန် နိုဝင်ဘာ ၂ ရက် ညတွင် လယ်ဝေးမြို့သို့ ရောက်ရှိခဲ့ပြီး ကိုဝင်းဇော်စိုး၏ ဆိုင်ကယ်ကို ငှားရမ်း၍ လိုက်လံရှာဖွေသော်လည်း မတွေ့ရှိသဖြင့် ကိုဝင်းဇော်စိုး၏နေအိမ်၌ ခေတ္တတည်းခိုနေထိုင်ခဲ့ကြောင်း၊ ကျန်ရှိသည့်ငွေများအား သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် သက်သေများနှင့်အတူ သွားရောက်ရှာဖွေခဲ့ရာ ကိုဝင်းဇော်စိုး၏နေအိမ်ရှိ ၎င်း၏ လက်ဆွဲအိတ်အတွင်းမှ ငွေကျပ် ၅၂၉၀၀၀၀၊ Huawei အဖြူရောင် လက်ကိုင်ဖုန်းနှစ်လုံးနှင့် ခိုးယူရရှိသည့်ငွေဖြင့် ဝယ်ထားသည့် ဆိုင်ကယ်တစ်စီးတို့ကို တွေ့ရှိ၍ သိမ်းဆည်းကာ စိမ်းရောင်စိုးအား လယ်ဝေးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မိုင်းနင်းမိ၍ အမျိုးသမီးတစ်ဦးဒဏ်ရာရ

**မိုးညှင်း နိုဝင်ဘာ ၈**

မိုင်းနင်းမိသဖြင့် နန့်မွန်းကျေးရွာမှ နန့်ပဟဲကျေးရွာသို့ ဈေးရောင်းသွားသူ ကချင်ပြည်နယ် နန့်မွန်းကျေးရွာမှ မနီလာဝင်း(၂၈နှစ်)၏သမီးမှာ မိုင်းစမှန်ဒဏ်ရာများရရှိခဲ့သော ဖြစ်ရပ်တစ်ခု နိုဝင်ဘာ ၆ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်နေရာမှာ နန့်ပဟဲကျေးရွာမှ အနောက်မြောက်ဘက် လေးမိုင်ခန့်အကွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မနီလာဝင်းကို လုံးတုံတိုက်နယ်ဆေးရုံမှတစ်ဆင့် မိုးညှင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ အတွင်းလူနာအဖြစ် ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။ **(၀၆၃)**

# အမျိုးသားတစ်ဦး တည်းခိုခန်းအတွင်း အပုပ်နံ့ထွက် သေဆုံးနေ

**မိုးညှင်း နိုဝင်ဘာ ၈**




အမျိုးသားတစ်ဦး ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမတွေ့ရဘဲ အပုပ်နံ့ထွက်ကာ သေဆုံးနေသည်ကို နိုဝင်ဘာ ၇ ရက် ည ၇ နာရီခွဲက ကချင်ပြည်နယ် မိုးညှင်းမြို့ နားခါးရပ်ကွက် ဘူတာအနီး ခိုင်ရွှေဝါတည်းခိုခန်း အမှတ်(၉)တွင် တွေ့ရသည်။

သေဆုံးသူမှာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာတွင် နေထိုင်သူ ဦးဝင်းထွန်းဖြစ်ပြီး ဈေးရောင်းသူဖြစ်သည်။ သေဆုံးသူ ဦးဝင်းထွန်းမှာ အောက်တိုဘာ ၂၅ ရက်က ခိုင်ရွှေဝါတည်းခိုခန်းမှ မန်နေဂျာ ဒေါ်ခင်ချိုဦးထံ မှတ်ပုံတင်ဖြင့် တည်းခိုခဲ့ကြောင်း၊ ဦးဝင်းထွန်းမှာ အောက်တိုဘာ ၂၇ ရက်တွင် ရထားပေါ် ဈေးရောင်းထွက်ခွာသွားပြီး နိုဝင်ဘာ ၂ ရက်တွင် ပြန်လည်တည်းခိုခဲ့ကြောင်း၊ နိုဝင်ဘာ ၃ ရက်အထိ ဦးဝင်းထွန်းကိုတွေ့ရပြီး အခန်းတံခါးပိတ်ထားသဖြင့် အခန်းသန့်ရှင်းရေးမလုပ်နိုင်ခဲ့ကြောင်း၊ နိုဝင်ဘာ ၇ ရက်တွင် မမိုးမိုးနိုင်က သန့်ရှင်းရေးပြုလုပ်ရန် သွားရောက်စဉ် အခန်းခုတင်ပေါ်တောင်ဘက်သို့ ခေါင်းပြုစောင်ခြုံလျက် အပုပ်နံ့ထွက်နေသည်ကို တွေ့ရသဖြင့် မန်နေဂျာကို ပြောပြရာ မန်နေဂျာက မိုးညှင်းမြို့မရဲစခန်းသို့ အကြောင်းကြားခဲ့သည်။

အဆိုပါ သေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်/မဟုတ် သိရှိနိုင်ရန် သက်ဆိုင်ရာက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၀၆၃)**

# ကျော်တက်သည့်ယာဉ် ပွတ်တိုက်မိ၍ သုံးဘီးဆိုင်ကယ်တိမ်းမှောက်

**နေပြည်တော် နိုဝင်ဘာ ၈**

နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် တပ်ကုန်းကျေးရွာအနီး နေပြည်တော်-ကံပြား ကားလမ်းမိုင်တိုင်အမှတ်(၅၂/၂-၃)ကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

စစ်ဆေးချက်အရ ကံပြားဘက်မှ မြို့သစ်ဘက်သို့ လှိုင်မင်းဦး(၃၅နှစ်) မောင်းနှင်လာသော ယာဉ်သည်ရှေ့မှ သိန်းသန်းဌေး(၂၂နှစ်) မောင်းနှင်သည့် သုံးဘီးဆိုင်ကယ်ကို ကျော်တက်စဉ် ယာဉ်၏နောက်ပိုင်းဖြင့် သုံးဘီးဆိုင်ကယ်၏ဝဲဘက်ခြမ်းကို ပွတ်တိုက်မိ၍ သုံးဘီးဆိုင်ကယ်မှာ လမ်းယာဘက်ခြမ်းသို့ လဲကျတိမ်းမှောက်ခဲ့သည်။

သုံးဘီးဆိုင်ကယ်ပေါ်တွင်လိုက်ပါလာသူ ၁၁ ဦးအနက် မအေးချမ်းမြေ့(၁ နှစ် ၇ လ)တွင် ဒဏ်ရာများရရှိသေဆုံးကာ မအေးအေးသင်းပါ ၁၀ ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မောင်း လှိုင်မင်းဦးကို မြို့သစ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရွေးကောက်ပွဲမဲပေးရန် ရန်ကုန်မြို့ယာဉ်လိုင်းများ အလှည့်ကျပြေးဆွဲ

**ရန်ကုန် နိုဝင်ဘာ ၈**

နိုဝင်ဘာ ၈ ရက်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူများနည်းတူ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အားလုံးမှ အလွှာစုံပြည်သူများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား ဆန္ဒမဲပေးရွေးချယ်သည့်နေ့ဖြစ်သည်။

ဆန္ဒမဲပေးကြသည့်နေ့ဖြစ်ခြင်းကြောင့် ယနေ့တွင် ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် ယာဉ်လိုင်းအားလုံးနီးပါးမှ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့ကလည်း သက်ဆိုင်ရာ မြို့နယ်မဲရုံများ၌ အလှည့်ကျမဲပေးကြ၍ ယာဉ်လိုင်းအများစုမှာ အလှည့်ကျပြေးဆွဲပေးကြောင်း သိရသည်။

"ကျွန်တော်က ဒီတစ်ကြောင်းဆွဲပြီး ဂိတ်ရင်းပြန်ရောက်ရင် မဲပေးဖို့နားမှာပါ။ ညနေပိုင်းကျရင် တခြား ယာဉ်မောင်းတစ်ယောက်က ဝင်ပြီးမောင်းမှာပါ။ ယာဉ်လိုင်းက လုံးဝပိတ်တာ မရှိပါဘူး"ဟု သဃ်န်းကျွန်း-ရန်ကုန်(မော်တင်)ပြေးဆွဲနေသည့် အမှတ် ၃၉ ယာဉ်ကြီးလိုင်းမှ ယာဉ်မောင်းတစ်ဦးက ပြောသည်။

လိုင်းကားများပြေးဆွဲမှု ရပ်နားခြင်းကြောင့် ရန်ကုန်မြို့တွင်းသို့ လုပ်ငန်းတာဝန်အရ မဖြစ်မနေ လုပ်ငန်းခွင်ဝင်ကြရသည့် သတင်းမီဒီယာဝန်ထမ်းများ၊ အခြားသော ခရီးသွားများအနေဖြင့် ယခင်နေ့များက ပုံမှန်လိုင်းကားတစ်ဆင့်သာ စီးနေကျခရီးကို ယနေ့တွင် နှစ်ဆင့်၊ သုံးဆင့်စီးပါမှ လုပ်ငန်းဌာနသို့ရောက်ကြောင်း၊ ခရီးစရိတ် ပိုမိုကုန်ကျကြောင်း သိရသည်။

ဆိုင်ပိုင်ရှင်များ၊ ဈေးရောင်းဈေးဝယ်များ၊ ဈေးအကူများအားလုံး မဲဆန္ဒပေးနိုင်ရေးအတွက် ယခင်က နိုင်ငံတော်နေ့ထူးနေ့မြတ်နှင့် ဥပုသ်နေ့များ၌သာ ဈေးပိတ်သည့် ရန်ကုန်မြို့ရှိအကြီးဆုံး လက်လီ၊ လက်ကားရောင်းချသည့် မင်္ဂလာဈေးကြီး၊ ယခင် လုံးဝပိတ်ရက်မရှိသည့် ယုဇနပလာဇာ ဈေးကြီးတို့လည်း ယနေ့တွင် ဈေးအရောင်းပိတ်ထားကြောင်း သိရသည်။

**ကိုချစ်**

# ပဲကြိတ်ခုံ မီးဖိုခေါင်တိုင်မှတစ်ဆင့် မီးကူးကာ မီးလောင်

**မန္တလေး နိုဝင်ဘာ ၈**

မန္တလေး မဟာအောင်မြေမြို့နယ် မဟာအရှေ့ရပ်(၈၁ × ၃၉) လမ်းထောင့်တွင် အကွက်----ရှိ ဦးတင်ပြုံး၏ ပြည်ကျော်ကဖေးနောက်ဖေးရှိ ခြေတံရှည်ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုးကာ၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေခန့်ရှိ အိမ်တစ်လုံး နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီ မိနစ် ၅၀ ခန့်က ပဲကြိတ်ခုံ မီးဖိုနှင့် မီးခိုးခေါင်တိုင်မှတစ်ဆင့် မီးလောင်မှု ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ မီးလောင်ရာသို့ မီးသတ်ကား ၁၀ စီးနှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၇၀ နှင့် ပြည်သူများကဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ အိမ်ရှင် ဦးတင်ပြုံးကို မီးပေါ့ဆစွာ အသုံးပြုမှုအတွက် အမှတ်(၉)ရဲစခန်း၌ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင်**


တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954

ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှည်းတန်းယာဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

**(မြို့လယ်ကျောင်း)**

**BASIC ENGLISH SPEAKING**

| | | |
|---|---|---|
| 6 - 7:30 | (Mon ~ Thurs) | 2 Nov |
| 9 - 12:00 | (Sat + Sun) | 14 Nov |
| 7:30 - 9 | (Mon ~ Thurs) | 16 Nov |
| 10 - 11:30 | (Mon ~ Thurs) | 30 Nov |

**BASIC FOUR SKILLS ENGLISH**

| | | |
|---|---|---|
| 3:30 - 5 | (Mon ~ Thurs) | 2 Nov |
| 6 - 7:30 | (Mon ~ Thurs) | 2 Nov |
| 7:30 - 9 | (Mon ~ Thurs) | 16 Nov |
| 10-11:30 | (Mon ~ Thurs) | 16 Nov |
| 1 - 2:30 | (Mon ~ Thurs) | 23 Nov |

**BASIC GRAMMAR**

| | | |
|---|---|---|
| 1 - 4:00 | (Sat + Sun) | 7 Nov |
| 3:30 - 5 | (Mon ~ Thurs) | 30 Nov |

**PRE-INTERMEDIATE (4-SKILL ENGLISH)**

| | | |
|---|---|---|
| 3:30 - 5 | (Mon ~ Thurs) | 2 Nov |
| 10-11:30 | (Mon ~ Thurs) | 16 Nov |
| 12 - 3:00 | (Sat + Sun) | 21 Nov |
| 1 - 2:30 | (Mon ~ Thurs) | 23 Nov |
| 6 - 7:30 | (Mon ~ Thurs) | 30 Nov |

**INTERMEDIATE (ACADEMIC ENGLISH)**

| | | |
|---|---|---|
| 1 - 4:00 | (Sat + Sun) | 7 Nov |
| 10-11:30 | (Mon ~ Thurs) | 16 Nov |

**VOCAB ENRICHMENT**

| | | |
|---|---|---|
| 1 - 4:00 | (Sat + Sun) | 15 Nov |
| 1 - 2:30 | (Mon ~ Thurs) | 16 Nov |

**BASIC WRITING**

| | | |
|---|---|---|
| 12 - 3:00 | (Sat + Sun) | 14 Nov |

**INTEMEDIATE GRAMMAR**

| | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 28 Dec |

**(လှည်းတန်းကျောင်းခွဲ)**

**BASIC ENGLISH SPEAKING**

| | | |
|---|---|---|
| 3:30-5:30 | (Mon ~ Thurs) | 11 Nov |
| 7:30-10:30 | (Sat + Sun) | 21 Nov |

**BASIC GRAMMAR**

| | | |
|---|---|---|
| 7:30-10:30 | (Sat + Sun) | 14 Nov |

**PRE-INTERMEDIATE (4-SKILL ENGLISH)**

| | | |
|---|---|---|
| 6 - 7:30 | (Mon ~ Thurs) | 16 Nov |
| 7:30 - 9 | (Mon ~ Thurs) | 30 Nov |

**BASIC FOUR SKILLS ENGLISH**

| | | |
|---|---|---|
| 3:30 - 5 | (Mon ~ Thurs) | 9 Nov |
| 6 - 7:30 | (Mon ~ Thurs) | 9 Nov |
| 1 - 3:00 | (Mon ~ Thurs) | 11 Nov |
| 7:30 - 9 | (Mon ~ Thurs) | 16 Nov |
| 7:30-10:30 | (Sat + Sun) | 21 Nov |
| 10-11:30 | (Mon ~ Thurs) | 30 Nov |
| 1 - 2:30 | (Mon ~ Thurs) | 30 Nov |

**IELTS (Preparation)**

| | | |
|---|---|---|
| 1 - 3:30 | (Mon ~ Thurs) | 16 Nov |
| 7:30-9:30 | (Mon ~ Thurs) | 30 Nov |

**IELTS (Writing)**

| | | |
|---|---|---|
| 7:30-10:30 | (Sat + Sun) | 31 Oct |

**IELTS (Speaking)**

| | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 2 Nov |

**IELTS (Reading)**

| | | |
|---|---|---|
| 1 - 3:00 | (Mon ~ Thurs) | 30 Nov |

**IELTS (Grammar)**

| | | |
|---|---|---|
| 10-11:30 | (Mon ~ Thurs) | 23 Nov |



**အမည်မှန်**

အထက(ပင်းပက်)၊ တက္ကသိုလ်ဝင်တန်းမှ မောင်သန်းနိုင်၏ အမည်မှန်မှာ မောင်ခွန်သန်းနိုင်ဖြစ်ပါကြောင်း။

**မောင်ခွန်သန်းနိုင်**

**ဖခင်အမည်မှန်**

တောင်ကြီးမြို့နယ်၊ တောင်နီအထက၊ အဋ္ဌမတန်း(ခ)မှ မနုနုဝေ၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဦး ၁၃/တကန(နိုင်) ၁၇၄၀၇၅ ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းဦး**

**အမည်မှန်**

အထက(ပင်းပက်)၊ တက္ကသိုလ်ဝင်တန်းမှ မသွယ်သွယ်မိုး၏ အမည်မှန်မှာ မနန်းသွယ်သွယ်မိုး ဖြစ်ပါကြောင်း။

**မနန်းသွယ်သွယ်မိုး**

**အမည်ပြောင်း**

ဦးခင်ဇော် ၁၃/ညရန(နိုင်)၀၅၅၅၆၅ ၏ သမီး အထက(၂)ညောင်ရွှေ၊ အဋ္ဌမတန်း(က)မှ မနန်းဇင်ဇော်မွန်အား ယနေ့မှစ၍ မခင်သီရိဇော်ဟု ပြောင်းလဲခေါ်ပါရန်။

**မခင်သီရိဇော်**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် (၆၉)၊ မြေကွက်အမှတ် (၁၀၆၀)၊ အိမ်အမှတ် ၁၀၆၀၊ မင်းလှစည်သူ(၂)လမ်း၊ အမှတ်(၆၉)ရပ်ကွက်၊ အကျယ်အဝန်း(ပေ၄၀×ပေ၆၀)ဟု ခေါ်တွင်သော ပါမစ်မြေကွက်၏ တရားဝင်အမည်ပေါက် ဦးဖေတင် ၁၂/အစန(နိုင်)၀၈၂၆၈၁ထံမှ အဆင့်ဆင့်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အေးသန်း(ခ)ဒေါ်အေးအေးသန်း ၁၂/ဒဂတ(နိုင်) ၀၁၂၇၃၁ မှ ကျွန်ုပ်မိတ်ဆွေထံ တစ်ဆင့် ပြန်လည်ရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေသည် အထက်ဖော်ပြပါ ပါမစ်မြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။ ဤမြေကွက်နှင့်ပတ်သက်သော ကန့်ကွက်လိုသူများ မြေကွက်၏မူရင်းစာရွက်စာတမ်းများနှင့်တစ်ကွ ကျွန်ုပ်ထံ ဤကြော်ငြာပါ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မြတ်မြတ်စိုး (စဉ်-၇၄၆၇)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၂၅၄၂၁၄၄၂၉၊ ၀၉-၇၈၂၁၆၁၅၉၃**


**ငြင်းချက်ထုတ်ရန်သမ္မန်စာ**

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**
**မန္တလေးခရိုင်တရားမရုံး၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၉၅**

အောင်ကန်ဘိုထရေးဒင်းကုမ္ပဏီလီမိတက် **နှင့်** စံပါရမီသတ္တုထုတ်လုပ်မှုကုမ္ပဏီ
(တာဝန်ခံမန်နေဂျာ ဦးစိုးဝင်းအောင်) (၎င်း၏အစုရှယ်ယာဝင်ဒေါ်အေးအမ်)
**တရားလို** **တရားပြိုင်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်အမှတ် ၂/၁၃၆ May Flower Centre စံပါရမီသတ္တုထုတ်လုပ်မှုကုမ္ပဏီ (၎င်း၏အစုရှယ်ယာဝင်ဒေါ်အေးအမ်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို အောင်ကန်ဘိုထရေးဒင်းကုမ္ပဏီလီမိတက်(တာဝန်ခံမန်နေဂျာ ဦးစိုးဝင်းအောင်)က မော်တော်ယာဉ်ဖိုးကျန်ငွေကျပ်သိန်း ၃၅၀ ရလိုမှု(သို့မဟုတ်) တရားလို တရားပြိုင်တို့၏ သဘောတူညီချက်အရ မော်တော်ယာဉ်များအား ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်ချိုချို)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**မန္တလေးခရိုင်တရားရုံး**

# ပါတီ၊ အဖွဲ့အစည်း၊ မီဒီယာများနှင့် ပြည်သူအားလုံးပူးပေါင်းမှုဖြင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပ

နေပြည်တော် နိုဝင်ဘာ ၈

**၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုင်ငံတကာမှ လေ့လာစောင့်ကြည့်သူများကလည်း လေ့လာစောင့်ကြည့်ခဲ့ရာ ရွေးကောက်ပွဲရလဒ်နှင့် မဲဆန္ဒရှင်များ၏ ခံစားချက်များ၊ မဲပေးစဉ်ကြုံတွေ့ရသည့် အခက်အခဲများ စသည်ဖြင့် လေ့လာစောင့်ကြည့်ခဲ့ကြပြီး မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲမှ မဲဆန္ဒရှင်အများစုမှာ voter education ပြည့်ဝသည့်အတွက် မီဒီယာများနှင့် ရွေးကောက်ပွဲကော်မရှင်တို့၏ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးမှုကောင်းမွန်ခဲ့ကြောင်း ပြောကြားကြသည်။**

ရွေးကောက်ပွဲ ရလဒ်များနှင့် ရွေးကောက်ပွဲအခြေအနေ အဆိုးအကောင်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သိရှိရန် ကြိုးစားနေဆဲဖြစ်သဖြင့် ဝေဖန်ပြောဆိုရန်အတွက် အဆင်သင့်မဖြစ်သေးသော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် မဲဆန္ဒရှင်များက အားတက်သရော မဲပေးကြသည်ကို မြင်တွေ့ရပြီး အေးချမ်းစွာ ပြီးဆုံးခဲ့ခြင်းကို ကြားသိရသဖြင့် အတိုင်းထက်အလွန် ဝမ်းမြောက်ကြောင်း ဥရောပသမဂ္ဂ၏ သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာက ပြောကြားသည်။

"ရွေးကောက်ပွဲက နိုင်ငံအတွက် အလွန်အရေးကြီးတာကို ပြည်သူတွေအားလုံး လက်ခံပြီး ရွေးကောက်ပွဲကို အားလုံးလာရောက်မဲထည့်ကြတာကို ကြားသိရလို့ ကျေနပ်ဝမ်းသာပါတယ်။ အစိုးရ၊ နိုင်ငံရေးပါတီအသီးသီး၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ မီဒီယာတွေအပါအဝင် ပြည်သူအားလုံးရဲ့ ပူးပေါင်းမှုနဲ့ အောင်မြင်ခဲ့တယ်လို့ ထင်ပါတယ်။ ရလဒ်နဲ့ပတ်သက်တဲ့ အခြေအနေတွေအားလုံးကိုတော့ လေ့လာစောင့်ကြည့်ရေးအဖွဲ့ဝင်တွေအားလုံးက နေရာအသီးသီးမှာ လေ့လာစောင့်ကြည့်နေကြတာမို့ မနက်ဖြန်ဆိုရင် အဖြေကိုသိနိုင်ပါပြီ" ဟု သံအမတ်ကြီးက ပြောကြားသည်။

ထို့ပြင် အာဆီယံနိုင်ငံများမှ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့သည်လည်း နေပြည်တော်ကောင်စီနယ်မြေရှိ မဲရုံများသို့ သွားရောက်လေ့လာခဲ့ပြီး မဲရုံမှူးများ၊ ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်များအား တွေ့ဆုံကာ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဆွေးနွေးစောင့်ကြည့်မှုများ ပြုလုပ်ခဲ့ကြသည်။ ၎င်းတို့အဖွဲ့တွင် အဖွဲ့ဝင် ၂၂ ဦးပါဝင်ပြီး အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် အာဆီယံနိုင်ငံများမှအဖွဲ့ဝင်များပါဝင်ကြောင်း သိရသည်။

"အာဆီယံအနေနဲ့ မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲကို လာရောက်လေ့လာတာ ဒုတိယအကြိမ်ဖြစ်ပါတယ်။ ကျွန်မတို့တစ်တွေဟာ ရွေးကောက်ပွဲအပါအဝင် နိုင်ငံရေးနဲ့ ပတ်သက်လို့တော့ အထူးကျွမ်းကျင်သူတွေ မဟုတ်ကြပါဘူး။ ဒါ့အပြင် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်မှုကိစ္စရပ်ဟာ အာဆီယံရဲ့တာဝန်လည်း မဟုတ်ပါဘူး။ သို့သော် ရွေးကောက်ပွဲမှာ လာရောက်လေ့လာသုံးသပ်ဖို့အတွက် မြန်မာနိုင်ငံက ဖိတ်ကြားပါတယ်။ ဒါကြောင့် ဝမ်းသာစွာနဲ့ လာရောက်လေ့လာပါတယ်။ အကျိုးကျေးဇူးတွေက နောင်အနာဂတ် မြန်မာနိုင်ငံအရေးကို ပိုပြီးသိမြင်လာနိုင်သလို ရေရှည်ပူးပေါင်းဆောင်ရွက်မှုတွေမှာလည်း ပိုမိုကောင်းမွန်စေမယ်လို့ မျှော်လင့်ပါတယ်"ဟု အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒူရှုဒီး စီရစ်ချ်ချန်နာက ဖြေကြားသည်။



ဥရောပသမဂ္ဂ သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာ

အာဆီယံအဖွဲ့အစည်းမှ တာဝန်ရှိသူများက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မဲရုံများသို့ သွားရောက်ကာ **(ဝဲပုံ)**မဲဆန္ဒရှင်များနှင့်လိုက်လံတွေ့ဆုံခဲ့ပြီး မဲပေးခြင်းနှင့် စပ်လျဉ်းသည့် အသိပညာများနှင့် ပြည်သူများ၏ မျှော်လင့်ချက်များ၊ အခက်အခဲများကို မေးမြန်းလေ့လာခဲ့ကြောင်းသိရသည်။

မြန်မာ့ရွေးကောက်ပွဲအပေါ် ကိုရီးယား၊ ဆွီဒင်(ရန်ကုန်ရုံးခွဲ)၊ ပြင်သစ်၊ ဂျပန်၊ နယူးဇီလန်၊ နယ်သာလန်၊ နော်ဝေ၊ ဗြိတိန်၊ ကနေဒါ၊ ဒိန်းမတ်၊ ဩစတြေးလျနှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံတို့မှ သံရုံးများနှင့် ကုလသမဂ္ဂတို့က ထောက်ခံအားပေးလျက်ရှိကြောင်း ကြေညာချက်များကို အသီးသီးထုတ်ပြန်ခဲ့ကြပြီး နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် မြန်မာပြည်သူများကို ဆက်လက်အားပေးကူညီရန် အခိုင်အမာဆုံးဖြတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကာလ ဖြစ်စဉ်တစ်ခုလုံးနှင့် ၂၀၁၆ ခုနှစ် အစိုးရသစ်တစ်ရပ် ဖွဲ့စည်းနိုင်သည်အထိ အနီးကပ်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

"မဲဆန္ဒရှင်တွေနဲ့လည်း တွေ့ဆုံခဲ့သလို ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေနဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ အားလုံးက ပျော်ရွှင်စွာမဲပေးနေကြတာကို မြင်ခဲ့ရပါတယ်။ ကျွန်တော် ဒီနေ့မှာ ဗိုလ်တထောင်နဲ့ မှော်ဘီမှာရှိတဲ့ တပ်မဲရုံတွေကို သွားရောက်ခဲ့သလို ပုဇွန်တောင်၊ ကျောက်တံတားနဲ့ စမ်းချောင်းမြို့နယ်က မဲရုံတွေကိုလည်း ကိုယ်တိုင်သွားရောက် လေ့လာခဲ့ပါတယ်။ ရွေးကောက်ပွဲကနေ မှန်ကန်တဲ့ ကိုယ်စားလှယ်လောင်းတွေ ထွက်ပေါ်လာစေဖို့ ကျွန်တော်တို့ကလည်း ပူးပေါင်းပါဝင် ပေးနေပါတယ်"ဟု ဗြိတိသျှသံအမတ်ကြီး အင်ဒရူး ပတ်ထရစ်က ပြောကြားသည်။

ဗြိတိသျှသံရုံးအနေဖြင့်လည်း မြန်မာနိုင်ငံ၏ သမိုင်းဝင်ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာရန်အတွက် အဖွဲ့ပေါင်း ၂၅ ဖွဲ့ကို ဖွဲ့စည်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ စေလွှတ်ကာလေ့လာနေခြင်းဖြစ်ပြီး မနက်ဖြန်တွင် ရွေးကောက်ပွဲကော်မရှင်မှ ထွက်ပေါ်လာမည့် ရလဒ်များနှင့် ယနေ့ မြင်တွေ့ခဲ့ရသည့် အချက်အလက်များကို တိုက်ဆိုင်ပြီးချိန်တွင် သတင်းထုတ်ပြန်ချက်များ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မျိုးဇေယျာ၊ ခင်ရတနာ**
**ဓာတ်ပုံ-ကိုမျိုး(ရွှေပေါက်ကံ)၊ သံရုံးများ**



❂ *ကျော်ဖုံး*

ခင်သန်းဝေ၊ အေးအေးမိုး၊ ဇင်မာထွန်း၊ လဲ့လဲ့လှိုင်၊ ရူပါခိုင်၊ မေစံပယ်ဖူး၊ ဝင်းသိင်္ဂီထွန်း၊ မေသူကျော်၊ လှယဉ်ဝင်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းမှာ မိနစ် ၇၀ ကျော် ဟိုချီမင်းတိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့သော်လည်း ၇၅ မိနစ်တွင် ပေးလိုက်ရသည့်တစ်ဂိုးတည်းဖြင့် ရှုံးသွားရခြင်းဖြစ်သည်။ မြန်မာအသင်းမှာ တိုက်စစ်ပိုင်း အားနည်းချက်များ ရှိခဲ့၍ ဂိုးမရခဲ့ခြင်းဖြစ်သည်။

ပွဲအပြီးတွင် ဗီယက်နမ်ကလပ် ဟိုချီမင်းစီးတီးအသင်းက ကိုးမှတ်ဖြင့် ပထမ၊ မြန်မာအသင်းက ခြောက်မှတ်ဖြင့်ဒုတိယရရှိခဲ့သည်။ ဟောင်ကောင်လက်ရွေးစင် အမျိုးသမီးအသင်းက တတိယရရှိသည်။ **(မြန်မာ့အလင်း)**

❄ *ကျော်ဖုံး*

မန်စီးတီးတို့အနေဖြင့် နိုင်ပွဲရရှိပြီး ဇယားထိပ်၌ ဆက်လက်ရပ်တည်နိုင်ရန် ကြိုးစားသော်လည်း သရေပွဲဖြင့်သာ ပွဲပြီးဆုံးခဲ့ရသည်။

ပွဲစဉ် ၁၂ အပြီး မန်စီးတီးတို့ ရမှတ် ၂၆ မှတ်ရရှိပြီး အက်စ်တွန်ဗီလာက ငါးမှတ်သာရရှိထားသည်။

## အီတလီစီးရီးအေ

**ပွဲစဉ် (၁၂) အနိုင်/အရှုံး**

| | | |
|---|---|---|
| တိုရီနို | ၀-၁ | အင်တာ |
| အမ်ပိုလီ | ၁-၃ | ဂျူဗင်တပ်စ် |
| ဖီရိုစီနွန်နီ | ၂-၂ | ဂျီနိုအာ |
| ပါလာမို | ၁-၀ | ချီယေဗို |
| ရိုးမား | ၂-၀ | လာဇီယို |
| ဆက်ဆူအိုလို | ၁-၀ | ကာပီ |

## ဂျာမနီ ဘွန်ဒက်စ်လီဂါ

**ပွဲစဉ် (၁၂) အနိုင်/အရှုံး**

| | | |
|---|---|---|
| ဒေါ့မွန် | ၃-၂ | ရှော်လ်ကေး |

**သီဟ-ရေးသည်**


PQI အသိအမှတ်ပြုစင်တာ
ဦးသန့်ဇော် B.Sc.IC.Q,DA, DMP, MBA, ACCA (pro)
LCCI I,II&III Diploma သင်တန်းများ
I&II 14 Nov/III 28 Nov 2015 စမည်
I&II Sec (A): Mon to Wed 6:00 - 7:45 pm (သုံးလပြတ်)
Sec (B): Mon to Wed 7:00 - 8:30 am
Sec (C): Sat - Sun 9:00 - 11:00 am
ORION Business School (ဒဂုံစင်တာအနီး)
၂၆၇၊ ပ-ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း။ 09 5115997


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၇၈၈၀၈ Yamaha FZ 150 MC ယာဉ်လက်ဝယ်ရှိသူ ဦးရဲလင်းထွန်း ၉/မတရ(နိုင်)၁၈၃၉၈၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီမြေရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာအကျိုးအမြတ်ရရှိသောတိုက်ခန်းအား ကန်ထရိုက်တာထံမှဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးခွန်းရွယ်(ကယန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ (ကစ)ဦးသိန်းထွန်း ၁၂/မဂတ(နိုင်)၀၆၅၈၂၇(မှ) ဦးနှစ်ကောင်း ၁၂/ဗတထ(နိုင်)၀၂၆၇၈၅(မှ) | ဒေါ်ခင်ခင်ဆွေ ၁၂/ဗဟန(နိုင်)၀၈၂၄၄၀ ဒေါ်မျိုးစည်သူလင်း ၁၂/ဗဟန(နိုင်)၀၈၂၆၀၂ | တိုက်အမှတ် ၅၄၊ အခန်းအမှတ် ၇လွှာ-ဝဲ၊ ၈၇လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

**၂၀၁၅ခုနှစ် တရားမပထမအယူခံမှု-၁၅၉**

ဒေါ်စန်းစန်းဦး **နှင့်** ဦးသန်းရွှေပါ ၃

**အယူခံတရားလို** **အယူခံတရားပြိုင်**

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်စွဲပါ မန္တလေးခရိုင်နယ်တရားရုံးတော်မှ မကြီးမှု-၈၅၄/၂၀၁၁ ကို အယူခံမှု။

အယူခံတရားပြိုင် ၃။ဦးအေးဆွေ၊ ဦးပိုင်အမှတ်(၂၀)၊ အကွက်အမှတ်(ဃ-၁)၊ အမှတ်(၄)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် မန္တလေးခရိုင်တရားရုံးက ချမှတ်ပေးသည့်ဒီကရီကို ဒေါ်စန်းစန်းဦးက အယူခံရာ ဤရုံးတွင် မှတ်ပုံစာရင်းတင်သွင်းပြီး ထိုအယူခံမှုကို ၂၀၁၅ခုနှစ် နိုဝင်ဘာ ၂၄ရက် (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ရက်)တွင်ဆိုင်ရန် ဤရုံးက ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင်သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာသွင်းရမည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(အောင်မြင့်သန်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

**၂၀၁၅ ခုနှစ် တရားမပထမအယူခံမှု-၁၆၀**

ဒေါ်စန်းစန်းဦး **နှင့်** ဦးမြင့်ကြည် ပါ ၂

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်စွဲပါ မန္တလေးခရိုင် နယ်တရားရုံးတော်မှ မကြီးမှု ၄/၂၀၁၂ ကိုအယူခံမှု။

အယူခံတရားပြိုင် (၂)ဦးစိုးသိန်း တတ/၁၅၊ ဦးပိုင် ၈၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် မြင်းခြံခရိုင်တရားရုံးကချမှတ်ပေးသည့်ဒီကရီကို ဒေါ်စန်းစန်းဦးက အယူခံရာ ဤရုံးတွင် မှတ်ပုံစာရင်းတင်သွင်းပြီး ထိုအယူခံမှုကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၄ ရက် (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ရက်) တွင်ဆိုင်ရန် ဤရုံးက ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့်အချိန်အတွင်း ဤကဲ့သို့သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(အောင်မြင့်သန်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ မျက်မှောက်နိုင်ငံတကာရေးရာဖြစ်ရပ်များကို ဖတ်ရှုလေ့လာ ဗဟုသုတရရှိစေရန်အတွက် ဘာသာပြန်စာရေးဆရာများက နိုင်ငံတကာသတင်းများမှ ရှာဖွေစုစည်းပြန်ဆိုသော သတင်းဆောင်းပါးများကို အပတ်စဉ်ဖော်ပြပေးလျက်ရှိပါကြောင်း။ (စာတည်းအဖွဲ့)

# အကြမ်းဖက်မှုများ ရင်ဆိုင်နေရသည့် တူရကီနိုင်ငံ



**တူရကီမြို့တော် အင်ကာရာတွင် အောက်တိုဘာ ၁၀ ရက်က ကာ့ဒ်လိုလားသောအတိုက်အခံအဖွဲ့များနှင့်လက်ဝဲယိမ်းနိုင်ငံရေးသမားများက ဦးဆောင်ကျင်းပသည့် ငြိမ်းချမ်းရေးချီတက်ပွဲ၌ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၈၆ ဦးထက်မနည်း သေဆုံးခဲ့သည်။**

ထွန်းတောက်

ဤဖြစ်စဉ်မှာ ခေတ်သစ်တူရကီသမိုင်းတွင် အဆိုးရွားဆုံးဖြစ်သည်။ နိုဝင်ဘာ ၁ ရက်က ကျင်းပခဲ့သည့် တူရကီရွေးကောက်ပွဲမတိုင်မီ တင်းမာမှုများ မြင့်တက်နေချိန်တွင် ဤသို့ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဗုံးပေါက်ကွဲမှု၏ဖြစ်နိုင်ခြေကို တူရကီအာဏာပိုင်များက စုံစမ်းစစ်ဆေးခဲ့ပြီး အိမ်နီးချင်းဆီးရီးယားတွင် အခြေစိုက်သည့် အိုင်အက်စ်အစွန်းရောက်အဖွဲ့က ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု နိုင်ငံပိုင်အနာတိုလီယာသတင်းစာတွင် ဖော်ပြထားသည်။

ဇူလိုင် ၂၀ ရက်ကလည်း ကာ့ဒ်အများစုနေထိုင်သော ဆူရက်မြို့တွင် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ကာ့ဒ်လိုလားသော တက်ကြွလှုပ်ရှားသူများ အပါအဝင် ၃၂ ဦး သေဆုံးခဲ့သည်။

ကာ့ဒ်သူပုန်အဖွဲ့ကို ဦးဆောင်နေသော ကာ့ဒ်အလုပ်သမားပါတီ PKK က တူရကီအစိုးရသည် အိုင်အက်စ်အစွန်းရောက်အဖွဲ့နှင့် ပူးပေါင်းပြီး ကာ့ဒ်တို့ကိုနှိပ်ကွပ်နေကြောင်း စွပ်စွဲပြောဆိုသည်။ ကာ့ဒ်သူပုန်များသည် တူရကီလုံခြုံရေးတပ်ဖွဲ့များကို တိုးမြှင့်တိုက်ခိုက်မှုပြုလုပ်လာသည့်အတွက် တပ်ဖွဲ့ဝင် ၁၄၀ ကျော် သေဆုံးခဲ့ရသည်။ တူရကီအရှေ့တောင်ပိုင်းနှင့် အီရတ်မြောက်ပိုင်းတွင် ကာ့ဒ်သူပုန်များ၏ပစ်မှတ်များကို တူရကီလေတပ်က တုံ့ပြန်ဗုံးကြဲတိုက်ခိုက်မှုများကြောင့် သူပုန် ၁၇၀၀ ကျော် သေဆုံးခဲ့သည်ဟု သိရှိရသည်။

အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်တက်လာ၍ တူရကီနိုင်ငံရေးအခြေအနေမှာ မတည်မငြိမ်ဖြစ်လာသည်။ ပြည်သူလူထုက အစိုးရအပေါ် မကျေမနပ်ဖြစ်လာသည်။ တူရကီထောက်လှမ်းရေးအဖွဲ့က စုံစမ်းစစ်ဆေး၍ အကြမ်းဖက်သမားများကို မနှိမ်နင်းနိုင်မှုကြောင့် အကြမ်းဖက်မှုများမြင့်တက်လာခြင်းဖြစ်သည်ဟု ပြည်သူတချို့က ဝေဖန်ပြောဆိုလာသည်။

အထက်ပါ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ကာ့ဒ်နှင့်လက်ဝဲပါတီများနှင့် ညီညွတ်ရေးယူထားသည့် အတိုက်အခံ HDP ပါတီကို လူထုထောက်ခံမှုသည် ၁၃ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။

ပြီးခဲ့သောသုံးလအတွင်း တူရကီလုံခြုံရေးတပ်ဖွဲ့များနှင့် ကာ့ဒ်စစ်သွေးကြွများကြား တိုက်ပွဲများဖြစ်ပွားခဲ့၍လူရာချီ၍ သေဆုံးခဲ့ရသည်။ ထိုကဲ့သို့ လုံခြုံရေးအခြေအနေဆိုးရွားနေမှုကြောင့် တူရကီအရှေ့တောင်ဘက်ဒေသများတွင် နေဝင်မီးငြိမ်း အမိန့်ထုတ်ပြန်သတ်မှတ်ခဲ့ရသည်။

လမ်းမများပေါ်တွင် စစ်ဆေးရေးဂိတ်များချထားပြီး နေရာအနှံ့၌ လက်နက်အပြည့်အစုံနှင့် ရဲတပ်ဖွဲ့ဝင်များက စောင့်ကြပ်နေသည်။ အထူးသဖြင့် ဆီးရီးယားနှင့် အီရတ်နယ်စပ်နှင့်နီးသော ဆီဇရီမြို့လေးတွင် တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကာ့ဒ်သူပုန်စစ်သွေးကြွများကြား ဖြစ်ပွားခဲ့သည့်တိုက်ပွဲများတွင် ကာ့ဒ်စစ်သွေးကြွ ၃၂ ဦး ကို ပစ်သတ်ခဲ့သည်ဟု အစိုးရသတင်းများတွင် ဖော်ပြထားသည်။ အမှန်တကယ်မှာ ၄င်းအသတ်ခံရသူများတွင် ၂၁ ဦးမှာ အရပ်သားလူငယ်များဖြစ်သည်ဟု အေပီသတင်း၌ ဖော်ပြထားသည်။

လွန်ခဲ့သည့် ဇွန်လ၌ပြုလုပ်ခဲ့သည့် ဒေသန္တရရွေးကောက်ပွဲများတွင် အာဏာရ AKP ပါတီရှုံးနိမ့်ခဲ့ပြီး ကာ့ဒ်လိုလားသည့် ပြည်သူ့ဒီမိုကရက်ပါတီ HDP က အနိုင်ရရှိခဲ့သည်။ တူရကီအစိုးရက HDP ပါတီကို အကြမ်းဖက်သမားများနှင့် ဆက်နွှယ်နေသည့် ပါတီအဖြစ်လည်းကောင်း၊ အကြမ်းဖက်ဝါဒဖြန့်ချိမှု ပြုလုပ်နေသည်ဟုလည်းကောင်း စွပ်စွဲထားသည်။

အထက်ပါအခြေအနေများသည် တူရကီနိုင်ငံရေး မတည်မငြိမ်ဖြစ်လာမှုကို ပြသနေခြင်းဖြစ်ကြောင်း၊ သမ္မတအာဒိုဂန်ဦးဆောင်သည့် အစိုးရအနေဖြင့် PKK ကာ့ဒ်သူပုန်အဖွဲ့နှင့် အိုင်အက်စ်အစွန်းရောက်များကို အကြမ်းဖက်သမားများအဖြစ် တစ်တန်းထဲမထားသင့်ကြောင်း၊ ကာ့ဒ်သူပုန်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်ကျင်းပပြုလုပ်ကာ နိုင်ငံရေးနည်းလမ်းဖြင့် အေးချမ်းစွာ အဖြေရှာသင့်ကြောင်း နိုင်ငံရေးပညာရှင်များက ဝေဖန်အကြံပြုလျက်ရှိသည်။

အစောပိုင်းကာလ၌ တူရကီအာဏာပိုင်များသည် အိုင်အက်စ်အကြမ်းဖက်သမားများကို နှိမ်နင်းသည့် စစ်ပွဲတွင် အမေရိကန်မဟာမိတ်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆိုထားကာ လူထုထောက်ခံမှုရရှိရန်အတွက် ကာ့ဒ်သူပုန်များကိုသာ ပစ်မှတ်ထားနှိမ်နင်းတိုက်ခိုက်နေခဲ့သည်။

သမ္မတအာဒိုဂန်၏ လုပ်ဆောင်မှုများသည် မီးတောက်များ ပိုမိုလောင်ကျွမ်းစေရန် လောင်စာများ ပိုမိုထည့်သွင်းသည့် ပုံစံမျိုးဖြစ်နေသည်ဟု နိုင်ငံရေးပညာရှင်များက ဝေဖန်သည်။

တိုင်းပြည်မတည်မငြိမ်ဖြစ်နေမှုကို ခွင့်ပြုထားခြင်းမှာ ရည်ရွယ်ချက်ရှိနေသည်။ သမ္မတအာဒိုဂန်နှင့် အာဏာရ AKP ပါတီကသာလျှင် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို လုပ်ဆောင်နိုင်သည်ဟူသောအချက်ကို ပြသလိုခြင်း၊ နိုင်ငံရေးအမြတ်ထုတ်လိုခြင်းဖြစ်သည်ဟု ဝေဖန်မှုများ ထွက်ပေါ်နေသည်။

လွန်ခဲ့သည့်နှစ်များ၌ တူရကီအစိုးရသည် ကာ့ဒ်အလုပ်သမားပါတီ PKK နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ လျှို့ဝှက်လုပ်ဆောင်ခဲ့ပြီး သဘောတူညီချက်ရရှိကာ အချိန်အတိုင်းအတာတစ်ခုအထိ အပစ်အခတ်ရပ်စဲသွားခဲ့သော်လည်း နောက်ပိုင်းတွင် ထိုသဘောတူညီချက် ပျက်ပြယ်သွားခဲ့သည်။

ကာ့ဒ်သူပုန်အဖွဲ့နှင့် ငြိမ်းချမ်းရေးသဘောတူညီချက်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ပါက အမေရိကန်ညွန့်ပေါင်းအဖွဲ့၊ တူရကီလုံခြုံရေးတပ်ဖွဲ့များနှင့် PKK ၏လက်ရုံး ကာ့ဒ်ပြည်သူ့စစ်အဖွဲ့တို့ပူးပေါင်းကာ အဓိကရန်သူ အိုင်အက်စ်အစွန်းရောက်များကို တိုက်ခိုက်ချေမှုန်းနိုင်မည်ဖြစ်သကဲ့သို့ တူရကီတွင်အကြမ်းဖက်မှုများ လျော့ကျနိုင်မည်ဖြစ်သည်။ သို့သော် ထိုအခြေအနေကောင်းများကို ပြန်လည်ရရှိရန် ယနေ့မလွယ်ကူတော့ပေ။

လူပေါင်း ၈၆ ဦးကျော် သေဆုံးခဲ့သည့် အကြမ်းဖက် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက်တွင် အာဏာရ AKP ပါတီအပေါ် လူထုထောက်ခံမှု သိသာစွာ လျော့ကျသွားခဲ့သည်။ အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများလည်း မကြာခဏဖြစ်ပေါ်နေသည်။

နယ်စပ်ဒေသမြို့များတွင် လုံခြုံမှုစိတ်မချရသဖြင့် ဒေသခံပြည်သူများမှာ သဲအိတ်များကာရံထားသည့်နေရာများ၌ နေထိုင်ရသည်။ စားနပ်ရိက္ခာ သောက်ရေနှင့်ဆေးဝါးများ လုံလောက်အောင် မရရှိကြပေ။

တူရကီအာဏာပိုင်များက နယ်စပ်မြို့များရှိ ဒေသခံများသည် ကာ့ဒ်သူပုန်များကို လိုလားသူများဖြစ်သည်ဟုစွပ်စွဲရုံသာမက ဆီဇရီမြို့တော်ဝန်ကို ရာထူးမှထုတ်ပယ်ခဲ့သည်။ အစားအသောက်၊ ဆေးဝါးနှင့် လျှပ်စစ်မီးများ ဖြတ်တောက်ထားခဲ့သည်။

အစိုးရ၏လုပ်ဆောင်ချက်များမှာ ဇွန်လ၌ ရွေးကောက်ပွဲရှုံးနိမ့်ခဲ့ရမှုများကိုမကျေနပ်၍ လုပ်ဆောင်နေခြင်းဖြစ်သည်ဟု နိုင်ငံရေးသမားအချို့က ဝေဖန်သည်။

အစိုးရက ပြည်သူများကို ကြောက်လန့်အောင် လုပ်နေခြင်းမှာ နိုဝင်ဘာလဆန်း၌ ကျင်းပမည့် ရွေးကောက်ပွဲ၌ အတိုက်အခံပါတီများကို ထောက်ခံမဲမပေးဝံ့စေရန်ဖြစ်ကြောင်း လုံခြုံရေးကိုအကြောင်းပြပြီး ဒေသအချို့မှာ ရွေးကောက်ပွဲမလုပ်နိုင်အောင် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဒေသခံတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

**ကာ့ဒ်သူပုန်အဖွဲ့နှင့် ငြိမ်းချမ်းရေးသဘောတူညီချက်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ပါက အမေရိကန် ညွန့်ပေါင်းအဖွဲ့၊ တူရကီလုံခြုံရေးတပ်ဖွဲ့ များနှင့် PKK ၏ လက်ရုံး ကာ့ဒ်ပြည်သူ့စစ်အဖွဲ့တို့ပူးပေါင်းကာ အဓိကရန်သူ အိုင်အက်စ် အစွန်းရောက်များကို တိုက်ခိုက်ချေမှုန်းနိုင်မည်ဖြစ်သကဲ့သို့ တူရကီတွင် အကြမ်းဖက်မှုများ လျော့ကျနိုင်မည်ဖြစ်**



# ဆေးပညာ သတင်းဆန်းများ (၁၁၆)

ဒေါက်တာကံညွန့်

ယခုဆေးပညာ သတင်းဆန်းမှာ စတင်ဖော်ပြလိုတဲ့ သတင်းကတော့ ယခုနှစ်အတွက် ဆေးပညာဆိုင်ရာ နိုဘယ်ဆုကို ဘယ်သူတွေရသွားတယ်ဆိုတဲ့ သတင်းပါ။ ယခုနှစ်ရရှိသူတွေက အမေရိကန်နိုင်ငံ New Jersy ပြည်နယ်မှာ ပြောင်းရွှေ့နေထိုင်သူ အိုင်ယာလန်နိုင်ငံသား William Campell၊ ဂျပန်နိုင်ငံ Kitasato တက္ကသိုလ် အငြိမ်းစားဆေးဝါးဗေဒနှင့် ဓာတုဗေဒပါရဂူနှစ်ဘွဲ့ရ ဂျပန်နိုင်ငံသူ Satoshi Omura နှင့် တရုတ်နိုင်ငံ တိုင်းရင်းဆေးတက္ကသိုလ်တစ်ခုက ပါမောက္ခ Tu You You တို့ဖြစ်ပါတယ်။ ပထမနှင့် ဒုတိယပညာရှင်နှစ်ဦးကတော့ ကမ္ဘာ့လူဦးရေ သုံးပုံတစ်ပုံခန့် ခံစားခဲ့ရတဲ့ Filaria ခေါ်တဲ့ ဆင်ခြေထောက်ရောဂါနဲ့ River Blindness လို့ခေါ်တဲ့ မျက်စိကွယ်စေတဲ့ မြစ်ချောင်းကမ်းပါးတွေမှာရှိတတ်တဲ့။ Parasite ခေါ်တဲ့ ကပ်ပါးပိုးကောင်တွေကို ရှာဖွေတွေ့ရှိခဲ့ တာ ကြောင့်ဖြစ်ပါတယ်။ တတိယ ပညာရှင်ဖြစ်တဲ့ တရုတ်နိုင်ငံက ပါမောက္ခ Tu You You ဟာလဲ ကမ္ဘာမှာ ဒုက္ခအများကြီးပေးနေတဲ့ ငှက်ဖျားရောဂါကုသရာမှာ အစွမ်းထက်တဲ့ Arthemethacin ဆေးကို ရှာဖွေဖော်ထုတ်နိုင်ခဲ့လို့ ရရှိခဲ့တာဖြစ်ပါတယ်။ ဒီနှစ် နိုဘယ်ဆုပေးပွဲရဲ့ ထူးခြားချက်တစ်ခုကတော့ ဆေးပညာနဲ့ဆိုင်ပါတယ်။ ဒါကဘာလဲဆိုရင် ဆေးပညာဆိုင်ရာ နိုဘယ်ဆုသာမက ဓာတုဗေဒဆိုင်ရာ နိုဗယ်ဆုဟာလည်း ဆေးပညာနဲ့ပတ်သက်နေလို့ပါပဲ။ ကလာပ်စည်းတစ်ခုမှာ မျိုးရိုးဗီဇအတွက် အလွန်အရေးပါတဲ့ DNA ပြောင်းလဲမှုကို ယင်းဆဲလ်တွေက ဘယ်လို ထိန်းသိမ်းနိုင်သလဲဆိုတာ ရှာဖွေတွေ့ရှိခဲ့တဲ့ သိပ္ပံပညာရှင်သုံးဦးကိုလည်း နိုဗယ်ဆုရွေးချယ်ရေးအဖွဲ့က ဆုပေးဖို့ရွေးချယ်ခဲ့လို့ဖြစ်ပါတယ်။ ၎င်းတို့သုံးဦးကတော့ ဆွီဒင်နိုင်ငံက သောမတ်လင်ဒါ၊ အမေရိကန်နိုင်ငံမှ ပေါ့ဖောဒရစ်နဲ့ တူရကီ အမေရိကန်နွယ်ဖွား အဇစ်ဆန်ကာတို့ပဲဖြစ်ပါတယ်။ ဒီတွေ့ရှိချက်ဟာ လူတွေမှာဖြစ်တဲ့ မျိုးရိုးဗီဇလိုက်တဲ့ ရောဂါ၊ ကင်ဆာရောဂါနဲ့ အိုမင်းရင့်ရော်မှုတို့အတွက် ကာကွယ်ကုသရာမှာ အလွန်အရေးပါတဲ့ တွေ့ရှိမှုဖြစ်ပါတယ်။ DNA တွေ့ရှိမှုအတွက် ၁၉၆၂ က ပထမဆုံးနိုဘယ်ဆုချီးမြှင့်ခံရပြီး ယခုအခါ DNA နဲ့ပတ်သက်တဲ့ ခုနစ်ကြိမ်မြောက်ဆုဖြစ်ပါတယ်။

**အဝလွန်ရောဂါ**

နောက်ဖော်ပြလိုတဲ့ သတင်းကတော့ အဝလွန်ရောဂါကို တိုက်ဖျက်ဖို့နည်းလမ်းတစ်ခုပါ။ Obesity ခေါ်တဲ့ အဝလွန်ရောဂါဟာ တဖြည်းဖြည်း တိုးပွားလာတာကြောင့် ဆေးသုတေသီတွေဟာ နည်းအမျိုးမျိုးနှင့် လျော့ကျအောင်ကြိုးစားခဲ့ပါတယ်။ ဒီအထဲက ယခုဖော်ပြမယ့် နည်းလမ်းဟာလဲ စိတ်ဝင်စားစရာပါ။ Mel Cap လို့ အမည်ပေးထားတဲ့ သာမန်ဆေးတောင့်တစ်ခုအရွယ်ရှိတဲ့ ဒီ Capsule လေးကို မျိုချထားရုံပါ။ဒီ Capsule လေးထဲမှာ အပြင်က Remote Control နဲ့ ထိန်းနိုင်တဲ့ Magnetic Coupling System နဲ့ အစာအိမ်ထဲမှာ အမြဲနေနိုင်အောင် ထိန်းထားနိုင်တဲ့ Computer နဲ့ပြုလုပ်ထားတဲ့ ပစ္စည်းလေးတွေပါပါတယ်။ ဒီဆေးတောင့်ကို မျိုချလိုက်တာနဲ့ ဒီဆေးဟာ အစာအိမ်ထဲရောက်သွားမယ်။ ရောက်တာနဲ့ အစာအိမ်ထဲမှာရှိနေတဲ့ အရေကိုစုပ်ယူပြီး ဒီ Capsule လေးက အနည်းငယ်အရွယ်ကြီးသွားပြီး အစာအိမ်ကနေ အပြင်ကို မထွက်သွားနိုင်အောင် ရှိနေမှာဖြစ်တယ်။ နောက်ပြီးမှ သူ့ရဲ့တာဝန်တွေဖြစ်တဲ့ Gastric Electrical Stimulation အစာအိမ်ကို နှိုးဆွခြင်းနှင့် အစာအိမ်ကို အားပေးတဲ့အာရုံကြောဖြစ်တဲ့ Vagus Nerve ကို ပိတ်ပင်ခြင်းတို့ ပြုလုပ်မှာဖြစ်ပါတယ်။ ဒီလိုပိတ်ပင်ခြင်းဖြင့် အစာစားချင်စိတ်ကို လျော့ပါးစေမှာဖြစ်ပါတယ်။ ဒီ Capsule ဟာ ကာလအားဖြင့် ၂၁ ရက်သာ အသုံးပြုနိုင်မှာဖြစ်ပြီး ဆက်လက်အသုံးပြုလိုပါက နောက် Capsule တစ်ခုထပ်သောက်ရန် လိုအပ်မှာဖြစ်ပါတယ်။ ခွဲစိတ်မှုမခံယူလိုတဲ့ Obesity ရှိသူအသုံးပြုနိုင်တဲ့ နည်းလမ်းတစ်ခုအဖြစ် တင်ပြလိုက်ရပါတယ်။

**အဝေးအနီးမျက်ကပ်မှန်ထုတ်နိုင်ပြီ**

ယခုဖော်ပြလို့ရတဲ့ သတင်းကတော့ မျက်ကပ်မှန်တပ်ဆင်နေရသူတွေအတွက် သတင်းကောင်းပါ။ အဝေးအနီးအသုံးပြုလို့ရတဲ့ Accomdate လုပ်နိုင်တဲ့ မျက်ကပ်မှန်မျိုး



William Campell



Satoshi Omura



Tu You You

ထုတ်နိုင်ပြီဖြစ်လို့ပဲ။ ဘယ်သူပဲဖြစ်ဖြစ် အသက် ၄၀ ကျော်လာရင် Presbyopria ခေါ်တဲ့ သက်ကြီးအနီးမှုန်ဖြစ်တတ်ပါတယ်။ ဒီလူတွေမှာနဂိုက အဝေးမှုန်ဖြစ်နေပြီး Minus (အနုတ်) မျက်မှန်တပ်နေရတယ်ဆိုရင် ဒီလူတွေသုံးမယ့်မျက်ကပ်မှန်မှာ စာကြည့်တဲ့အခါ တစ်ပြိုင်နက်အသုံးပြုနိုင်မယ့် Accomodate လုပ်နိုင်မယ့် မျက်ကပ်မှန်အမျိုးအစားကို အသုံးပြုနိုင်တော့မှာဖြစ်ပါတယ်။ ဒီမျက်ကပ်မှန်အမျိုးအစားကို တီထွင်နိုင်ခဲ့တာကတော့ Swiss နိုင်ငံက Novartis ဆေးကုမ္ပဏီကြီးကဖြစ်ပါတယ်။ ဒီကုမ္ပဏီဟာ လွန်ခဲ့တဲ့ ၂၀၁၄ ခုနှစ်ကလည်း ဆီးချိုရောဂါရှင်တွေအတွက် မျက်ကပ်မှန်ကတစ်ဆင့် Blood Sugar Level ကို စမ်းယူနိုင်တဲ့ မျက်ကပ်မှန်တစ်မျိုးကိုလည်း တီထွင်ခဲ့ကြပါသေးတယ်။ ယခု မျက်ကပ်မှန်မျိုးကတော့ အသက် ၄၀ ကျော် အနီးမှုန်သူများ၊ အဝေးမှုန်အနီးမှုန်ဖြစ်သူများအားလုံးအတွက် အသုံးပြုနိုင်မယ့် မျက်ကပ်မှန်အမျိုးအစားဖြစ်ပြီး စမ်းသပ်ထုတ်လုပ်မှုကို ၂၀၁၆ ခုနှစ်အတွင်း ပြုလုပ်သွားမှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

**ကာကွယ်ဆေးထိုးထားဖို့လို**

ကမ္ဘာကြီးဟာ စိတ်ဝင်စားစရာ လှုပမှုများနဲ့ပြည့်နှက်နေသလို လူတွေကို ဒုက္ခပေးနိုင်တဲ့ ဆိုးရွားတဲ့ Bacteria တွေ၊ Virus တွေ၊ Fungus တွေနဲ့လည်းပြည့်နှက်နေတယ်ဆိုတာ သတိထားသင့်တယ်။ ဒါကြောင့် တစ်နေရာက လူတွေဟာ တစ်နေရာကို ခရီးသွားကြတော့မယ်ဆိုရင် ဒီအန္တရာယ်တွေက ကာကွယ်နိုင်ဖို့ပြင်ဆင်ထားကြဖို့လိုတယ်။ ဒါကြောင့် ကာကွယ်ဆေးတွေကို တတ်နိုင်သလောက် ထိုးထားကြဖို့လိုတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လမ်းညွှန်ထားပါတယ်။ ငယ်ရွယ်စဉ်ကပင် ထိုးထားခဲ့တဲ့ Measles, Rubella,Mumps ဆံ့ဆို့နာ၊ Diphtheria,Tetanus မေးခိုင်၊ Whooping Cough ကြက်ညှာချောင်းဆိုး၊ Polio အကြောသေရောဂါစတဲ့ ရောဂါကာကွယ်ဆေးတွေကို ထိုးသွားကြဖို့လိုတယ်။ ဒီထက်ပိုပြီး လိုအပ်တာကိုလည်း ကိုယ်သွားမည့်နိုင်ငံ ဘယ်လောက်ကြာနေမယ်၊ ဘယ်အလုပ်မျိုးလုပ်မယ်ဆိုတာကို ကိုယ့်မိသားစုဆရာဝန်နဲ့ဖြစ်စေ၊ သမားတော်ကြီးတစ်ဦးဦးနဲ့ဖြစ်စေ၊ ခရီးမသွားမီ အနည်းဆုံးတစ်လခန့်ကြိုပြီး တိုင်ပင်ဆွေးနွေးသင့်တယ်လို့လည်း အကြံပြုထားပါတယ်။ လိုအပ်ရင် အသည်းရောင်အသားဝါကာကွယ်ဆေးသို့မဟုတ် တခြားဖြစ်နိုင်ခြေရှိတဲ့ ရောဂါကာကွယ်ဆေးမျိုးကိုလည်း ထိုးသင့်က ထိုးရမှာဖြစ်တယ်။ တခြားကျန်းမာရေးအသိပညာ အမျိုးမျိုး ဥပမာ-ရေဘုံဘိုင်ကရေကို မသောက်ဖို့၊ ခြင်များတဲ့နေရာခြင်ထောင်နဲ့ အိပ်ဖို့၊ ငှက်ဖျားများတဲ့အရပ်မှာ ကြိုတင်သောက်နိုင်တဲ့ ငှက်ဖျားဆေးသောက်သွားဖို့ စတဲ့အရာများ ကြိုလုပ်သင့်ကြောင်း တင်ပြလိုက်ရပါတယ်။

**အားကစားသမားတွေအတွက်ဆေးတစ်မျိုး**

ယခုဖော်ပြလိုတဲ့သတင်းကတော့ Caffeine ဓာတ်ဟာ အားကစားသမားတွေအတွက် ပင်ပန်းနွမ်းနယ်မှုကို သက်သာစေတယ်။ စွမ်းရည်ပိုတက်စေတယ်။ ဒါပေမယ့် သင့်လျော်သလောက်ပဲ သောက်သုံးသင့်တယ်။ လိုတာထက်ပိုသွားရင် ဘေးထွက်ဆိုးကျိုးတွေရှိလာနိုင်တယ်ဆိုတဲ့ လေ့လာထားချက်ပါ။ ဒီလေ့လာချက်ကိုတော့ Alabama မှာရှိတဲ့ Auburn University က ဆေးပညာရှင်တွေပြုလုပ်ခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ လက်ရည်တူ ယောကျ်ား ဂေါက်သီးကစားသူတစ်စုကို အုပ်စုနှစ်စုခွဲပြီး လေ့လာခဲ့ကြတာဖြစ်ပါတယ်။ သူတို့တွေ့ရှိချက်အရ Caffeine သုံးစွဲသူအုပ်စုမှာ မသုံးစွဲသူအုပ်စုထက် လက်ရည် နှစ်ချက်ပိုသာပြီး ကစားရတာ သက်သောင့်သက်သာရှိပြီး ပင်ပန်းနွမ်းနယ်မှုမတွေ့ရဘူးလို့ဆိုပါတယ်။ တခြားအားကစားမျိုးတွေက အားကစားသမားတွေမှာလည်း Caffeine သုံးသူတွေမှာ ပင်ပန်းနွမ်းနယ်မှုကို ပိုခံနိုင်ကြတယ်လို့ဆိုပါတယ်။ Caffeine ကို တစ်နေ့အတွက် 2 or 3 milligram/kilogram body weight ထက်ပိုမသုံးသင့်ကြောင်းလည်း ထောက်ပြထားပါတယ်။ ပိုသုံးမိရင် ခေါင်းကိုက်ခြင်း၊ လက်တုန် ခြေတုန်ဖြစ်ခြင်း၊ အစာအိမ်လမ်းကြောင်း မသက်မသာဖြစ်ခြင်း၊ အိပ်မပျော်ခြင်းတို့ ဖြစ်နိုင်ပါတယ်ဆိုတာ သတိပေးထားကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဆရာဝန်တွေ အတုယူသင့်တဲ့ ဆရာဝန်တစ်ယောက်အကြောင်းပါ။ သူကတော့ အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့က Plastic Surgeon (ပြုပြင်ခွဲစိတ်ဆရာဝန်) Dr. Abdul Ghafar Ghayur ဖြစ်ပါတယ်။ သူ့ကို အတုယူစရာအဖြစ် တင်ပြရတာကတော့ သူ့လုပ်ရပ်ကြောင့်ဖြစ်ပါတယ်။ သူဟာ ချမ်းသာတဲ့လူတွေ အလှပြင် ခွဲစိတ်မှုတွေကိုပြုလုပ်ပြီး ရလာတဲ့ပိုက်ဆံတွေနဲ့ ဆင်းရဲသားတွေမှာ တကယ်လိုအပ်နေတဲ့ခွဲစိတ်မှုတွေကို အခမဲ့ခွဲစိတ်ပေးနေတာဖြစ်ပါတယ်။ ချမ်းသာတဲ့သူတွေဟာ သူ့ထံမှာ နှာခေါင်းပြုပြင်ခြင်း၊ မျက်နှာပြုပြင်ခြင်း၊ အရေပြား တင်းတင်း ရင်းရင်းဖြစ်အောင် Botox ထိုးဆေးထိုးခြင်း၊ ရင်သား၊ တင်သားပြုပြင်ခြင်းစတဲ့ ခွဲစိတ်မှုမျိုးလာလုပ်ကြတာဖြစ်ပြီး ဒီလုပ်ငန်းကရတဲ့ အခကြေးငွေတွေကို အရေပြားကင်ဆာ၊ မွေးရာပါကိုယ်အင်္ဂါချို့ယွင်းနေသူ၊ အသက်အန္တရာယ်ရှိလောက်အောင် ကိုယ်လက်အင်္ဂါ ချို့ယွင်းနေသူတွေကို ကုသပေးနေသူဖြစ်ပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံဟာ ၂၀၀၁ ခုနှစ်က တာလီဘန်တွေ အုပ်ချုပ်ရာက လွတ်မြောက်ခဲ့ပြီး နိုင်ငံရေးမငြိမ်သက်မှုတွေ ဆက်လက်ရှိနေရာက ကျန်းမာရေး၊ ပညာရေးနဲ့စီးပွားရေးတွေမှာ အထူးနိမ့်ကျနေတဲ့ နိုင်ငံတစ်ခုဖြစ်နေပါတယ်။ ဒီလိုနိုင်ငံမျိုးမှာ ဒီလိုစိတ်ထားမျိုးရှိတဲ့ ဆရာဝန်တစ်ဦးရှိနေတာကို အတုယူစရာအဖြစ် တင်ပြလိုက်ရပါတယ်။

**ကမ္ဘာကြီးဟာ စိတ်ဝင်စားစရာ လှုပမှုများနဲ့ ပြည့်နှက်နေသလို လူတွေကို ဒုက္ခပေးနိုင်တဲ့ ဆိုးရွားတဲ့ Bacteria တွေ၊ Virus တွေ၊ Fungus တွေနဲ့လည်း ပြည့်နှက်နေတယ်ဆိုတာ သတိထားသင့်တယ်။**

## မင်းလှ၌ ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်

**မင်းလှ နိုဝင်ဘာ ၈**

သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှုရုံး(OSS) ဖွင့်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ နိုဝင်ဘာ ၃ ရက်က ကျင်းပခဲ့သည်။

အဆိုပါရုံးဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်က ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်လှစ်ရခြင်းအကြောင်းကို ပြောကြားခဲ့သည်။

သက်ဆိုင်ရာ လုပ်ငန်းများအလိုက် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်၊ လဝက၊ ပြည်တွင်းအခွန်၊ လျှပ်စစ်၊ စည်ပင်၊ ကျန်းမာရေး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းစသည့် ဦးစီးဌာနကိုးခုမှ တာဝန်ယူ ထမ်းဆောင်ကြမည်ဖြစ်သည်။

ပြည်သူကိုအခြေပြု၍ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေမည့် ဝန်ဆောင်မှုများဆောင်ရွက်ပေးနိုင်ရန် လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကို တားမြစ်၍ ထိရောက်သောဝန်ဆောင်မှုများ ပေးနိုင်ရန်နှင့် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ အပြန်အလှန် ထိန်းကျောင်းပြုပြင်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ပေါက်စ(ပြန်/ဆက်)**



## ဖျာပုံတွင် ပင်လယ်ငါးသလောက်များ အမိအရများ၍ သားငါးဈေးတည်ငြိမ်

**ဖျာပုံ နိုဝင်ဘာ ၈**

မိုးအကုန်ဆောင်းအကူး ရေထရက်များ၌ မြန်မာ့ပင်လယ်ပြင်တွင် ငါးသလောက်ဖမ်းဆီးနေကြသည့် ငါးဖမ်းစက်လှေများမှာ ငါးသလောက်များ အမိအရကောင်းနေကြောင်း သိရသည်။ ရေထရက်များတွင် နှင်းများ ကျပါက ငါးသလောက်များပိုပြီးအမိအရကောင်းသည်ဟု သိရသည်။

ဖျာပုံမြို့၏ နိုဝင်ဘာပထမပတ် စားသုံးသူအများစု သားငါးဈေးကွက်တွင် ဆိတ်သားတစ်ပိဿာ ငွေကျပ် ၁၂၀၀၀၊ ကြက်သားတစ်ပိဿာ ငွေကျပ် ၇၀၀၀၊ အမဲသားတစ်ပိဿာငွေကျပ် ၇၀၀၀၊ ဝက်သားတစ်ပိဿာ ငွေကျပ် ၆၀၀၀ နှင့် ငါး၊ ပုစွန်တစ်ပိဿာအသေးအကြီးအလိုက် ငွေကျပ် ၃၅၀၀ မှ ၇၀၀၀ အထိရှိနေကြောင်း သိရသည်။



နိုဝင်ဘာပထမပတ်အတွင်း ငါးသလောက်ဈေးကွက်နှင့်ပတ်သက်၍ အာရှနဂါး ငါး၊ပုစွန်အဝယ်ဒိုင်မှ ကိုပြည့်စုံက ဆောင်းဦးရာသီတွင် ပင်လယ်ငါးသလောက်များ ယခင်နှစ်များကထက် ကုန်တက်များလာကြောင်း၊ ပြည်တွင်းပြည်ပဈေးကွက်များတွင်လည်း ယခင်နှစ်များကထက် ဈေးပိုရကြောင်း၊ လက်ရှိ သလောက်ဝယ်ဈေးများမှာ ငါးတစ်ကောင် ဂရမ် ၂၂၀ မှ ၃၂၀ တစ်ပိဿာ ငွေကျပ် ၃၅၀၀၊ ဂရမ် ၃၂၀ မှ ဂရမ် ၅၂၀ တစ်ပိဿာငွေကျပ် ၁၀၅၀၀၊ ဂရမ် ၅၂၀ မှ ဂရမ် ၁၀၂၀ ငါးတစ်ပိဿာငွေကျပ် ၁၆၀၀၀၊ ဂရမ် ၁၀၂၀ မှ ၁၂၂၀ တစ် ပိဿာငွေကျပ် ၁၈၀၀၀၊ ဂရမ် ၁၂၂၀ မှ ၁၅၂၀ တစ်ပိဿာငွေကျပ် ၂၀၀၀၀ နှင့် ဂရမ် ၁၅၂၀ မှအထက် ငါးတစ်ပိဿာငွေကျပ် ၂၅၀၀၀ ဖြင့် ဝယ်ယူ လျက်ရှိကြောင်း ပြောပြသည်။ မြန်မာ့ပင်လယ်ပြင်မှ ဖမ်းယူရရှိသည့် ငါးသလောက် အရွယ်သေးများကို ပြည်တွင်းစားသုံးသူဈေးကွက်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်းကောင်း၊ အရွယ်ကြီးငါးသလောက်များကို (ယူအေအီး) နိုင်ငံများသို့ ရန်ကုန်မှတစ်ဆင့် တင်ပို့ရောင်းချနေသည်ဟု သိရသည်။

**အောင်ဝင်း (ဖျာပုံ)**

## ရမည်းသင်း၌ မိုးရွာသွန်းမှုနည်းပါးသောကြောင့် တောင်သူများစပါးမစိုက်နိုင်

**ရမည်းသင်း နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ခုနှစ် မိုးရွာသွန်းမှု နည်းပါးကြောင်း ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ် အကျိုးပြုသည့် သစ်ဆုံဆည်တွင်လည်း သစ်ဝါးတောများပြုန်းတီးမှုကြောင့် မိုးရွာသွန်းမှုနည်းပါးပြီး ရေဝင်နည်းကြောင်း သိရသည်။

ရမည်းသင်းမြို့ အနီးရှိလယ်ဧက ၆၅၀၀ အား စိုက်ပျိုးရေပေးဝေလျက်ရှိသည့် ကျီးနီကန်ကြီးမှာလည်း ပြန်လည်တူးဖော်ပေးနေမှုကြောင့် ဆည်ကန်ရှိရေများကိုလည်း ထုတ်လွှတ်ပေးခဲ့ရပြီး မြို့အရှေ့ခြမ်း၏ ရှမ်းရိုးမ တောင်စွယ်မှရေများလည်း မိုးခေါင်ခဲ့သဖြင့် ကျီးနီကန်ထဲသို့ ရေများဝင်ရောက်မှုမရှိကြောင်း သိရသည်။

သို့ဖြစ်၍ စပါးကို အဓိကထားစိုက်ပျိုးကြသည့် တောင်သူများမှာ သတ်မှတ်စပါးများအား ပြည့်မီစွာ မစိုက်နိုင်၍ မိုးဦးမိုးလယ် ခေါင်ခဲ့သလို မိုးနှောင်းကာလတွင်ရက်သတ္တပတ်ခန့် မိုးရွာသွန်းခဲ့ သဖြင့် တောင်သူများမှာ စပါးများကို ကြဲပက်ခဲ့ကြရပြီးရရှိသော မိုးရေများကို လှောင်ထားနိုင်သဖြင့် သုံးပုံ တစ်ပုံခန့် စပါးများရရှိကြသည်။

သို့သော်လည်း မြို့အနီးဝန်းကျင်ရှိ ထီးလှိုင်အုပ်စု၊ ရေဦးအုပ်စု၊ ထနောင်းကုန်း အုပ်စု စသည့်ကျေးရွာများတွင်လည်း ၂၅ ပေ၊ ပေ ၃၀ နက်သည့် မြေအောက်ရေ တွင်းများမှ ရေဖြင့် မိုးစပါးများစိုက်ပျိုးခဲ့ကြ၍ ဝမ်းစာစပါးများရရှိကြသည်။

ကျန်ကျေးရွာ အများစုမှာ စိုက်ပျိုးရန် ရေမရရှိမှုကြောင့် ပျိုးနှုတ်ခြင်း၊ ပျိုးသယ်ခြင်း၊ ကောက်စိုက်ခြင်းစသည့် အလုပ်များမလုပ်ရသဖြင့် စားဝတ်နေရေး ခက်ခဲလျက်ရှိကြောင်း သိရသည်။

**(၀၁၁)**

## စပါးရိတ်သမားရှားပါး၍ တောင်သူများအခက်တွေ့

**အင်းတော် နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသတွင် အောက်တိုဘာ တတိယပတ်မှစတင်၍ မိုးစပါးများရိတ်သိမ်းနေကြပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးစပါးရိတ်သိမ်းရတာ စပါးရိတ်သမတွေက ရှာမရဘူး။ ရပြန်တော့လည်း တစ်ဧကငွေကျပ် ၃၀၀၀၀ ကနေ ၃၅၀၀၀ အထိ ဈေးတက်သွားတယ်။ ဒါတောင် ဝေးတဲ့နေရာဆိုမလိုက်ချင်ကြဘူး။ တချို့လည်း စရိတ်ကျွေးငွေကျပ် ၃၀၀၀၀ နဲ့လိုက်တယ်။ စပါးရိတ်သမရှာမရတဲ့သူတွေကြတော့ အခုပေါ်နေတဲ့ ခြောက်သိန်းကျော်တန်စပါးရိတ်စက်ကို ဆီစိုက်တစ်ဧကငွေကျပ် ၁၅၀၀၀/ ၂၀၀၀၀ နှုန်းနဲ့ငှားကြရတယ်။ ကြာရင်လယ်သမားတွေလယ်ယာ လုပ်သားရှားပါးတဲ့ပြဿနာ၊ ကောက်စိုက်ခ၊ စပါးရိတ်ခဈေးမြင့်တဲ့ပြဿနာ ဒါတွေနဲ့ ရင်ဆိုင်နေရတယ်"ဟု တောင်သူဦးနိုင်ဝင်းက ပြောသည်။

**ညိုမင်းထက်(မြန်မာစာ)**

## စေတုတ္တရာမြို့နယ်တွင် အမှိုက်သိမ်းယာဉ်တစ်စီး လှူဒါန်း

**စေတုတ္တရာ နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင် အမှိုက်သိမ်းယာဉ် တစ်စီး လှူဒါန်းပွဲကို နိုဝင်ဘာ ၆ ရက် ညနေ ၅ နာရီက မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးသိန်းဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး တရုတ်နိုင်ငံထုတ် SKAT- ယာဉ်အမှတ် MDY 2K/5007 (အဖြူရောင်) ခြောက်ဘီး အမှိုက်သိမ်းယာဉ်ကို လွှဲပြောင်း ပေးအပ်ခဲ့သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုဝင်ဘာ ၅ ရက်တွင် စေတုတ္တရာမြို့သို့ ရောက်ရှိရာ မြို့နယ်ဖွံ့ဖြိုးရေးအထောက်ကူပြုကော်မတီ ဥက္ကဋ္ဌက မြို့အတွက် လိုအပ်လျက်ရှိသော အမှိုက်သိမ်းယာဉ်တစ်စီးအား ဖြည့်ဆည်းပေးပါရန် တင်ပြတောင်းခံမှုအပေါ် နိုင်ငံတော်သမ္မတက ဆည်မြောင်းဦးစီးဌာနအား ကူညီဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားခဲ့ကာ ဆည်မြောင်းဦးစီးဌာနက တရုတ်နိုင်ငံထုတ် SKAT- ယာဉ်အမှတ် MDY 2K/5007(အဖြူရောင်) ခြောက်ဘီး အမှိုက်သိမ်းယာဉ်တစ်စီးကို မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

## လက်ပံတန်း၌ (၂/၂၀၁၅) အပ်ချုပ်သင်တန်းဖွင့်

**လက်ပံတန်း နိုဝင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကကြီးမှူးကျင်းပသည့် (၂/၂၀၁၅) အိမ်တွင်းမှုအခြေခံအပ်ချုပ်သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ပထမပတ်က မြို့နယ် ခန်းမဆောင်၌ ကျင်းပသည်။ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသီဟ၊ မြို့နယ်ဦးစီးမှူးဦးထွန်းမြင့်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသူများတက်ရောက်ကြသည်။ မြို့နယ်အုပ်ချုပ်အုပ်ရေးမှူးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ဦးစီးမှူးက သင်တန်းတွင် အသုံးပြုမည့် ပစ္စည်းများကို သင်တန်းသူများအား ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၅ ဦးတက်ရောက်ကြောင်း သိရသည်။

**(၀၉၈)**

## လက်တွန်းထွန်စက်နှင့် စက်ပြင်သင်တန်းဆင်း

**ဆားလင်းကြီး နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် လက်တွန်းထွန်စက်နှင့် စက်ပြင်သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာပထမပတ်က စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် အမှတ်(၂၂) စက်မှုလယ်ယာထွန်စက်စခန်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး တိုင်းဒေသကြီး သမဝါယမ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက လက်တွန်းထွန်စက်နှင့် စက်ပြင်သင်တန်း ဖွင့်လှစ်သင်ကြားပေးရခြင်းကြောင့် ဒေသခံတောင်သူများ အကျိုးကျေးဇူးရရှိလိမ့်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်များကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ပေးအပ်ချီးမြှင့်ခဲ့ပြီး ကျေးရွာသင်တန်းသားတစ်ဦးက တိုင်းဒေသကြီး ရန်ပုံငွေဖြင့်လက်တွန်းထွန်စက်နှင့် စက်ပြင်သင်တန်းဖွင့် လှစ်သင်ကြားပေးသောကြောင့် မိမိတို့ ကျေးရွာအများစုမှာ များစွာအကျိုး ကျေးဇူးရရှိပါကြောင်း၊ လက်တွန်းထွန်စက်များကိုလည်း မောင်းနှင်တတ်ပြီဖြစ်သောကြောင့် အချိန်ကုန်သက်သာပြီး အချိန်မီထွန်ယက် စိုက်ပျိုးနိုင်ပြီဖြစ်သောကြောင့် ဝမ်းသာလျက်ရှိကြောင်း ပြောကြားခဲ့သည်။

**ဦးငယ်(ဆားလင်းကြီး)**

## ဆောင်းသီးနှံမျိုးစေ့များ အခမဲ့ဖြန့်ဝေ

**ကလေး နိုဝင်ဘာ ၈**

ရေကြီးနစ်မြုပ်ခဲ့သော ကလေးဒေသတွင် ဆောင်းသီးနှံများအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရေမြုပ်လယ်မြေများသို့ ထွန်စက်ကြီးများဖြင့် ထွန်ယက်ပေးခြင်း၊ လယ်မြေများအတွင်းရှိ ရေမျောသစ်တုံးများ ဖယ်ရှားပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံပျက်စီးမှုများပေါ်တွင်လယ်ယာကဏ္ဍ ပြန်လည်ထူထောင်ရေးအတွက် ဆောင်းသီးနှံမျိုးစေ့များအား တောင်သူများထံသို့ အခမဲ့ဖြန့်ဝေလျက်ရှိသည်။

ကလေးဒေသ ပြန်လည်ထူထောင်ရေးအတွက် ဆောင်းသီးနှံမျိုးများဖြစ်သည့် မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲယင်း၊ ပဲပုပ်၊ အစေ့ထုတ်ပြောင်း၊ ကုလားပဲ၊ စားတော်ပဲ စွန်တာပြာ၊ ဂျုံ၊ မြေထောက်ပဲစသည့် သီးနှံမျိုးစုံ စုစုပေါင်း ဧက ၂၀၀၀၀ ခန့် ကလေးဒေသတွင် ရောက်ရှိစုဆောင်းထားပြီး နိုဝင်ဘာ ၄ ရက်အထိ သီးနှံ စုစုပေါင်း ဧက ၁၅၀၀၀ ကျော်အတွက် ကျေးရွာများသို့ မျိုးစေ့များဖြန့်ဖြူး ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ဆောင်းသီးနှံကုလားပဲမျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုး

**မြိုင် နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီး၍ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ACIAR အရ Project DAJ နှင့် DOA တို့ ပူးပေါင်းဆောင်ရွက်သည့် ဆောင်းသီးနှံကုလားပဲမျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးခြင်းကို နိုဝင်ဘာပထမပတ်က မြိုင်မြို့နယ် အင်းရောင်းအုပ်စု အင်းရောင်းကွင်း ကွင်းအမှတ်(၈၅၅)တောင်သူ ဦးအောင်ကျော်မြင့် လယ်ကွက်တွင် စိုက်ပျိုးကြသည်။

အဆိုပါ ကုလားပဲ စမ်းသပ်စိုက်ပျိုးမှုတွင် မျိုးတစ်မျိုးလျှင် ၀ ဒသမ ၂၅ ဧက စိုက်ပျိုးခဲ့ကြပြီး မျိုးတစ်မျိုးကြားတွင် ဆောင်းနေကြာတစ်တန်းခြား၍ သီးညှပ်စိုက်ပျိုးကြရာ ဒေသသီးနှံပုံစံနှင့်ကိုက်ညီပြီး အထွက်ကောင်း ကုလားပဲမျိုးများကို တောင်သူများ ပါဝင်ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် ရည်ရွယ်ချက်ဖြင့် စံထား၍ စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

**(၁၃၅)**

## မြစိမ်းရောင်ကျေးရွာများအကောင်ထည်ဖော်

**သီပေါ နိုဝင်ဘာ ၈**

ကျေးလက်ဒေသများတွင် မြစိမ်းရောင်စီမံကိန်းဖြင့်အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးဦးတင်မောင်စိုးနှင့်တာဝန်ရှိသူများ၊ ကျေးလက်လူငယ်များနှင့်အတူ နိုဝင်ဘာ ၅ ရက်က ကျောက်မဲမြို့နယ်အတွင်းသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ကျောက်မဲမြို့နယ်အတွင်းရှိ ကုန်းစုံ၊ မန်အော့၊ ပါပုတ်၊ ပြိန်းဆပ်ကျေးရွာများတွင်အကောင်ထည် ဖော်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့်ကျေးရွာဘဏ္ဍာရေးဆပ်ကော်မတီမှ ငွေကြေးထုတ်ချေးသည့် အခြေအနေများကို မြစိမ်းရောင်စီမံကိန်းနှင့်ပတ်သက်သည့် စာရင်းရေးသွင်းမှုများ၊ စီမံကိန်းလိုအပ်ချက်များကိုပြင်ဆင် တည့်မတ်ပေးခြင်း၊ လစဉ်ပြန်တမ်းပေးပို့မှုများကို ကြည့်ရှုစစ်ဆေးပြီး မြစိမ်းရောင်အရင်းမပျောက်မတည်ငွေဖြင့် အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ချောင်းဆိုးရောဂါ ဆေးနှင့်အစာ

ကြည်လွင်မြင့် (မုဒြာ)

ချောင်းဆိုးရောဂါ အဖြစ်အများဆုံးအချိန်မှာ မိုးဦးကျနှင့် ဆောင်းဦးအစရာသီတွင်ဖြစ်သည်။ လူဝကြီးများထက် လူပိန်များက ပို၍ချောင်းဆိုးရောဂါဖြစ်ပွားလေ့ရှိသည်။ တစ်နေကုန်အလုပ်လုပ်ပြီး ညနေစောင်းမှ ရေချိုး ရသူများလည်း ချောင်းဆိုးရောဂါဖြစ်လေ့ရှိသည်။ ကလေးများတွင် အချိုလွန်ကဲသောမုန့်များ၊ ရေခဲစိမ့် အချိုရည်ဘူးများ စားသုံးမှုများလျှင် ချောင်း အဆက်မပြတ်ဆိုးသော ရောဂါရတတ်သည်။

ယခုခေတ်တွင် ဆီမသန့်၍ဖြစ်သော ချောင်းဆိုးရောဂါတစ်မျိုးကို တွေ့ရများသည်။ အထူးသဖြင့် စားအုန်းဆီကြောင့်ဖြစ်သည်။ စားအုန်းဆီသည် အေးခဲလွယ်သောအဆီမျိုးဖြစ်သည်။ အကြော်များ ကြွပ်ရွစေသဖြင့် အသုံးများကြခြင်းဖြစ်သည်။ စားအုန်းဆီဖြင့်ကြော်ထားသော အကြော်စားသူများ၏ လည်ချောင်းအစာမျိုပြွန်နံရံတွင် စားအုန်းဆီများ ကပ်ကျန်ခဲ့သောအခါ မပျော်ဝင်နိုင်သဖြင့် လည်ချောင်းယားပြီး ချောင်းဆိုးရခြင်းဖြစ်သည်။ ထိုဆီကြောင့်ပင် လည်ချောင်းလေပြွန်ရောင်ရောဂါဖြစ်နိုင်သည်။ ကြွပ်ရွနေသောအကြော်စားသူများသည် ရေနွေးကြမ်းပူပူသောက်သင့်သည်။ အစာစားပြီး ရေခဲရေ၊ အအေးသောက်လျှင် စားအုန်းဆီသည် ပို၍ခဲသွားပြီး ချောင်းကြီးဆိုးရောဂါဖြစ်နိုင်သည်ကို အထူးသတိပြုစေလိုသည်။

ချောင်းဆိုးခြင်းသည် ရိုးရာဆေးပညာအရ အပူငုပ်သောရောဂါဖြစ်သည်။ တစ်နည်းအားဖြင့် ခန္ဓာကိုယ်အတွင်းမှ အပြင်သို့ထွက်ရမည့် အပူ၊ အခိုး၊ အငွေ့များကို အအေးဓာတ်က ဖိနှိပ်ပိတ်ဆို့ထားသဖြင့် အပြင်မထွက်နိုင်။ မထွက်နိုင်သဖြင့် တွန်းကန်ရာမှ ချောင်းဆိုးရခြင်းဖြစ်သည်။ မိုးဦးကျနှင့်ဆောင်းဥတုတွင် အနွေးထည်မပါဘဲ အပြင်ထွက်၍ အအေးပတ်သူ၊ ရေချိုးမှား၍ အအေးပတ်သူ၊ အအေးစာနှင့် ဆီမသန့်သောအစာအစားမှား၍ ချောင်းဆိုးသူများစွာတွေ့ရသည်။ အချို့မှာ တစ်ရာသီလုံးချောင်းဆိုးအမြစ်မပြတ်ဘဲ ဖြစ်နေသည်ကို တွေ့ရတတ်သည်။

ရေခဲရေနှင့် အအေးကြိုက်သူ၊ ရေခဲသေတ္တာအတွင်းမှ ရေအေးဘူးကို အမြဲသောက်လေ့ရှိသူများနှင့် Water Cooler ခေါ် ရေအေးစက်မှ အအေးလွန်ကဲသောရေကို သောက်လေ့ရှိသူများမှာ အအေးကဖိနှိပ်သဖြင့် အပူငုပ်လွန်ကဲပြီး ချောင်းဆိုးရောဂါသာမက အသားပတ်ရောဂါနှင့် ချွဲခြောက်ရောဂါ၊ ခြေဖဝါးအက်ကွဲရောဂါ၊ မျက်စိမှ မျက်ရည်ခြောက်ခန်း၍ မျက်သားရောင်သည့်ရောဂါ၊ ဦးခေါင်းတွင် အပူများပြီးဖြစ်သည့် ဖောက်ရောဂါနှင့် ဆံပင်ကျွတ်ခြင်းများပါ ဖြစ်လာနိုင်သည်။

အပူငုပ်ချောင်းဆိုးခြင်းမှကာကွယ်နိုင်ရန် ရောဂါဖြစ်လာမှ ချောင်းဆိုးပျောက်ဆေးများ သောက်သုံးခြင်းထက် ကြိုတင်ကာကွယ်ခြင်းက အကောင်းဆုံးဖြစ်သည်။ ထိုသို့ကာကွယ်ရန် နည်းလမ်းနှင့်ဓာတ်စာများမှာ -

(၁) ရေအေး၊ ညသိပ်ရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၂) လူကြီးများ ရေနွေးစပ်ပြီးမှ ရေချိုးပါ။

(၃) ရေမချိုးမီ ရေအေးတစ်ခွက်သောက်ပါ။

(၄) ရှောက်သီး သို့မဟုတ် သံပရာသီးတစ်စိတ်ကို ရေနွေးပူပူတွင်စိမ်ပါ၊ အငွေ့လုံအောင်အုပ်ထားပြီး ရေချိုးပြီးချိန် သောက်ပေးပါက အအေးပတ်ခြင်းမှ ကာကွယ်ပါသည်။

(၅) နွေ ကိုး၊ မိုး တစ်ဆယ်၊ ဆောင်း ဆယ့်တစ်ဆိုသောစကားနှင့်အညီ ရေချိုးပါ။ ညနေစောင်းချိန်နှင့် နေဝင်မိုးချုပ်အချိန် ရေချိုးလျှင် အပူငုပ်ခြင်း၊ ချောင်းဆိုးခြင်းဖြစ်နိုင်ပါသည်။

(၆) ညအိပ်ရာမဝင်မီ ရှောက်သီး သို့မဟုတ် သံပရာသီးအရည် သုံးဇွန်းနှင့် ပျားရည်တစ်ဇွန်း စပ်သောက်ပေးလျှင် အပူငုပ်၍ ချောင်းဆိုးခြင်း၊ လေပူလှန်ချောင်းဆိုးခြင်းမှ ကာကွယ်နိုင်ပါသည်။

(၇) ချောင်းဆိုးလျှင် ပြည်ပန်းညိုရွက် လက်တစ်ဆုပ်ကို ရေဖြင့်စင်အောင် ဆေးအရည်ညှစ်ယူပြီး ဆားလှော်အနည်းငယ်နှင့်စပ်တိုက်လျှင် သက်သာစေနိုင်ပါသည်။

(၈) ကွမ်းရွက်ကို ကန်တော့ကဲ့သို့ပြုလုပ်ပြီး ဆားထည့်ပြီးထုပ်ပါ။ မီးဖုတ်ပါ။ ထိုကွမ်းရွက် ဆားမီးဖုတ်ကို သံပရာရည်ဖြင့်ဖျော်လျှင် ရက်ကြာချောင်းဆိုးရောဂါ၊ ချောင်းကြီးဆိုးရောဂါများ ပျောက်ကင်းစေနိုင်သည်။

(၉) ရှောက်ရွက်ကို ကြက်သွန်ဖြူနှင့်ဆားအနည်းငယ်ခတ်၍ ဟင်းချိုလုပ်သောက်လျှင် ချောင်းဆိုးသက်သာစေသည်။

(၁၀) ဒန့်သလွန်ရွက်နှင့် ပြည်ပန်းညိုရွက်တို့ကို တွဲဖက်၍ဟင်းချိုလုပ်ချက်သောက်လျှင် အပူငုပ်ချောင်းဆိုးခြင်းနှင့် အသံဝင်ရောဂါကိုပါ ပျောက်ကင်းစေနိုင်သည်။

(၁၁) ထန်းလျက်(အမည်း)နှင့် ရှောက်သီးကို သိန္ဓောဆားအနည်းငယ်ထည့်၍ ယိုထိုးစားလျှင် ချောင်းဆိုးရောဂါ ပျောက်ကင်းနိုင်သည်။

(၁၂) ချင်းစိမ်း၊ ငရုတ်ကောင်း၊ လေးညှင်းတို့ကို ထန်းလျက်နှင့်ရောကျိုပြီး ပူပူနွေးနွေးသောက်ပေးလျှင် ချောင်းဆိုးရင်ကျပ်ရောဂါ သက်သာစေနိုင်သည်။

(၁၃) ကညွတ်ဥ(ရှဉ့်မတက်ဥ)နှင့် မုယားကြီးရွက်ကို သကြားခဲနှင့် ကျိုသောက်လျှင် ချောင်းခြောက်ဆိုးရောဂါပျောက်ကင်းနိုင်သည်။

(၁၄) ဒန္တသုခပင်အရွက် လက်တစ်ဆုပ်ကို ရေ ၅၀ ကျပ်သား၊ (ရေသန့်တစ်ဘူးစာ)ဖြင့်ပြုတ်၊ သကြားချိုရုံထည့်ပါ။ ချောင်းဆိုးသွေးပါရောဂါ သက်သာစေသည်။

(၁၅) ကလေးချောင်းဆိုးလျှင် သနပ်ခါးအမြစ်ကို ဆားအနည်းငယ်နှင့် ရောသွေး၍ ခွံ့ပေးလျှင် သက်သာစေနိုင်သည်။

(၁၆) ချိုးလိုက်လျှင် အစေးများထွက်သည့် ငဖြူကြီးရွက်ခေါ် မရိုးပင်အရွက်ကိုထောင်း၍ အရည်ညှစ်ယူပြီး ဆားအနည်းငယ်ရော၍တိုက်လျှင် ကလေး၊ လူကြီးချောင်းဆိုး၍ မျက်နှာများ ရောင်အမ်းခြင်းကို ပျောက်ကင်းစေနိုင်သည်။

(၁၇) ခွေးသေးပန်းရွက်အရည်ညှစ်ရသော သတ္တုရည်ကို ဆားမီးဖုတ်ဖြင့် ရောတိုက်လျှင် ကလေး၊ လူကြီး အဆက်မပြတ်ဆိုးသောချောင်းဆိုးရောဂါကို သက်သာစေနိုင်သည်။

(၁၈) နာတာရှည်ချောင်းဆိုးရောဂါ (လေပူချောင်းဆိုးရောဂါ)အတွက် ကြက်သွန်ဖြူအရည် (အဆီ)ကို နေ့စဉ်တိုက်ကျွေးပေးခြင်း၊ ကြက်သွန်ဖြူကို နေ့စဉ်စားသုံးပေးခြင်းဖြင့် သက်သာနိုင်သည်ဟု အာယုဗေဒကျမ်းများက ဆိုပါသည်။



**အအေးလွန်ကဲသောရေကို သောက်လေ့ရှိသူများမှာ အအေးကဖိနှိပ်သဖြင့် အပူငုပ်လွန်ကဲပြီး ချောင်းဆိုးရောဂါသာမက အသားပတ်ရောဂါနှင့် ချွဲခြောက်ရောဂါ၊ ခြေဖဝါးအက်ကွဲရောဂါ၊ မျက်စိမှမျက်ရည်ခြောက်ခန်း၍ မျက်သားရောင်သည့်ရောဂါ၊ ဦးခေါင်းတွင် အပူများပြီးဖြစ်သည့် ဖောက်ရောဂါနှင့် ဆံပင်ကျွတ်ခြင်းများပါ ဖြစ်လာနိုင်**

## ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး ညောင်တုန်းမြို့နယ်၌ ဆောင်ရွက်

**ညောင်တုန်း နိုဝင်ဘာ ၈**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ညောင်တုန်းမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေများဖြင့် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေး ညောင်တုန်းမြို့နယ် မဲဇလီဒေသအပါအဝင် ငှက်ပျောကျွန်း၊ ကွန်းဦး-ခတ္တိယအထိ ၁၀ မိုင်၊ အရွှဲအမြောင်းမှ ညောင်ဝိုင်းကြီးအထိ ခုနစ်မိုင် စုစုပေါင်း ၁၁ ကေဗွီလိုင်း ၁၇ မိုင်ကို နိုဝင်ဘာ ၅ ရက်မှစ၍ ဆောင်ရွက်လျက်ရှိသည်။

ညောင်တုန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးကျော်နှင့် လျှပ်စစ်ဝန်ထမ်းများက လှိုင်သာယာ-ညောင်တုန်းလမ်းတစ်လျှောက်ရှိ လျှပ်စစ်မီးတိုင်များတည့်မတ်ခြင်း၊ ကြွေသီးများစစ်ဆေးခြင်းနှင့် လျှပ်စစ်မီးလိုင်းများနှင့် မလွတ်ကင်းသည့် သစ်ကိုင်းသစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## အင်တာနက် နည်းပညာပြန့်ပွားရေး သင်တန်းဖွင့်

**ဇီးကုန်း နိုဝင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ကွန်ပျူတာ၊ အင်တာနက် နည်းပညာပြန့်ပွားရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇီးကုန်းမြို့နယ် သစ်နဖားကျေးရွာ လယ်ပြင် ဘုန်းတော်ကြီးကျောင်း၌ နိုဝင်ဘာလပထမပတ်က ကျင်းပရာ သာယာဝတီခရိုင် ဦးစီးမှူး ဦးမင်းမောင်က သင်ထောက်ကူပစ္စည်းများပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက် ဦးစီးမှူးက ကျေးလက်နေပြည်သူများ ဗဟုသုတပြန့်ပွားရေးအတွက် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ကိုသက်(ဇီးကုန်း)**

## ကမ်းလွန်လုပ်ကွက်လုပ်ငန်းခွင် သတိပေးကြေညာချက်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော BG Exploration and Production သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ်၊ A-4 နှင့် AD-02 တို့တွင် 3D Seismic Survey လုပ်ငန်းများကို MV RAMFORM SOVERREIGN ဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၃ ရက်မှ ၂၀၁၆ ခုနှစ် ဧပြီ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

3D Seismic Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် ဧရိယာတည်နေရာများမှာ Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၇မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၂မိနစ် ၀၀ဒသမ ၀၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၄မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၄ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့် ၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၀ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၂ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်နှင့် Point E မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၃မိနစ်၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၁မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်တို့အတွင်း တွင်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-4 နှင့် AD-02 တို့တွင် 3D Seismic Survey လုပ်ငန်းများကို MV RAMFORM SOVERREIGN ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ပြန်လည်ထူထောင်ရေးကာလ ပျက်စီးသွားသောမြို့တွင်းလမ်းများ အဆင့်မြှင့်တင်ခြင်းဆောင်ရွက်

**ပွင့်ဖြူ နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့တွင် ဩဂုတ်လနှင့် ဇူလိုင်လအတွင်း မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် မုန်းချောင်းရေကြီးရေလျှံခဲ့သဖြင့် တစ်မြို့လုံးရေကြီးနစ်မြုပ်ခဲ့ရကြောင်း သိရသည်။ ယခုအခါ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးမျိုးဝင်း၊ အင်ဂျင်နီယာဦးအောင်လင်းနှင့် ဝန်ထမ်းများက ပျက်စီးသွားသော လမ်းများအား အဆင့်မြှင့်တင်ခြင်း၊ ထပ်ပိုးလွှာခင်းခြင်းများကို လမ်းကြိတ်စက်ကြီးများ၊ ကျောက်သယ်ယာဉ်များအသုံးပြုကာ ဆောင်ရွက်နေကြသည်။ မြို့တွင်းလမ်းများဖြစ်သော ဗိုလ်ချုပ်လမ်းမကြီးအား အလျား ၇၀၀ ပေ၊ အနံ ၁၂ ပေရှိ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို ငွေကျပ်သိန်း ၈၀ အကုန်အကျခံပြီး ဆောင်ရွက်ခဲ့သဖြင့် နိုဝင်ဘာလပထမပတ်က ထပ်ပိုးလွှာခင်းခြင်းဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**ခင်မောင်ဌေး-ပွင့်ဖြူ**

# ခြေစွမ်းပြကြဦးမယ့် ဥရောပလူငယ်တွေရဲ့ ယူရို ယူ-၂၁ ခြေစစ်ပွဲတွေ

မိုးမြင့်လင်းလက်

ယူရိုယူ-၂၁ ခြေစစ်ပွဲတွေကို လာမယ့်သီတင်းပတ် နိုဝင်ဘာ ၁၁ ရက်နဲ့ ၁၂ ရက်တွေမှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ကြားရက်ယှဉ်ပြိုင်ကြမှာမို့ ပရိသတ်တွေအတွက် ပွဲကောင်းတွေက စောင့်ကြိုနေပြန်ပါတယ်။ ဥရောပရဲ့ ခြေစွမ်းထက်လူငယ်ကစားသမားတွေ ပါဝင်ဆင်နွှဲမယ့် ဒီပြိုင်ပွဲဟာ အကြိတ်အနယ်ရှိပြီး ရသစုံလင်ပေးစွမ်းဦးမှာ ဖြစ်ပါတယ်။

### ခရိုအေးရှားနှင့် ဆန်မာရီနို

ခရိုအေးရှားတို့ကအုပ်စု(F)မှာ သုံးပွဲကစားပြီး ကိုးမှတ်နဲ့ ထိပ်ဆုံးမှာရပ်တည်နေပါတယ်။ ဆန်မာရီနိုတို့ကတော့ လေးပွဲကစား၊ တစ်မှတ်သာရရှိထားလို့ အောက်ဆုံးမှာရှိနေတဲ့ အသင်းဖြစ်ပါတယ်။ ခရိုအေးရှားတို့က တိုက်စစ်ထက်မြက်သလို ခံစစ်ပိုင်းကလည်း လုံခြုံသိပ်သည်းလွန်းတာမို့ အခုပွဲမှာ ဧည့်သည်တို့ မလွယ်ပါဘူး။ သုံးပွဲမှာ ကိုးဂိုးအသွင်းခံထားရတဲ့ ဆန်မာရီနိုတို့ ဂိုးပြတ်မရှုံးအောင် ကာကွယ်ရမှာ ဖြစ်ပါတယ်။

### ချက်နှင့် ဘယ်လ်ဂျီယံ

အုပ်စု (A) မှာတော့ ဘယ်လ်ဂျီယံတို့ခြေစွမ်းပြပြီး သုံးပွဲကစား ကိုးမှတ်ရရှိထားပါတယ်။ ချက်အသင်းကတော့ သုံးပွဲကစား ငါးမှတ်နဲ့ ဒုတိယနေရာမှာ ရပ်တည်နေတာမို့ ဒီပွဲဟာ အပြိုင်အဆိုင်အားထုတ်ကြမယ့်ပွဲပါပဲ။ ဘယ်လ်ဂျီယံတို့ကတော့ တိုက်စစ်အားမထက်မြက်ပေမယ့် ခံစစ်ပိုင်းကတော့ ကောင်းမွန်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ မွန်တီနီဂရိုးနဲ့ သရေပွဲဖြစ်ထားတဲ့ ချက်တို့ တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းအားနဲ့ ဘယ်လ်ဂျီယံကို အနိုင်ကစားသွားနိုင်ပါတယ်။

### ပြင်သစ်နှင့် မြောက်အိုင်ယာလန်

ယူကရိန်းနဲ့ စကော့တလန်တို့ကို အနိုင်ကစားထားတဲ့ ပြင်သစ်တို့အကောင်းဆုံး ခြေစွမ်းရရှိနေပါတယ်။ တိုက်စစ်ရော၊ ခံစစ်ပိုင်းပါ ပုံစံကောင်းရနေတဲ့ ပြင်သစ်လူငယ်တွေကို မြောက်အိုင်ယာလန်တို့ မလွယ်ပါဘူး။ မက်ဆီဒိုးနီးယား၊ အိုက်စလန်၊ စကော့တလန်တို့ကို နိုင်ပွဲမရထားတဲ့ မြောက်အိုင်ယာလန်တို့က ခံစစ်ပိုင်းကောင်းပေမယ့် ဒီပွဲမှာ ပြင်သစ်တိုက်စစ်မှူးတွေရဲ့ ကျော်ဖြတ်မှုကို ခံစားရပါလိမ့်မယ်။

### ပေါ်တူဂီနှင့် အယ်လ်ဘေးနီးယား

ဂရိ၊ ဟန်ဂေရီအသင်းတွေကို ဆက်တိုက်နိုင်ထားပြီး အယ်လ်ဘေးနီးယားအသင်းကို ပထမအကျော့မှာ ခြောက်ဂိုး-တစ်ဂိုးနဲ့နိုင်ထားတဲ့ ပေါ်တူဂီလူငယ်တွေဟာ အခုပွဲအိမ်ကွင်းမှာဆိုတော့ ဂိုးပြတ်သွင်းပြီး အောင်ပွဲခံဦးမှာပါ။ အယ်လ်ဘေးနီးယားတို့ ပထမအကျော့လို ဂိုးဒါဇင်ဝက်အထိ အသွင်းမခံရရေး ဟန့်တားပိတ်ဆို့ရုံကလွဲပြီး မျှော်လင့်လို့မရပါဘူး။

### စပိန်နှင့် ဂျော်ဂျီယာ

ပထမအကျော့ ဂျော်ဂျီယာကွင်းမှာ စပိန်တို့ ငါးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ စပိန်အသင်းဟာ ဆွီဒင်ကို တစ်ဂိုးစီသရေပွဲ ကစားခဲ့ပေမယ့် ဂျော်ဂျီယာ၊ အက်စ်တိုးနီးယားတို့ကို နိုင်ပွဲရအောင် ကစားထားပါတယ်။ အက်စ်တိုးနီးယားကို သုံးဂိုးပြတ်နဲ့နိုင်ထားတဲ့ ဂျော်ဂျီယာတို့ကလည်း ပထမအကျော့ရှုံးကြွေးကို ပြန်ဆပ်နိုင်ဖို့ ကြိုးစားလာမှာဖြစ်ပေမယ့် စပိန်လူငယ်တွေကို ကျော်ဖြတ်ဖို့ဆိုတာ မလွယ်ပါဘူး။

### ရုရှားနှင့် ဖာရိုကျွန်းစု

ဂျာမနီ၊ ဖင်လန်နဲ့ အဇာဘိုင်ဂျန်တို့ကို ဆက်တိုက်ရှုံးထားတဲ့ ဖာရိုကျွန်းစုအသင်းဟာ ရှုံးပွဲဆက်နေတဲ့ ရုရှားကိုလည်း အနိုင်ကစားဖို့ ခက်ခဲပါလိမ့်မယ်။ နိုင်ပွဲလိုအပ်နေတဲ့ ရုရှားတို့ကတော့ ဒီပွဲမှာတိုက်စစ်မြင့်တင်ပြီး အောင်ပွဲခံဖို့ ကြိုးစားလာပါလိမ့်မယ်။ အကြိုက်က ရုရှားပါပဲ။

### နယ်သာလန်နှင့် ဘီလာရုစ်

ဆလိုဗက်ကီးယားကိုရှုံးထားတဲ့ နယ်သာလန်တို့က ဒီပွဲမှာတော့ အိမ်ကွင်းလည်း ဖြစ်တာမို့ အနိုင်ကစားပါလိမ့်မယ်။ တူရကီကို အနိုင်ရယူထားတဲ့ ဘီလာရုစ်တိုက်စစ်မှူးတွေ ဂိုးရအောင်သွင်းယူပါလိမ့်မယ်။ ဒါပေမယ့် နယ်သာလန်လူငယ်တွေက အိမ်ကွင်းမှာဂိုးရအောင် သွင်းနိုင်တာမို့ ဘီလာရုစ်တို့ ရှုံးပွဲကြုံပါလိမ့်မယ်။

### ဘော့စနီးယား-ဟာဇီဂိုဗီးနားနှင့် အင်္ဂလန်

အမေရိကန်၊ နော်ဝေ၊ ကာဇက်စတန်အသင်းတွေကို ဆက်တိုက်အောင်ပွဲခံလာတဲ့ အင်္ဂလန်တို့က ဘော့စနီးယား-ဟာဇီဂိုဗီးနား လူငယ်တွေကို ဆက်လက်အနိုင်ယူဖို့ ကြိုးစားပါဦးမယ်။ ခံစစ်ပိုင်းလည်းကောင်းမွန်တဲ့ အင်္ဂလန်ဟာ ဒီပွဲမှာအဝေးကွင်းဖြစ်ပေမယ့် ဂိုးပြတ်သွင်းနိုင်ရေး အားထုတ်လာမှာမို့ အင်္ဂလန်ပရိသတ်တွေရဲ့ တောက်ပတဲ့ အောင်ပွဲခံအပြုံးတွေ တွေ့ရဦးမယ့်ပွဲပါပဲ။

### ဂရိနှင့် လက်ချင်စတိန်း

ပထမအကျော့မှာဂရိကို နှစ်ဂိုးပြတ်နဲ့ရှုံးထားတဲ့ လက်ချင်စတိန်းတို့ အခုပွဲ အဝေးကွင်းဖြစ်တာကြောင့် ပိုပြီးခက်ခဲပါလိမ့်မယ်။ ဂရိလူငယ်ကစားသမားတွေဟာ ပေါ်တူဂီကို လေးဂိုးပြတ်နဲ့ ရှုံးခဲ့တဲ့အတွက် အခုပွဲမှာ အနိုင်ရလဒ်ကို ဖော်ထုတ်နိုင်ရေး အားသွန်ခွန်စိုက် ကစားပါလိမ့်မယ်။ ဒီပွဲမှာအိမ်ရှင်တို့ပဲ နိုင်ပွဲရပါလိမ့်မယ်။




## ဟယ်ရီကိန်းကို ဘယ်တော့မှ ပြန်မခေါ်ဘူးဆိုတဲ့ အာစင်ဝင်းဂါး

ဟယ်ရီကိန်းဟာ တော့တင်ဟမ်ဟော့စပါးအသင်းမှာ ခြေစွမ်းပြကစားနေတဲ့ တိုက်စစ်မှူးပါ။ သူဟာ တစ်ချိန်က အာဆင်နယ်မှာ ကစားခဲ့ဖူးတဲ့ လူငယ်တိုက်စစ်မှူးပါ။ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါး မွေးထုတ်ပေးလိုက်တဲ့ လူငယ်ကစားသမားတစ်ဦး ဖြစ်ပါတယ်။ သို့ပေမယ့် သူဟာ အာဆင်နယ်အသင်းမှာ တစ်နှစ်သာကစားခဲ့ဖူးပါတယ်။ အသက် ၁၁ နှစ် အရွယ်ကတည်းက လူငယ်တိုက်စစ်မှူး ဟယ်ရီကိန်းဟာ စပါးအသင်းကို ပြောင်းရွှေ့သွားခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်က စပါးအသင်းနဲ့ အတူ ခြေစွမ်းပြကစားလာတဲ့ ဟယ်ရီကိန်းကို လူသိများလာခဲ့ပါတယ်။ အင်္ဂလန်အသင်းမှာလည်း အဓိကကစားသမားတစ်ဦးအဖြစ် ပါဝင်ကစားလာနိုင်ခဲ့ပါတယ်။ ဒီလိုခြေစွမ်းပြ ကစားလာတဲ့အတွက် အခြားသော ပရီမီယာလိဂ်ထိပ်သီးအသင်းတွေက ဟယ်ရီကိန်းကိုခေါ်ယူဖို့ ပစ်မှတ်ထားလာကြပါတယ်။ သို့ပေမယ့် နည်းပြအာစင်ဝင်းဂါးကတော့ ဟယ်ရီကိန်းကို ဘယ်တော့မှ ပြန်ပြီးစာချုပ်တော့မှာ မဟုတ်ဘူးလို့ ပြောဆိုလိုက်ပါတယ်။ သူဟာ ယခုနှစ်ပရီမီယာလိဂ်မှာလည်း ခြေစွမ်းပြပြီး ဂိုးတွေသွင်းပေးနေတာ တွေ့ရပါတယ်။ သူဟာ ပြီးခဲ့တဲ့ ပရီမီယာလိဂ်ပြိုင်ပွဲသုံးပွဲမှာ ငါးဂိုးသွင်းယူထားတယ်လို့ ဆိုပါတယ်။ စပါးတိုက်စစ်မှူးကို အာဆင်နယ်က ပြန်ခေါ်လိမ့်မယ်လို့ ထင်ကြေးပေးကြပေမယ့် ပြန်စာချုပ်ဖို့ကြိုးစားမှာ မဟုတ်ဘူးလို့ နည်းပြအာစင်ဝင်းဂါးက ဆိုပါတယ်။

## အရန်ကစားသမားဖြစ်မှာကို စိုးရိမ်နေတဲ့ အိုဇေးလ်

အာဆင်နယ် ကွင်းလယ်ကစားသမား မီဆွတ်အိုဇေးလ်ဟာ အာဆင်နယ်အသင်းမှာ အခြားသော ကစားသမားတွေထက် ဂိုးပေါက်ဖန်တီးမှု အများဆုံးပြုလုပ်ပေးနေသူ ဖြစ်ပါတယ်။ ဒါပေမယ့် သူ့ရဲ့ အာဆင်နယ်ကစားသမားဘဝဟာ အခက်အခဲဆုံးအခြေအနေနဲ့ ရင်ဆိုင်နေရပြီး အာဆင်နယ်အသင်း ကစားပွဲတွေမှာ ဂိုးပေါက်ဖန်တီးပေးမှု အကောင်းဆုံး ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သော်လည်း သူ့အနေနဲ့ အရန်ကစားသမားဖြစ်မှာကို စိုးရိမ်ပူပန်နေရတယ်လို့ ဆိုပါတယ်။ အိုဇေးလ်ရဲ့ ကစားဖော်တွေကလည်း သူ့ကို အရည်အချင်းပြည့်ဝတဲ့ ကစားသမားကောင်းအဖြစ် သတ်မှတ်ထားတာပါ။ သို့သော်လည်း အရန်ကစားသမားဖြစ်လာနိုင်တဲ့အတွက် စိုးရိမ်နေတယ်လို့ အိုဇေးလ်က ဆိုပါတယ်။






## ဖလားရဖို့ အခွင့်အရေးကောင်းကိုစောင့်ရဦးမယ့် အာဆင်နယ်

အာဆင်နယ်အသင်းဟာ ယခုနှစ်ရာသီမှာ မန်စီးတီးနဲ့အပြိုင် အောင်မြင်မှုတွေရနေတယ်ဆိုပေမယ့် ခြေစွမ်းတည်ငြိမ်တဲ့အနေအထားမဟုတ်သေးပါဘူး။ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဘိုင်ယန်မြူးနစ်ကို အိမ်ကွင်းမှာ နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့ပေမယ့် အဝေးကွင်းမှာတော့ ငါးဂိုး-တစ်ဂိုးနဲ့ရှုံးနိမ့်သွားခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး နည်းပြဝင်းဂါးအနေနဲ့ ဒေါသထွက်စရာဖြစ်ခဲ့ရပြီး ပရီမီယာလိဂ်မှာ ဖလားရဖို့မလွယ်ဘူးလို့ ပြောဆိုလိုက်ပါတယ်။ အင်္ဂလန်ပရီမီယာလိဂ်မှာ ဖလားဆွတ်ခူးနိုင်တဲ့ အကောင်းဆုံးအသင်းဖြစ်လာလိမ့်မယ်လို့ မထင်မိပါဘူးဟု နည်းပြဝင်းဂါးကဆိုပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ ဖလားဆွတ်ခူးနိုင်ဖို့အတွက် နောက်ထပ်ရွှေရောင်အခွင့်အရေးတစ်ရပ်ကို စောင့်ဆိုင်းရဖွယ်ရှိနေတယ်လို့ ဆိုပါတယ်။ အာဆင်နယ်အသင်းဟာ ၂၀၀၄ ခုနှစ်နောက်ပိုင်း ဖလားဆွတ်ခူးနိုင်တဲ့ အကောင်းဆုံးအခွင့်အရေး ရှိနေပါတယ်။ ဒီနှစ်ရာသီမှာ ပရီမီယာလိဂ်ဖလားရနိုင်တဲ့အသင်းတွေထဲမှာ အာဆင်နယ်နဲ့ မန်စီးတီးအသင်းတွေပဲဖြစ်ပါတယ်။ ဖလားဆွတ်ခူးနိုင်တဲ့အခွင့်အရေးကောင်းတွေရှိနေပေမယ့် ခြေစွမ်းမတည်ငြိမ်တဲ့အတွက် အခွင့်အရေးကောင်းကို စောင့်ရဖွယ်ရှိနေပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်

# နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တသုဇောတာလင်္ကာရ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့ အမှတ်(၁) ရပ်ကွက် သာသနာလင်္ကာရကျောင်းသစ်ကျောင်း၏ ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တသုဇောတာလင်္ကာရဆရာတော်သည် သက်တော် (၈၉)နှစ်၊ သိက္ခာတော် (၆၉)ဝါအရ ၁၃၇၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈ ရက် (နိုဝင်ဘာ ၅ ရက်၊ ကြာသပတေးနေ့) ညနေ ၄ နာရီခွဲတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပုဂံ-ညောင်ဦးဒေသရှိ E-Bike အငှားယာဉ်အား ကမ္ဘာလှည့်ခရီးသည်တို့အကြိုက်တွေ့

**ပုဂံ နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦးဒေသသည် နေ့စဉ်ဘုရားဖူး ဧည့်သည်များ စည်ကားနေသည့် ရှေးဟောင်းယဉ်ကျေးမှု နယ်မြေတစ်ခုဖြစ်ရာ ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည်များအနေဖြင့် ကျယ်ပြန့်များပြားလှသည့် စေတီပုထိုးများသို့ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ဆိုက်ကား၊ မြင်းလှည်း



များဖြင့် သွားလာလျက်ရှိကြောင်းသိရသည်။

ပြည်တွင်းဘုရားဖူးဧည့်သည်များသည် များသောအားဖြင့် ကိုယ်ပိုင်မော်တော်ယာဉ်များနှင့်လှည့်ပတ်နေကြသော်လည်း ကမ္ဘာလှည့်ခရီးသည် မော်တော်ယာဉ်ငှားရမ်း၍ လှည့်ပတ်ရာတွင် ငှားရမ်းခဈေးနှုန်းမြင့်မားခြင်း၊ မိမိတို့ သွားလိုရာသို့ သွားလာရန်ခက်ခဲခြင်းတို့ ဖြစ်ပေါ်လျက်ရှိနေပြီး အနှေးယာဉ်များဖြစ်သော စက်ဘီး၊ ဆိုက်ကား၊ မြင်းလှည်းများဖြင့် လှည့်ပတ်ကြရာတွင် အချိန်ကြန့်ကြာမှုများကြောင့် E-Bike ခေါ် လျှပ်စစ်ဆိုင်ကယ်တို့ကို ငှားရမ်းအသုံးပြုမှုများပြားလာကြောင်း သိရသည်။

E-Bike တစ်စီးလျှင် လူနှစ်ဦးစီးနင်းနိုင်ပြီး နံနက် ၅ နာရီမှ ည ၈ နာရီအထိ ငွေကျပ် ၆၀၀၀ နှုန်း၊ နေ့တစ်ဝက်ငွေကျပ် ၃၀၀၀ နှုန်းနှင့် တစ်နာရီလျှင် ငွေကျပ် ၂၀၀၀ နှုန်းတို့ဖြင့် ငှားရမ်းကြောင်း သိရသည်။

E-Bike များသည် ပေါ့ပါး၍ ခရီးတွင်ကျယ်ခြင်း၊ ငှားရမ်းခသက်သာခြင်း၊ ဘက်ထရီအားအသုံးခံခြင်းတို့ကြောင့် ကမ္ဘာလှည့်ခရီးသည်တို့ အကြိုက်တွေ့လျက်ရှိနေပြီး လုပ်ငန်းရှင်များကလည်း ပြင်ဆင်သည့်ဝန်ဆောင်မှုများပေးခြင်းတို့ကို လုပ်ဆောင်ပေးလျက်ရှိနေသောကြောင့် ပုဂံ-ညောင်ဦးဒေသတွင် E-Bike လုပ်ငန်းသည် အဆင်ပြေလျက်ရှိနေကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# မင်္ဂလာဒုံမြို့နယ်၌ ကျေးရွာများ မီးလင်းရေးဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ ရပ်ကွက်၊ ကျေးရွာနေပြည်သူများ နေထိုင်သွားလာမှု အဆင်ပြေချောမွေ့စေရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းဖြစ်သည့် ထရန်စဖော်မာတပ်ဆင်ခြင်း၊ ဆိုလာပြားများတပ်ဆင်ခြင်း၊ ဓာတ်တိုင်များ စိုက်ထူခြင်း၊ မီးကြိုးလိုင်းများ သွယ်တန်းခြင်းတို့ကို အောက်တိုဘာ ၂၁ ရက်မှစတင်ပြီး မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်တွင် ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၅ ရက်က အပြီးတပ်ဆင်ခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို မင်္ဂလာဒုံမြို့နယ် မီးလင်းရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညွန့်ဟန်နှင့် တာဝန်ရှိသူတို့က ဦးဆောင်၍ ရွှေနံ့သာကျေးရွာအုပ်စု၊ သယ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ လေးထောင့်ကန်၊ ထောက်ကြန့်မြောက်ပိုင်းရပ်ကွက်တို့တွင် ၂၀၀ ကေဗွီအေ ထရန် စဖော်မာတစ်လုံးတပ်ဆင်ပြီး ကျန် ထရန် စဖော်မာ ၂၀၀ ကေဗွီအေ ရှစ်လုံး၊ ၁၅ ကေဗွီတစ်လုံးစိုက်ထူ၍ ဓာတ်တိုင် ၁၄၂ တိုင်သွယ်တန်းပြီးကြောင်း၊ လျှပ်စစ်မီးလင်းရေးအတွက် အသုံးပြုသည့် ပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၉ သန်းကျော်ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခွင့်ပြုပြီးဖြစ်ကြောင်း သိရသည်။

**မျိုးသန့်(အင်းစိန်)**

# မြန်မာ့ရိုးရာ မင်္ဂလာဆိုင်းဝိုင်း အနုပညာရှင်များရှားပါးလာ

**ရေတာရှည် နိုဝင်ဘာ ၈**

ရှေးမင်းများအဆက်ဆက် ဖျော်ဖြေအသုံးတော်ခံခဲ့ရသော မြန်မာ့ရိုးရာဆိုင်းဝိုင်းများကို ကထိန်သင်္ကန်းကပ်အလှူပွဲ၊ ဘုရားထီးတင်ပွဲ၊ ရှင်ပြုနားသ အလှူပွဲများ၊ အခြားသောဧည့်ခံဖျော်ဖြေပွဲများတွင် ယခုထက်တိုင် တီးမှုတ် ဖျော်ဖြေနေကြဆဲဖြစ်သည်။ သီတင်းကျွတ်လပြည့်ကျော်မှ စတင်ကာ တန်ဆောင်မုန်းလပြည့်နေ့အထိ ကထိန်လသည်လည်းကောင်း၊ ပြာသိုတပို့တွဲ၊ တပေါင်း၊ တန်ခူးလများ၌ မြို့နှင့်ကျေးလက်ဒေသများ၌ ဆိုင်းသံ၊ ဗုံသံ၊ ဗျောစည်သံများ နေရာအနှံ့အပြားတွင် ကြားကြရပြီး တောင်သူတို့၏ လယ်ယာလုပ်ငန်းခွင်သီးနှံများ အောင်မြင်ဖြစ်ထွန်းသည်နှင့်အမျှ ဆိုင်းအဖွဲ့များမှာ ရက်မနားရအောင်ပင် ပွဲထွက်ကြရကာ အနုပညာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းသူများလည်း များစွာအဆင်ပြေကြသည်ကို တွေ့ရသည်။

ယခုနောက်ပိုင်း၌ ဆိုင်းအဖွဲ့တွင် တီးခတ်ဖျော်ဖြေနိုင်သော ပညာရှင်များရှားပါးလာသည့်အတွက် အခက်အခဲဖြစ်ကြရကြောင်း၊ ဆိုင်းဆရာတစ်ဦးက ပြောသည်။

"အခုနောက်ပိုင်း လူကအတော်ရှားသွားပြီ အဓိကလူရွှင်တော် အခက်အခဲရှိတယ်။ ဟိုးအရင် လူရွှင်တော်ကြီးတွေက စာအလွန်ဖတ်တော့ ဗဟုသုတကြွယ်တယ်။ ဆိုင်းဆင့်တာကအစ သမ္မာရှိတော့ တီးမှုတ်ရတဲ့ဆိုင်းဆရာ အနေနဲ့လည်း အားရတာပေါ့။ ဆိုင်းတွေကများ လူရွှင်တော်ရှားပါးတော့ အဆင်မပြေကြတော့ဘူး"ဟု ၄င်းကပင် ဆက်၍ ပြောသည်။

**ကိုလွင်(ဆွာ)**



**ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့တွင် ကျန်းမာရေးဝန်ကြီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ်သိန်း ၇၅၅၀ ဖြင့် ဝန်ထမ်းအိမ်ရာ လေးထပ်ခြောက်ခန်းတွဲ တိုက်ခန်းများ ဆောက်လုပ်လျက်ရှိရာ နိုဝင်ဘာ ၇ ရက်က လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးပြီဖြစ်သည်ကို တွေ့ရစဉ်။**

ကိုသက်(ဇီးကုန်း)

# မြစိမ်းရောင်ကျေးရွာ စီမံကိန်း ကွင်းဆင်းစစ်ဆေး

**ရမ်းဗြဲ နိုဝင်ဘာ ၈**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျောက်နဂါး ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော မြစိမ်းရောင်စီမံကိန်း မွေးမြူရေး၊ ရေလုပ်ငန်း၊ စိုက်ပျိုးရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင် ဆောင်ရွက်နေသော လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ထွန်းနှင့်တာဝန်ကျဝန်ထမ်းများက ကျေးရွာမြစိမ်းရောင်ကော်မတီဝင်များနှင့်အတူ နိုဝင်ဘာလပထမပတ်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

(၁၅၇)

# နိုင်ငံတော်သြဝါဒါစရိယ၊ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့၊ အမှတ်(၁)ရပ်ကွက်၊ သာသနာလင်္ကာရ ကျောင်းသစ်ကျောင်း ဦးစီးပဓာန နာယက ဆရာတော်ဘဒ္ဒန္တသုဇောတာလင်္ကာရ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း** - ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဝဲဒေါင့်ကျေးရွာ ခမည်းတော် ဦးဦးမောင်-မယ်တော် ဒေါ်နန်းသင်တို့က ၁၂၉၀ပြည့်နှစ် နယုန်လပြည့်ကျော် ၁၃ရက်နေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း** - ဆရာတော်လောင်းလျာသည် ၁၃၀၅ ခုနှစ်တွင် ခမည်းတော်-မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၃၀၉ ခုနှစ်တွင်ဝဲဒေါင့်ကျေးရွာ ဝဲဒေါင့်အလယ်ကျောင်းတိုက် ခဏ္ဍသိမ်၌ ကံဆွယ်ဆရာတော် ဘဒ္ဒန္တကလျာဏကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခဲ့သည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း** - ဆရာတော်လောင်းလျာသည် မူလဘုမ်ပျံဆရာတော်ထံတွင် သဒ္ဒါ၊သင်္ဂြိုဟ်၊ ဓာတုကထာ၊ ရူပသိဒ္ဓိ၊ ဋီကာကျော်၊ ကင်္ခါစသော အခြေခံစာပေများ သင်ယူခဲ့ပြီး ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ်ဆရာတော်ကြီးများ၊ မန္တလေး အနောက်ပြင် တောင်သမန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသဝ၊ ဝေယံဘုမ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကလျာဏနှင့်ရန်ကုန်မြို့ ညောင်တုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တခေမိန္ဒ၊ ဘဒ္ဒန္တသြဘာသတို့ထံတွင် ပရိယတ္တိစာပေများကို ဆည်းပူးသင်ယူခဲ့သည်။

**သာသနာရေး ဆောင်ရွက်တော်မူခြင်း** - ဆရာတော်သည် ၁၃၁၆ ခုနှစ်မှ ၁၃၂၀ ပြည့်နှစ်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဓမ္မသိပ္ပံစာသင်တိုက်၌ တိုက် အုပ်စာချအဖြစ်လည်းကောင်း၊ ၁၃၂၁ ခုနှစ်မှ ၁၃၂၅ ခုနှစ် အထိ ဒေးဒရဲမြို့ သာသနာ့ရိပ်သာ အိုးဘိုကျောင်း၌ တိုက်အုပ်စာချအဖြစ်လည်းကောင်း၊ ၁၃၂၆ ခုနှစ်မှ ယနေ့အထိ ဒေးဒရဲမြို့ သာသနာလင်္ကာရကျောင်းသစ်ကျောင်းရှိ ငယ်၊ လတ်၊ ကြီး ရဟန်း သာမဏေများကို စာပေပို့ချလျက်ရှိပြီး ၁၃၄၇ ခုနှစ်မှ ၁၃၅၁ ခုနှစ်အထိ မြို့နယ်သံဃနာယကအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၃၅၂ ခုနှစ် မှ ၁၃၆၁ ခုနှစ်အထိ တိုင်းဒေသကြီး သံဃာ့ဝန်ဆောင်နှင့် မြို့နယ်သံဃနာယကအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ၁၃၆၂ ခုနှစ်မှ ၁၃၆၈ ခုနှစ်အထိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ ၁၃၆၉ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်အဖြစ် လည်းကောင်း သာသနာ့တာဝန်များကို ဆောင်ရွက်ခဲ့သည်။

**ဘဝနတ်ထံ ပျံလွန်တော်မူခြင်း** - ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော်(၈၉)နှစ် သိက္ခာတော် (၆၉)ဝါအရ ၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ ၅-၁၁-၂၀၁၅ (ကြာသပတေးနေ့)၊ ညနေ ၄ နာရီခွဲတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# နမ့်ခမ်းမြို့၌ ပွဲဆောင်းဆမ် ရိုးရာဘုရားပွဲကျင်းပ

**နမ့်ခမ်း နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့၌ မြို့နယ်ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့နှင့် ရပ်ကွက်ကျေးရွာပြည်သူများစုပေါင်း၍ နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၈ ရက်တွင်ကျင်းပလေ့ရှိသော ပွဲဆောင်းဆမ်ရိုးရာပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၄ ရက်မှ ၅ ရက်အထိ မြို့လယ်ဘုရားကျောင်းတော်ကြီးနှင့် ကျောင်းတော်အနီးရှိ ပန်ပွဲကွင်းပြင်၌ ကျင်းပခဲ့သည်။

အဆိုပါ ရိုးရာပွဲသည် နမ့်ခမ်းမြို့၏ အထူးခြားဆုံးနှင့် အစည်ကားဆုံး ဘုရားပွဲဖြစ်ပြီး နမ့်ခမ်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော် သံဃာတော်များက နိုဝင်ဘာ ၄ ရက်နံနက် ၈နာရီတွင် မြို့လယ်မဟာမုနိဘုရားကြီးအား အနေကဇာတင်လှူသည်။ ထို့နောက် အန္တရာယ်ကင်းပရိတ်တရားတော်မြတ်ကို ရွတ်ဖတ်ပူဇော်ပြီး အလှူရှင်များက အလှူငွေနှင့်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ဉာဏ်မင်း(နမ့်ခမ်း)**

# သမိုင်းဝင်ရွှေစကြာစေတီတော်ကြာသင်္ကန်းကပ်လှူပူဇော်

**သထုံ နိုဝင်ဘာ ၈**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ဝင်းပကျေးရွာအုပ်စုအတွင်းရှိ ဝင်းပ တောင်ပေါ်ရှိ ရှေးဟောင်းသမိုင်းဝင်ရွှေစကြာစေတီတော်၌ နှစ်စဉ်ကျင်းပသော ဘုရားပွဲတော်နှင့်ကြာသင်္ကန်းကပ်လှူပူဇော်ပွဲကို သီတင်းကျွတ်လပြည့်ကျော် ၈ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါပူဇော်ပွဲတွင် ဝင်းပကျေးရွာ၊ ဒညင်းကုန်းကျေးရွာ၊ ရေတွင်းဖြူကျေးရွာ၊ စောကဲစု၊ လက်ပန်ကုန်းကျေးရွာများမှ ကျေးရွာအလိုက် နဂါးရုပ်ပုံသဏ္ဌာန်ကြာသင်္ကန်းများ ပြုလုပ်ကာ လှူဖွယ်ပစ္စည်းများ၊ အတီးအမှုတ် အကအခုန်များနှင့် စီတန်းလှည့်လည်၍ ပူဇော်ခဲ့ကြကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

UNIQUE STAR TRAVELS & TOURS

ဗန်ကောက်၊ ပတ္တရား (6)D [ Dream/Safari World, Emerald Buddha, Baiyoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya]
Nov: 14, 21, 28 / Dec: 5, 12, 19, 26 / Jan: 2, 9 ($300)
ဗန်ကောက်၊ ဖူးခက် (6)D Nov:14, 28 / Dec: 24, 25 ($500)
ဖူးခက် (4)D Nov: 14, 28 / Dec: 24, 25 ($300)
ချင်းမိုင် (4)D Nov: 14, 28 / Dec: 24, 25 ($300)
ကူမင်း၊ ရှန်ဂရီလာ (8)D Nov: 14, 28 / Dec: 12, 26 ($500)

Bangkok-Pattaya-Cambodia
Nov: 14, 28 / Dec: 12, 26 ($ 500)
Bangkok-Pattaya-Ayuttaya
(6 Days/ 5 Nights) Airticket Included
Dec : 24, 25, 29, 30 ($ 550)

70/A, Kabaaye PagodaRd, 860 4964-66, 708 353, 705 723, 09 7310 9133-44-55-66.
No(126), 42th St, 83rd x 84th St, Mandalay. Ph: 099 -7200 3797, 09 - 514 8079.

မဟာတိုး ဗုဒ္ဓဂယာ-ထိုင်း-ကမ္ဘောဒီးယား-သီရိလင်္ကာ-ဘုရားဖူးအဖွဲ့

ဗုဒ္ဓဂယာ (၇) ရက် ၈.၅ သိန်း ၊ ဗုဒ္ဓဂယာ (၁၄) ရက်ခရီး ၉.၅ သိန်း Nov.11,25, Dec.9, 23 (ပိဋကပူဇော်ပွဲ)
ဘန်ကောက်- မြဘုရားဈေးဝယ် (၃) ရက်ခရီး ၃.၅ သိန်း
ကမ္ဘောဒီးယား-အန်ကောဝပ် (၃) ရက်ခရီး (လေယာဉ်ဖြင့်) ၇.၅ သိန်း
သီရိလင်္ကာစွယ်တော် အပြန်ဘန်ကောက်ဘုရားဖူးဈေးဝယ် ၁၅.၅ သိန်း
Oct 30-31, Nov 01
Nov 27,28,29
Dec 25.26.27
မိသားစု၊ အသင်းအဖွဲ့ သီးသန့် စီစဉ်ပေးပါသည်။

ရန်ကုန် -(၃၈)၊ ၉လမ်း/ ၁၀၅၊မဟာဗန္ဓုလလမ်းနှင့်လှည်းတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်။ ဖုန်း - ၂၂၇၃၂၂၊ ၀၉ ၄၉၂၉၇၁၇၆၊ ၀၉ ၇၃၂၀၅၈၉၀
မန္တလေး -၄၁၄၊ ၈၂ လမ်း၊ ၃၂×၃၃ ကြား၊ ချမ်းအေးသာစံမြို့နယ်။ ဖုန်း - ၀၉ ၉၁၀၁၉၅၃၆၊ ၀၂ ၃၄၆၇၄
မော်လမြိုင် - အမှတ် (၄၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြိုင်သာယာရပ်၊ ဖုန်း- ၀၉ ၄၉၈၀၀၂၈၆၊ ၀၉၈၇၀၄၀၈၈
မန္တလေးမှဘန်ကောက်၊ ကမ္ဘောဒီးယား သီရိလင်္ကာ တိုက်ရိုက်ပို့ပေးပါသည်။

ဓါတော်မြတ်
ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး
"ဓါတော်မြတ်" မှ ဖွဲ့ဦးထွက် ပို့ဆောင်ပေးခဲ့သော ဘုရားဖူးသူတော်ကောင်းတို့၏ မှတ်ချက်များ

ဦးသက်ဖော် + ဒေါ်တင်အေးကျော် (ရွှေပြည်သာ၊ ရန်ကုန်မြို့)
ဦးထွန်းရွှေ + ဒေါ်ခင်လှ (ဘောင်မြင်ကျေးရွာ၊ လှိုင်၊ မွန်ပြည်နယ်)
ဒေါ်သောင်းသောင်းဝင်း (မြို့ဘစ်၊ မန္တလေး)
ဒေါ်သန်းသန်းဝင်း (တောင်ပေါ်သားလက်ဖက်ခြောက်၊ မန္တလေး)

ဒုတိယခရီးစဉ် KMC ပညာရှိပ်သာအဖွဲ့ကိုပို့ဆောင်ပေးခြင်း (28 Oct to 4 Nov)
တတိယခရီးစဉ် ထွက်ခွာမည့်ရက် - နိုဝင်ဘာ (၂၅)၊ ၂၀၁၅ ပြန်လည်ရောက်ရှိမည့်ရက် - ဒီဇင်ဘာ (၂)၊ ၂၀၁၅ ခရီးစဉ်စရိတ် - (၈.၅) သိန်း
စတုတ္ထခရီးစဉ် ထွက်ခွာမည့်ရက် - ဒီဇင်ဘာ (၂၅)၊ ၂၀၁၅ ပြန်လည်ရောက်ရှိမည့်ရက် - ဇန်နဝါရီ (၁)၊ ၂၀၁၆ ခရီးစဉ်စရိတ် - (၈.၅) သိန်း
▲ ပဥ္စမခရီးစဉ်ထွက်ခွာမည့်ရက် - ဇန်နဝါရီ (၂၄)၊ ၂၀၁၆၊ ▲ ပြန်လည်ရောက်ရှိမည့်ရက် - ဖေဖော်ဝါရီ (၇)၊ ၂၀၁၆၊ ▲ ခရီးစဉ်စရိတ် -(၁၁) သိန်း
အမှတ် (၁၆၆)၊ ၃၃လမ်း၊ ၇၆ × ၇၇ လမ်းကြား၊ မန္တလေးမြို့။ ၀၉-၇၉ ၁၁၁ ၁၁ ၇၂ ~ ၆၊ ၀၉-၉၇၅ ၁၂၀ ၅၄၅

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 2G/3705 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

Tah Lee Gold
သီတင်းကျွတ်အထူးအစီအစဉ်
စိန်ရွှေရတနာဆိုင်
ရွှေဝယ်ရင်း အိမ်ရှင်မများ မိမိတို့ရဲ့ ရတနာပစ္စည်းများကို တစုတစည်းထဲ သိမ်းလို့ရတဲ့ Jewellery Box နှင့် Note Book, ထီး, T-Shirt လက်ဆောင်ပစ္စည်းများ ရယူကြပါစို့။
(၁၀)သိန်း/(၁၅)သိန်းနှင့် အထက်ဝယ်ယူသူတိုင်းကို Jewellery Box ဆိုဒ်ကြီး/ဆိုဒ်သေး ဖျော့လက်ဆောင်ပေးပါမည်။
(အခေါက်စေ့) သီတင်းကျွတ်လပြည့်နေ့နှင့် တန်ဆောင်တိုင်လပြည့်နေ့ ဆိုင်ပိတ်ပါသည်။
(29-10-2015 မှ 30-11-2015 ထိ)
ဆိုင်ဖွင့်ချိန် (9:00 မှ 6:30 အထိ)
အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆

Myanmar Book Centre
(Supplying the World's Knowledge)
New Shop Opening Sales!!
Myanmar Book Centre ၏ စတုတ္ထဆိုင်ခွဲဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် အောက်ပါအတိုင်း "ဆိုင်သစ်ဖွင့်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲ" ကို ကျင်းပမည်ဖြစ်ပါသည်။
နေ့ရက် ။ ။ ၁၄. ၁၁. ၂၀၁၅ (စနေနေ့) မှ ၂၂. ၁၁. ၂၀၁၅ (တနင်္ဂနွေနေ့) ထိ။
အချိန် ။ ။ နံနက် (၉) နာရီ မှ ညနေ (၆) နာရီအထိ။
နေရာ ။ ။ အမှတ် ၂၄၅-၂၄၇၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်။
(ရွှေပုဇွန်နှင့်မျက်နှာချင်းဆိုင်) ဖုန်း - ၀၉-၂၆၄၂၄ ၈၉၃၈၊ ၂၆၄၂၄ ၈၉၃၉
ပွဲကျင်းပစဉ်ကာလအတွင်း စာအုပ်ပေါင်း (၂၀,၀၀၀) ကျော်ကို အထူးလျှော့ဈေးဖြင့် ရောင်းချမည် ဖြစ်ပါသည်။ Member များအား 15% Discount နှင့် Non-Member များအား 10% Discount ပေးသွားမည် ဖြစ်ပါသည်။
ကျပ်(၁၀,၀၀၀)ဖိုးဝယ်ယူသူတိုင်း ကြိုက်နှစ်သက်ရာစာအုပ်(၂)အုပ် ရွေးချယ်ယူနိုင်မည့်အခွင့်အရေး

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 1I/2238 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန (ရွာသာကြီး)

တစ်မိနစ်အချိန်ပေးပြီးလိမ်းရုံဖြင့် တစ်နေကုန်လှပနေမည့် စန္ဒာ
မျက်နှာ၊ တင်းတိပ်နှင့် နေလောင်ကွက်များကိုလျှင်မြန်စွာပျောက်ပါးသွားစေပြီး အသားအရေကိုဖြူဝင်းနုပျို လှပစေမည်
Vitamin - E
Olive Oil
တို့ပါဝင်ပြီး
အရောင်(၅)မျိုးဖြင့်
ထုတ်လုပ်ထားပါသည်။
Since 1976
SANDAR CLASSIC PEARL CREAM MAKE-UP
ISO 9001-2008
Reg : 47Q14310
အမြို့မြို့ဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။



ခေတ်မီစက်သစ်ကြီးများဖြင့် ထုတ်လုပ်သော သဘာဝစစ်စစ်
စန္ဒာ မြန်မာ့ရိုးရာ သဘာဝအသားဖြူ သနပ်ခါးကို ရနံ့ (၇) မျိုးဖြင့်ထုတ်လုပ်ထားပါသည်။ မျက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်၊ နေလောင်ကွက်နှင့်အသားပပ်ခြင်းတို့ကို လျင်မြန်စွာသက်သာစေပြီး အသားရေကိုဖြူဝင်းလှပစေပါသည်။
Since 1976
မြန်မာ့ရိုးရာ သဘာဝအသားဖြူ သနပ်ခါး
ISO 9001-2008
Reg : 47Q14310
အမြို့မြို့ဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။




BIG SALE
အထူးဈေးနှုန်း
ဗီယက်ဂျက် ဖို့ အချိန်ကျရောက်ပါပြီ။
ရန်ကုန် ✈ ဟိုချီမင်းမြို့
ဗီယက်ဂျက် ဖို့
အချိန်ကျရောက်ပါပြီ။
ပရိုမိုးရှင်းအချိန် - ၁၁း၁၁
မှ ၁၃း၁၁ နာရီ ထိ
လေယာဉ်ခ 0 (*) ကျပ်မှစ၍
www.vietjetair.com
ပျော်ရွှင်ချစ်ကြည်စွာပျံသန်းကြပါစို့။
ဝိုး...... ဗီယက်ဂျက် လေကြောင်းလိုင်း အသစ် မြန်မာပြည်လာတော့မည်။လှပသော၊
အံ့ဩဖွယ်ရာအမွေအနှစ်များဖြင့်ပြည့်ဝလျက်ရှိသောတိုင်းပြည်မှ
နွေးထွေးပျူငှာသောအပြုံးနှင့်သင့်အားကြိုဆိုပါ၏။ ကမ္ဘာတွင်အကြီးမားဆုံးသောသဘာဝလိုဏ်ဂူရှိရာ
ဆွန်ဒွန်းဂူ (Son Doong),ဟာလောင်းဘေး (Ha Long Bay)သို့ မဟုတ် ဒါနန် (Da Nang),
နာထရမ် (Nha Trang),ဖူးကျို (Phu Quoc)စတဲ့ငေးမောဖွယ်ရာ ကမ်းခြေများကိုခံစားရင်း.......
နေ့လည် ၁၁း၁၀။ ဒီအချိန်ဟာ ဗီယက်ဂျက်ဖို့ အချိန်ကျရောက်ပြီလို့ ဆိုလိုခြင်းပါ။ ၁၁ နိုဝင်ဘာမှ ၁၈
နိုဝင်ဘာ ၂၀၁၅ အထိ Vietjet သည် ရန်ကုန်မြို့မှ ဟိုချီမင်းမြို့ ခရီးစဉ် နှင့် ဗီယက်နမ်ပြည်တွင်း
ခရီးစဉ်အားလုံးကို www.vietjetair.com မှ တဆင့် နေ့လည် ၁၁း၃၀ မှ ၁း၃၀ အတွင်း လေယာဉ်ခ
“၀++++” ကျပ်မှစ၍ ဝယ်ယူရရှိနိုင်ပြီ ဖြစ်ပါသည်။ လေယာဉ်ပျံသန်းမည့် အချိန်မှာ ၁၊၁၂၊၂၀၁၅ မှ
၃၀၊၄၊၂၀၁၆ အထိဖြစ်ပါသည်။
လုံခြုံစိတ်ချရပြီးခေတ်အမီဆုံးလေယာဉ်တွင်အထက်တန်းကျ
သောလေယာဉ်ထိုင်ခုံများဖြင့်စတိုင်လ်ကျကျပျံသန်းကြပါစို့။အံ့ဩ
ဖွယ်ရာဖျော်ဖြေမှုများနှင့်အတူရင်းနှီးပျူငှာသောလေယာဉ်ဝန်ထမ်းများကျွေးမွေးဧည့်ခံသည့်အရသာရှိ
သောအစားအသောက်များ
ကိုမှာယူစားသောက်နိုင်ပါသည်။
ကျွန်ုပ်တို့၏နေ့စဉ်ထူးခြားသည့်ပရိုမိုးရှင်းများအား www.vietjetair.com တွင်နေ့စဉ် ၁၁း၃၀ မှ
၁၃း၃၀နာရီ အတွင်းရယူ၍ Vietjet ဖြင့်ပျော်ရွှင်စွာပျံသန်းလိုက်ပါ။
vietjetAir.com
AVIAREPS MYANMAR
အခန်း #၀၃-၀၃၊ ၃ လွှာ၊ လပြည့်ဝန်းပလာဇာ၊ အမှတ်
၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
ဖုန်း - +၉၅ (၀၁၁) ၂၂၃၁၂၇
ဖက်(စ်) - ၉၅ ၁ ၈၆၀၄၀၅၁
Hotline နံပါတ် - ၀၉၉ ၆၀၇၀ ၄၈၁၈
ငွေပေးချေနိုင်သည့် နည်းလမ်း: Visa/ Master/AMEX/JCB
(*) လေယာဉ်ခ များတွင် လေဆိပ်အခွန် နှင့် တစ်ခြားအခွန်များ မပါ ရှိပါ ။
ဟိုချီမင်းမြို့ ✈ ကန်တို ✈ ဒါလတ် ✈ နာတရန် ✈ ဖူကျို ✈ ဘွန်မသွတ် ✈ ကွေနှံ ✈ ဒါနန်း ✈ စပ် ✈ ဗင် ✈ ဟိုက်ဖွန်း ✈ ဟန္နိုင်း ✈ ထိုင်းလန် ✈ စင်ကာပူ ✈ ထိုင်ဝမ် ✈ ကိုရီးယား ✈ ရန်ကုန်




Hot Fare has limited availability, until sold out. Hot Fare is one way Economy Starter fare (including airport taxes and fees) with 7kg carry-on baggage only. Selected travel periods and seat availability apply. Availability is limited (not available on all flights, school holidays and weekends). Conditions apply, including Jetstar's Conditions of Carriage. Jetstar Asia Airways Pte Ltd.


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးခြင်း**

ယာဉ်အမှတ် ၃ယ/၁၄၆၇၉ Jialing C 90 ယာဉ်လက်ဝယ်ရှိသူ ဦးဟောက်ခင်းခမ် ၅/ကလထ(နိုင်)၁၁၁၇၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

# VICTORIA UNIVERSITY COLLEGE

## HND အောင်မြင်ပြီးသူများအား သတင်းကောင်းပါးအပ်ခြင်း*

- BTEC HND (Level 5) ကိုမည်သည့် Centre မှ အောင်မြင်သူမဆို Merit / Distinction ဖြင့် အောင်မြင်ပါက Degree (Hons) UK Level 6 အဆင့်ကို ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ တစ်နှစ်သာသင်ယူရပါသည်။
- (၃) နှစ်သင်ယူရမည်ဆိုသည်မှာ လုံးဝ(လုံးဝ) မဟုတ်ပါ။
- BTEC HND အောင်မြင်ပြီးပါက ဆက်လက်သင်ယူနိုင်သည့် နိုင်ငံတကာတက္ကသိုလ်ပေါင်း (၁၀၇၂) ခုရှိပါသည်။ https://degreecoursefider.pearson.com တွင်လေ့လာပါ။
- ယင်းနိုင်ငံတကာတက္ကသိုလ်များသို့ တက်ရောက်လိုသူတိုင်းကို Victoria University College မှ ဝန်ဆောင်ခ မယူဘဲ ဝင်ခွင့်နှင့် ဗီဇာရရှိသည်အထိအကူအညီပေးနေပါသည်။
- Victoria University College သည် Quality Assurance Agency နှင့် University of Wolverhampton ၏ အသိအမှတ်ပြုခြင်းခံရသော တစ်ခုတည်းသော Centre ဖြစ်သဖြင့် ဗြိတိန်အစိုးရပိုင်တက္ကသိုလ်မှ ချီးမြှင့်သော BE (Hons), BA (Hons) ဘွဲ့များကို နောက်ဆုံးနှစ်အဆင့် (တစ်နှစ်သာ) ပြည်တွင်း(သို့) ပြည်ပတွင်တက်ရောက်ပြီး ဆွတ်ခူးနိုင်ပါသည်။
- University of Wolverhampton (UK) သို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်သင်ကြားသူများ နှင့် ယင်းတက္ကသိုလ် မှ Victoria University College သို့ ပူးတွဲလာရောက်သင်ကြားခြင်းကို သင်ယူသူများရရှိမည့် အခွင့်အရေးနှင့် ဘွဲ့လက်မှတ် အတူတူပင်ဖြစ်ပါသည်။
  - BEng (Hons) - Civil Engineering
    - Mechatronics Engineering
    - Electronics and Communications Engineering
  - BA (Hons) - Business Management

***တတိယအကြိမ်မြောက်အတန်းများအတွက် စတင်လက်ခံနေပါပြီ။***

အသေးစိတ်စုံစမ်းရန် - ကျောင်းသားရေးရာဌာန - အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၅၄၁၃၈၉၊ ၅၄၁၅၅၀၊ ၅၄၉၅၁၅၊ ၅၅၆၃၈၉၊ ၀၉၂၅၉၂၇၁၀၉၄။


daedong

သမဝါယမဝန်ကြီးဌာနနှင့် တောင်ကိုရီးယားနိုင်ငံ daedong ကုမ္ပဏီတို့ ပူးပေါင်း၍ မြန်မာတောင်သူလယ်သမားများအတွက် လယ်ယာသုံးစက်ပစ္စည်းများ အရစ်ကျရောင်းချမည့်အစီအစဉ်

**စက်တန်ဖိုး၏ ၁၀% ~၂၀% ကို အရင်ပေးသွင်းပြီး ကိုရီးယား daedong လယ်ယာသုံးစက်ပစ္စည်းကို ကိုယ်ပိုင်ပစ္စည်းအဖြစ် အရယူပါ။**

အရစ်ကျရောင်းချမည့်ကာလ : ၆ ~ ၇- နှစ်
ငွေပေးသွင်းရမည့်အကြိမ် : ၁၀ ~ ၁၂ ကြိမ် ၊ ၆- လ တစ်ကြိမ်




DT100NS | CK2810(28HP) | DS3510(35HP) | DS4110(41HP), DS4510(45HP) | EX50(50HP) | RX6020(60HP), RX7620(76HP) | PX9020(90HP)

**အရောင်း** (တိုင်းဒေသကြီး ၊ ပြည်နယ် သမဝါယမအသင်းများ)

စစ်ကိုင်း : 09-400 420 011
ပဲခူး : 09-428 137 492
မကွေး : 09-440 227 850, 09-792 229 940
မန္တလေး : 09-43 198 836
မွန် : 09-8 598 855
ရန်ကုန် : 09-5 021 830
ရှမ်း : 09-421 093 242
ဧရာဝတီ : 09-250 243 424
နေပြည်တော် : 09-789 730 219

**ဆားဗစ်** (ရွှေထွက်တိုး ကုမ္ပဏီ)

ဧရာဝတီ ၊ ရန်ကုန် : 09-401 629 077, 09-263 952 668
ပဲခူး ၊ မွန် : 09-977 242 139, 09-263 952 667
မန္တလေး ၊ မုံရွာ : 09-977 242 134, 09-263 952 663
နေပြည်တော် ၊ မကွေး : 09-977 242 135, 09-263 952 660
ဖုန်းခေါ် စင်တာ : 09-263 952 577, 01-684 733

**အပိုပစ္စည်းနှင့် ဆက်စပ်ပစ္စည်း** (ရွှေထွက်တိုး ကုမ္ပဏီ)

မန်နေရာ : 09-791 208 075, 09-977 242 146
ရန်ကုန် : 09-977 242 140
နေပြည်တော် : 09-970 255 455, 09-975 097 969
မန္တလေး : 09-970 067 976
စစ်ကိုင်း : 09-442 073 893, 09-264 087 146
မကွေး : 09-974 562 249

daedong KIOTI ®

# ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၀ရက် (အင်္ဂါနေ့)ဒီပါဝလီနေ့သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်သဖြင့် ၎င်းရက်တွင် ဘဏ်အားလုံးပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်မှ အမှတ်(၃၃) အကြီးစားစက်ရုံ၊ အဆင့်မြင့်မီးခံအုတ်ထုတ်လုပ်ရေးဌာန(ကျောက်ဆည်)ရှိ ပြည်ပကုန်ကြမ်း Silica Micro Powder (၄၀ ဒသမ ၂၀၇)တန်အား မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၀-၁၁-၂၀၁၅ရက် ၁၅း၃၀ နာရီဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အရည်အသွေးထိန်းသိမ်းရေးဌာန၊ ရုံးအမှတ်(၄၁) နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများ လာရောက်ဝယ်ယူနိုင်ပါသည်။ (အသေးစိတ်သိလိုပါက စုံစမ်းရန် ဖုန်း-၀၆၇-၄၀၈၃၆၀/၄၀၈၃၆၃)

**အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
# အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းရုံးချုပ်၊ မော်တော်ယာဉ်ဌာနရှိ အသုံးပြုပြီးပစ္စည်းအဟောင်းများဖြစ်သော တာယာအဟောင်း ၁၃၀၅လုံးနှင့် ဘက်ထရီအဟောင်း ၂၉၄လုံးတို့အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်လေလံများကို ကြော်ငြာပါသည့်ရက်မှစ၍ စတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်လေလံပိတ်ရက်မှာ ၃၀-၁၁-၂၀၁၅ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ရုံးအမှတ်(၂၇)တွင် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များနှင့် လေလံပုံစံအား မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ စီမံခန့်ခွဲရေးဌာန၊ ရုံးအမှတ် (၂၇) ဖုန်း-၀၆၇-၄၁၀၂၇၅၊ ၄၁၃၆၈၈တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ
## ဆေးဝါးနှင့်ဆေးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေအရ လူနာများအား ကုသပေးရန်လိုအပ်သော အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့(FDA)အသိအမှတ်ပြုဆေးဝါးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၉-၁၁-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်** - ၃၀-၁၁-၂၀၁၅ရက်၊ ၁၆း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးကော်မတီ**
**အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ**
**ပုဗ္ဗသီရိမြို့ပတ်လမ်းနှင့် ဧကရာဇ်ပန်းလမ်းထောင့်**
**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၈၄၃၀၀၉၂**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့်တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၉-၁၁-၂၀၁၅ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၂-၁၁-၂၀၁၅ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုဖြင့် မွန်ပြည်နယ် သထုံမြို့နယ်၊ အင်းရှည်ရွာအနီးတွင် အကောင်အထည်ဖော်တည်ဆောက်မည့် ကော့စတစ်ဆိုဒါစက်ရုံ(သထုံ)၌ စက်မှုအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ၂၇-၈-၂၀၁၅ ရက်နှင့် ၂၉-၈-၂၀၁၅ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာမှ ကြော်ငြာခဲ့သော စက်မှုအဆောက်အအုံ ၂၈ မျိုးအနက်မှ အောက်ပါအဆောက်အအုံ ၆ မျိုးဆောက်လုပ်ရန် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါသည်-

(က) - Secondary Brine (၁)လုံး
- Electralysis (၁)လုံး
- De-Chlorination (၁)လုံး

(ခ) Chlorine Treatment and Hypo Production (၁)လုံး

(ဂ) Hydrogen Treatment and HCL Synthesis(၁)လုံး

(ဃ) Tank Farm(Compound) (၁)လုံး

၂။ ဈေးနှုန်းတင်သွင်းလွှာများကို ပေးသွင်းရမည့်အစီအစဉ်
(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၉-၁၁-၂၀၁၅ ရက်
(ခ) **တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** - ၁-၁၂-၂၀၁၅ ရက်

၃။ Technical အောင်မြင်သည့် လုပ်ငန်းရှင်များ၏ တင်ဒါများကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊**
**ရုံးအမှတ် ၃၇၊ နေပြည်တော်၊ ဖုန်း-၀၉-၉၇၄၉၀၉၈၁၄၊ ၀၉-၃၁၇၅၄၀၆၆၊**
**၀၆၇-၄၀၈၁၂၉**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအတွက် လိုအပ်သော တာယာနှင့် ဘက်ထရီများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၁၁-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၀-၁၁-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## သန်လျင်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် လူနာများအား ကုသပေးရန် (ဓာတ်ခွဲခန်းသုံးဓာတ်ဆေးပစ္စည်းနှင့် ဓာတ်မှတ်ခန်းအတွက် လိုအပ်သောဖလင်များ)အား FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၁၁-၂၀၁၅ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၁၁-၂၀၁၅ရက် (တနင်္လာနေ့)ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ပစ္စည်းစာရင်းအသေးစိတ်ကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစစ်ဆေးရေးအဖွဲ့**
**အထွေထွေရောဂါကုဆေးရုံကြီး၊ သန်လျင်မြို့**
**ဖုန်း-၀၅၆-၂၁၅၁၁(လိုင်းခွဲ-၁၂)၊ ၀၅၆-၂၃၃၂၈(Fax)**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အထွေထွေရောဂါကုဆေးရုံကြီး၊ မိတ္ထီလာမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ အထွေထွေရောဂါကုဆေးရုံကြီး၊ မိတ္ထီလာမြို့သို့ လာရောက် ဆေးကုသမှုခံယူသော လူနာများအတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၀-၁၁-၂၀၁၅ရက်(အင်္ဂါနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၄-၁၁-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် ဆေးနှင့်ဆေးပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံးခန်း**
**အထွေထွေရောဂါကုဆေးရုံကြီး**
**မိတ္ထီလာမြို့**
**ဖုန်း-၀၆၄-၂၄၁၂၄**
**၀၆၄-၂၃၀၀၄**

## အလုပ်ကြော်ငြာ
## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)
## လူထုဗဟိုပြုစီမံကိန်း(National Community Driven Development Project-NCDDP)

ကမ္ဘာ့ဘဏ်၏ ထောက်ပံ့ငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း (နေပြည်တော်)တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးများအတွက် ပြည်တွင်းအကြံပေးပုဂ္ဂိုလ်/ဝန်ထမ်းများ ငှားရမ်းလိုပါသည်-

| | | | |
|---|---|---|---|
| (၁) | National Assistant Trainers (C.25) | ၂၄ လ | ၅ ဦး |
| (၂) | Translator/Interpreter(C.26) | ၂၄ လ | ၂ ဦး |
| (၃) | National IT Assistant(C.29) | ၁၂ လ | ၁ ဦး |
| (၄) | National gender Consultant (C.31) | ၁၂ လ | ၁ ဦး |

လျှောက်ထားလိုသူများအနေဖြင့် ကိုယ်ရေးအချက်အလက်တွင် လုပ်ငန်းအတွေ့အကြုံ အသေးစိတ်နှင့် မိမိလျှောက်ထားလိုသောရာထူးအား တိကျစွာဖော်ပြ၍ အောက်ဖော်ပြပါလိပ်စာသို့ ၂၀-၁၁-၂၀၁၅ ရက် နောက်ဆုံးထား၍ အီးမေးလ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ပေးပို့လျှောက်ထားနိုင်ပါသည်။ ရွေးချယ်ခံရသူများသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှစ၍ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်ရမည်ဖြစ်သည်။

စီမံကိန်းနှင့် လုပ်ငန်းတာဝန်အကြောင်း၊ ရာထူးတစ်ခုစီအတွက် လိုအပ်သော အရည်အချင်းများ အသေးစိတ်ပါဝင်သော (Term of Reference -TOR)ကို အောက်ဖော်ပြပါ အီးမေးလ်သို့ ဆက်သွယ်၍လည်းကောင်း၊ စီမံကိန်း၏ Website(http://www.cdd.drdmyanmar.org/procurement) တွင် ဝင်ရောက်၍လည်းကောင်း ရယူနိုင်ပါသည်။

**လိပ်မူရန်-**
**ဦးကျော်စွာအောင်(ညွှန်ကြားရေးမှူး)**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊**
**ရုံးအမှတ် ၁၄၊ နေပြည်တော်[ဖုန်း/ဖက်(စ်)-၀၆၇-၄၀၉၀၇၁]**
**Email:drdmyanmar@gmail.com**

## ရန်ကုန်တိုင်းဒေသကြီး
## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်
# ချိပ်ပိတ်တင်ဒါ (၁/၂၀၁၅)

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ စေတီရံ (၁၅)ဆူအားလုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူဒါန်းခြင်းလုပ်ငန်း လုပ်ကိုင်လိုပါ၍ အောက်ဖော်ပြပါလုပ်ငန်းများ လုပ်ကိုင်လိုသူများသည် ၂၀၁၅ခုနှစ် နိုဝင်ဘာ ၃၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီ နောက်ဆုံးထားပြီး ဂေါပကအဖွဲ့ရုံးသို့ ချိပ်ပိတ်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) ၂"×၂"ရွှက်ရေ (၁၀၀)ပါ မျက်ပါးရွှေဆိုင်း ၃၀၀၀ဆိုင်တင်သွင်းခြင်းလုပ်ငန်း
(ခ) စေတီရံများမှ ရွှေမိုက်ဟောင်းများ ချွတ်ယူခြင်းလုပ်ငန်း
(ဂ) ရွှေသင်္ကန်းကပ်ခြင်း (ရွှေချခြင်း)လုပ်ငန်း
(ဃ) ငြမ်းဆင်ခြင်းလုပ်ငန်း

အသေးစိတ်သိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၁-၂၉၂၁၆၉၊ ၀၁-၂၀၁၇၆၄**

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မျိုးမြှင့်တင်ရေးဌာနစိတ်(ပေါင်းငူ)ရှိ မျိုးရည်ခဲချောင်းထုတ်လုပ်ခြင်းဓာတ်ခွဲခန်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းကိရိယာများ ဝယ်ယူနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဌာနခွဲနှင့် ဖြည့်တင်းရေးနှင့်သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ် သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၀၁၂၀၊ ၀၆၇-၄၀၈၁၇၅၊ ၀၉-၄၄၈၀၂၂၃၅၆တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**

## Myanmar Fiber Optic Communication Network Co.,Ltd(MFOCN)

MFOCN ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် အရည်အသွေးပြည့်ဝသည့် ဆက်သွယ်ရေးအခြေခံအဆောက်အအုံများ ထောက်ပံ့ပေးသော ကုမ္ပဏီတစ်ခုဖြစ်ပြီး ဆက်သွယ်ရေးကဏ္ဍတွင် လိုအပ်သောသက်ဆိုင်ရာလိုင်စင်များလည်း ရရှိပြီးဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးအခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်စေရေးအတွက် အတွေ့အကြုံနှင့် အရည်အချင်းပြည့်ဝသော ကန်ထရိုက်တာများအား ကျွန်ုပ်တို့၏ ပရောဂျက်တွင်ပါဝင်ရန် ဖိတ်ခေါ်အပ်ပါသည်။ စိတ်ပါဝင်စားသူများသည် ဖော်ပြပါအချက်အလက်များအား တင်ပြရမည်ဖြစ်ပါသည်။ (၁) ကုမ္ပဏီအချက်အလက်များ၊ (၂)ကုမ္ပဏီ၏ဖွဲ့စည်းပုံဇယား၊ (၃)ကုမ္ပဏီ၏မှတ်ပုံတင်၊ (၄)သက်ဆိုင်ရာအတွေ့အကြုံများ(စာချုပ်စာတမ်းများ၊ ဘဏ္ဍာရေးအစီရင်ခံစာများ) ပဏာမ ရွေးချယ်ခံရသူများအား အသေးစိတ်ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ပါသည်။

**တင်ဒါပိတ်မည့်ရက်** - ၃၀-၁၁-၂၀၁၅ ရက် (တနင်္လာနေ့)
**တင်ဒါတင်သွင်းမည့်သူများသည် ဦးကျော်သူ ဖုန်း-၀၉-၇၉၉၇၉၁၃၃၀**
**Email:kyaw.thu@mfocn.com.mm ဆက်သွယ်စုံစမ်းနိုင်ပါသည်။**
**လိပ်စာ - အဆောင် ၁၂၊ ဒုတိယထပ်၊ MICT Park၊ လှိုင်မြို့နယ်၊ ရန်ကုန်**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားမရုံး၌
## ၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ် -၈၉

| | | |
|---|---|---|
| ဒေါ်လှလှထွေး | **နှင့်** | ဒေါ်ခင်လှဲ့ဝင်း |
| **တရားလို** | | **တရားပြိုင်** |

အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၆၇/က)ရပ်နေ ဒေါ်ခင်လှဲ့ဝင်း သိစေရမည်။

အထက်အမည်ပါ ဒေါ်လှလှထွေးက ဤရုံးသို့ တရားမကျင့်ထုံး ဥပဒေအမိန့်-၉၊ နည်း-၉အရ တရားလိုရုံးတော်သို့လာရောက်ရန် ပျက်ကွက်သည့်အတွက် အမှုအား ပလပ်ကြောင်း ချမှတ်ခဲ့သည့် ၂၄-၈-၂၀၁၅ရက်စွဲပါ အမိန့်အပေါ် ပယ်ဖျက်ပြီး အမှုအား ပြန်လည်ဖွင့်လှစ်ပေးပါရန် လျှောက်သည့် အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ခုနှစ် နိုဝင်ဘာ ၁၉ရက် မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်စိုး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ဥက္ကံရပ်၊ မြေကွက်/ဦးပိုင်အမှတ် ၁၃၊ ဧရိယာ ၀ ဒသမ ၂၇၈ ဧကရှိ ဒေါ်စိန်အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်သိန်းသိန်းချို၊ ဒေါ်ဝါဝါလတ် ၉/ပမန(နိုင်)၀၀၂၇၅၃၊ ၉/ပမန (နိုင်)၀၀၂၇၅၇ (ဘ)ဦးထွန်းတင်၊ ဦးခင်မောင်လတ်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်ပ-၂၀၂၆၄၊ ဧရိယာ ၀ ဒသမ ၁၂၈ဧကေ၊ မြေကွက်အမည်ပေါက် ဦးလှမြင့်သန်း ၁/မကတ(နိုင်)၀၁၃၃၄၅ ၏ အထူးကိုယ်စားလှယ် ဒေါ်ဆွေဆွေမြင့် ၉/မနမ(နိုင်)၀၉၅၉၇၅၊ npt sp no-1256/2015 မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးအေးဇော်ဝင်း-ဒေါက်တာဒေါ်ခင်စန္ဒာဝင်းတို့၏ သားထွေး

**ကိုဖွဲ့နေဝင်း**

**နှင့်**

ရန်ကုန်မြို့နေ
ဦးစိုးနိုင်-ဒေါ်လွင်လွင်ဦးတို့၏ သမီးလတ်

**မပြည့်စိုးနိုင်**

တို့သည် ၈-၁၁-၂၀၁၅ ရက်တွင် Chatrium Hotel Royal Lake Yangon, Presidential Royal Lake Suite၌ နှစ်ဖက်သောမိဘဆွေမျိုး၊ အသိသက်သေများရှေ့မှောက်တွင် တရားဝင်လက်မှတ်ရေးထိုး ထိမ်းမြားမင်္ဂလာဆောင်ပြီးဖြစ်ပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**ကိုဖွဲ့နေဝင်း-မပြည့်စိုးနိုင်**

# မင်္ဂလာလက်ထပ်ပြီးစီးကြောင်း ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ (၀-၉/၂၇)နေ
ဦးစိုင်းထွေး-ဒေါ်အေးအေးတို့၏သားကြီး
မောင်စိုးဝင်းသန့်-နန်းမိုခမ်း၊ မောင်စိုင်းစိုင်းတို့၏အစ်ကို

**မောင်စိုင်းဦး**

**နှင့်**

မန္တလေးမြို့နေ ဦးစိန်ခို-ဒေါ်မြင့်မြင့်တို့၏မြေး၊
နမ့်ခမ်းမြို့၊ နောင်စန့်ရပ်ကွက်နေ
ဦးစိုင်းကျော်မင်း-ဒေါ်နန်းဝင်းစိန်တို့၏သမီးကြီး၊
စိုင်းအောင်မင်းဦး-ဒေါ်နန်းရွှေဟန်၊ စိုင်းကျော်ကျော်ဦး-ဒေါ်နန်းမွေဟွမ်
တို့၏ ညီမ၊ နန်းစုလတ်ဖြူဦး၏ အစ်မ

**နန်းဆုမြတ်မွန်ဦး B.A (Eng)**

တို့ကို ၁၇-၁၂-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)တွင် မိဘတို့ဝတ္တရားရှိသည့်အတိုင်း ထိမ်းမြားမင်္ဂလာဆောင်နှင်းပြီးဖြစ်ပါသည်။

**နှစ်ဖက်မိဘများနှင့်**
**မောင်စိုင်းဦး-မနန်းဆုမြတ်မွန်ဦး**

## အမည်ပြောင်း

ဦးဘဏ်မင်းစိုး၏သမီး မြိတ်မြို့၊ မြင်းမိုရ်ပုဂ္ဂလိကပညာသင်ကျောင်း၊ ပထမတန်း (၁၂၀၂) မှ ကျောင်းဝင်အမှတ် MM-150047ဖြစ်သူ မယုမီစိုးအား ယနေ့မှစ၍ မလင်းလက်ချိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မလင်းလက်ချို**

## တစ်ဦးတည်းဖြစ်ကြောင်း

အောင်လံမြို့၊ ရွာထောင်ရပ်ကွက်နေ ဦးမန်းမြလှိုင်၏သား ဦးစတင်မျိုးလှိုင်သည် စိုက်ပျိုးရေးသိပ္ပံကျောင်း အောင်လက်မှတ်တွင် ဦးစတင်မျိုးလှိုင်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်တွင် ဦးတင်မျိုးလှိုင်ဖြစ်နေပါ၍ ဦးတင်မျိုးလှိုင်နှင့် ဦးစတင်မျိုးလှိုင်မှာ တစ်ဦးတည်းဖြစ်ပါသည်။

**ဦးတင်မျိုးလှိုင်**

## ဝန်ထမ်းအလိုရှိသည်

စင်တီမီတာ စက်ချုပ်ကျွမ်းကျင်နှင့် လက်ချုပ်သမား အမြန်အလိုရှိသည်။

**ဖုန်း-၀၉-၄၂၁၁၆၁၁၀၄၊**
**၀၉-၇၉၉၅၈၀၂၉၉**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ကာဘိုး၊ အင်အားမြင့်ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ တက္ကသိုလ်ဝင်တန်း(စီ)မှ မဇင်မာထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းဇော်လင်း ၅/ကဘလ(နိုင်)၁၄၇၈၁၀ ဖြစ်ပါသည်။

**ဖခင်-ဦးထွန်းဇော်လင်း**

## Kinetic Myanmar Technology Co., Ltd. မှ ဝန်ထမ်းအလိုရှိသည်

Telecom Engineer, Power Engineer, Network Engineer, Telecom Project Assistant **Male (60)posts**

BE, B-Tech, AGTI (EC, EP, Mechatronic, IT, MC)/ B.C.Tech ဦးစားပေးမည်။ အတွေ့အကြုံမရှိသူများကို Training စီစဉ်ပေးမည်။ လူကိုယ်တိုင်(သို့)E-mailဖြင့် လျှောက်ထားနိုင်ပါသည်။

